www.burmeseclassic.com

အောင်မြင်စာပေ


# ဒေဝဏ

ချစ်ဦးညို



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁)

မဟူရာရောင်နှင့် ပိန်းပိတ်အောင်မှောင်နေသည့် ညကောင်းကင်အား လျှပ်ပန်းလျှပ်နွယ်တို့က ထိုးခွဲလိုက်၍ လင်းလက်ကွဲထွက်သွား၏။ မိနစ်ဝက်ခန့်အကြာတွင် 'ဂျိန်းဒလိန်းဒိန်း' ဟူသော မိုးခြိမ်းသံကြီး ထွက်လာတော့သည်။

ထီးပါမလာသော ရှင်မိုးတစ်ယောက် ချောင်းစပ်တွင် စောင့်မျှော်နေရင်းမှ မိုးရွာလာသဖြင့် ကမ်းပါးထိပ်ရှိ လေးပေပံတဲ



www.burmeseclassic.com

www.burmeseclassic.com



လေးဆီ ပြေးသွားခဲ့သည်။ လေးလအရွယ်သမီးငယ် နံ့သာကို ရင်မှာ အပ် အနီးနှင့် မိုးမစိုအောင် ကာကွယ်ထားရသေးသည်။ တဲသို့ ရောက်မှ အမောဖြေရသည်။ မိုးခြိမ်းသံတွေ အဆက်မပြတ် မြည်ဟီး တုန်ခါနေ၍လားမသိ၊ သမီးငယ်မှာ အငိုမတိတ်. . .။

မိုးလွတ်ရာတဲငယ်အလယ်တွင်ထိုင်ရင်း သမီးငယ်ကို ချော့မြှူကာ နို့တိုက်ထားရသည်။ သားတို့ရုပ်ရည် သီတာမြည်သား ရေကြည်ချမ်းမြ တစ်ပေါက်ကျရုံမျှနှင့် မိဘတို့ဝမ်း ငြိမ်းစတမ်း ဆိုစကားအတိုင်း နို့တိုက်ရင်း သမီးကိုငုံ့ကြည့်နေရှာသော ရှင်မိုး၏ မျက်နှာမှာ ပီတိတွေ ဝေဖြာလျက်ရှိသည်။

BURMESE CLASSIC

မိုးသည်းသည်း ညမှောင်မှောင်ထဲ၌ တစ်ယောက်တည်းဖြစ်နေသော်လည်း ကြောက်ရကောင်းမှန်းမသိ၊ ရင်ခွင်ပိုက် သမီးငယ်ကြောင့် အားခွန်တွေ တိုးပွားနေပုံရ၏။ သမီးလေး နံ့သာက သူ့ပါးဖောင်းဖောင်းကြီးတွေ ချိုင့်ခွက်သွားအောင်ပင် နို့ချိုကို အားပါးတရ စို့နေရှာသည်။

သမီးငယ်ကို နှစ်သိမ့်မှုပေးပြီးနောက် လင်သားကို သတိရသွားကာ ချောင်းဘက်ဆီသို့ လှမ်းကြည့်မိသည်။ ပြိုးပြက်ဝင်းလက်လာသော လျှပ်ရောင်အောက်တွင် ချောင်းရေပြင်မှာ သက်ရှိသက်မဲ့တို့ ကင်းမဲ့လျက်ရှိ၏။ မိုးနှင့်လေကြောင့် လှိုင်းထန်နေသော ချောင်းရေပြင်က မျှော်တော်ဇောနှင့် မောနေသူ ရှင်မိုးအား လှောင်ပြောင်နေသလိုလို. . .

ရှင်မိုး၏ ခင်ပွန်းဖြစ်သူ ကိုနှင်းမောင်မှာ သူတို့နေထိုင်ရာ ထန်းစင်လှကျေးရွာနှင့် အနီးဆုံးဖြစ်သော သာပေါင်းမြို့သို့ ခါတိုင်းမြေသြဇာဝယ်ယူရန် သွားနေခြင်းဖြစ်သည်။ ဒီနေ့ကျမှ ကူးတို့



www.burmeseclassic.com

www.burmeseclassic.com



မော်တော်က ဘာကြောင့်နောက်ကျနေမှန်းမသိ၊ ရှင်မိုးမှာ သမီးကို တစ်လှည့် ချောင်းရေပြင်ဆီ တစ်လှည့်ကြည့်ရင်း သည်းထန်နေသောမိုးကြောင့် စိုးရိမ်စိတ်တို့ဖြင့်. . .

"ကြာလိုက်တာ ကိုမောင်ရယ်၊ သွားရေးလာရေးမှ အဆင်ပြေပါလေစ. . မပြောကောင်းမဆိုကောင်း မော်တော်များ တစ်ခုခု ဖြစ်နေပြီလား"

စိုးစိတ်နှင့်တွေးရင်း ပိုပြီးစိတ်လေးလာသည်။ နို့ဝသွားသော သမီးငယ် နံ့သာက ရှင်မိုးရင်ခွင်ထဲ၌ စိတ်ချလက်ချ အိပ်ပျော်သွားလေပြီ။

BURMESE CLASSIC

အောက်ပြည်အောက်ရွာ၏မိုးက စွေမိလျှင် မစဲတတ်တော့။ တစ်ခါတစ်ရံ နှစ်ရက်သုံးရက်ဆက်ကာ ရွာတတ်သည်။ အခုလည်း ညနက်သည်နှင့်အမျှ မိုးကပိုသည်းလာနေသည်။ မိုးက ရေပါသဖြင့် ချောင်းရေပြင် မြင့်တက်လာသလို ရှင်မိုးရဲ့ စိုးရိမ်ရေချိန်လည်း မြင့်တက်လို့နေ၏။

"သိပ်ညမနက်ခင် ကိုမောင် ပြန်ရောက်လာပါစေ"

လင်မျှော်နေသော ရှင်မိုး. . သူ့ဆန္ဒပြည့်ဝစေဖို့ ဘုရားစာရွတ်ရင်း ဆုတောင်းနေရှာသည်။

အလှမ်းဝေးလှသော ရွာဆီမှာလည်း တိတ်ဆိတ်ကာ မီးရောင်လည်း မှိတ်နေပြီ ဖြစ်သည်။ ဤမျှသည်းသော မိုးညတွင် ဘားရှာ ငါးရှာသူတွေပင် ထွက်မလာကြ။ ဝမ်းစာရှာမည့် သူများပင် နားနေကြသော ထိုမိုးသည်းညတွင် လှုပ်ရှားနေသူတချို့တော့ ရှိနေ၏။

ထိုသူများမှာ ထန်းစင်လှမှ အင်းလုပ်ငန်းများဖြင့် ချမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



ကြွယ်ဝနေသူတစ်ဦးနှင့် သူ့တပည့်များ. .။ သူတို့ လူမှန်းသူမှန်း မသိအောင် မူးနေပြီး မိုးထဲရေထဲ ယိမ်းထိုးယိုင်နဲ့စွာဖြင့် လျှောက်လာနေကြသည်။ ကိုယ့်ရပ်ကိုယ့်ဒေသမို့ အမှောင်ထဲမှာ ကျင့်သားရ မျက်လုံးများနှင့် ခရီးဆက် ချီတက်နေကြ၏။

ထုံထိုင်းထိုင်း အသိစိတ်နှင့် ရေချိန်ကိုက်လူတစ်သိုက် လှေဆိပ်တဲအနီးသို့ ရောက်လာသည်။ တဲအတွင်းထိုင်နေသော အမျိုးသမီးတစ်ယောက်၏ ကောက်ကြောင်းအလှကို လျှပ်ရောင်အောက်တွင် ဖြတ်ခနဲ မြင်လိုက်ရ၍ ခေါင်းဆောင်လုပ်သူက. . .

သူ့လူများအား အံသံတိတ် ဟန့်တားလိုက်ပြီး ရှေ့သို့ညွှန်ပြလိုက်သည်။ နောက်ပါတပည့်များလည်း မိုးထဲရေထဲ မျက်လုံးပြူးသွားကြသည်။ ဆန့်ကျင်ဘက်လိင်ပိုင်ရှင် အမျိုးသမီးတစ်ယောက်အား မိုးသည်းညမှာ တစ်ယောက်ထဲ တွေ့လိုက်ရ၍ အရက်ရှိန်တက်နေသူတွေ ရမ္မက်သွေးဆူလာကြသည်။ တက်ကြွပြင်းပြသော စိတ်အခံများနှင့် သူခိုးခြေလှမ်းလှမ်းကာ ရှေ့သို့တိတ်တဆိတ် ချီတက်ကြတော့သည်။ လူလုံးကွဲလောက်သော အကွာအဝေးအရောက်တွင် ခေါင်းဆောင်လုပ်သူ၏ ခြေလှမ်းများ ရပ်သွားကာ. .

“ဟင်. . ရှင်. . မိုး. . ရှင်မိုးပါလား”

ရှင်မိုးမှန်းသိသွား၍ နောက်တော်ပါးတပည့်များ တွန့်သွားကြသည်။ ရှင်မိုးဆိုတာ တစ်ခါက ထန်းစင်လှ၏ ကွမ်းတောင်ကိုင်တစ်ယောက်. .၊ သူတို့သူဌေး အသေအလဲ ပိုးပန်းခဲ့ရသူလည်းဖြစ်၏။ ခုတော့ ကလေးတစ်ယောက်အမေ ဖြစ်နေပြီ။ သို့သော်လည်း တစ်သားမွေး တစ်သွေးလှဆိုသလို အိမ်ထောင်ကျအပြီး သွေးသား အပြောင်းအလဲတွင် ပိုမိုအလှသွေးကြွယ်လာသူလေးလည်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ညကြီးမင်းကြီး . တစ်ယောက်တည်း ဘာလုပ်နေတာလည်း"

"တစ်ယောက်တည်း ဟုတ်မလားကွာ. ၊ ရင်ခွင်ထဲမှာ သူ့ကလေးနဲ့"

"ဘယ်လိုလဲ အာစရိ လွတ်သွားတဲ့ ရေဆေးငါးကြီးကို အခွင့်အရေးရတုန်း. . ."

"ဟာကွာ ငါ့ကို သူသိတယ်လေ"

"ရှုပ်ဖျက်ပြီး ကြံစည်ပေါ့. . ဆရာရယ်"

"အခွင့်အရေးဆိုတာ နှစ်ခါမရဘူးနော် အာစရိ ကလေးကို ကျွန်တော်တို့ တာဝန်ထား. . ."

မူးနေသူကို ရူးနေသူများက မြှောက်ထိုးပင့်ကော် လုပ်ကြသည်။ အသိကန်းနေသူကလည်း နှစ်ခါမတိုက်တွန်းရ. . .

သူဌေးက မျက်နှာကို လက်ကိုင်ပုဝါနှင့် မျက်လုံးသာချန်၍ အုပ်စီးလိုက်သည်။ ချက်ဆို နားခွက်က မီးတောက်သော တပည့်များကလည်း ပုဆိုးခြုံသူခြုံ တဘက်သိုင်းသူသိုင်းနှင့် ရုတ်တရက် မမှတ်မိအောင် ရှုပ်ဖျက်ကြတော့၏။

တပည့်ကျော်တစ်ယောက်က ခါးကြားထိုးလာသော ပုလင်းကိုဆွဲထုတ်၍ သူဌေးအား ဆက်သသည်။ ရဲဆေးတင်သည့်သဘောနှင့် မော့သောက်ပြီး ခေါင်းကိုမော့၍ မိုးရေကို ပါးစပ်ဖြဲခံယူကာ ပလုတ်ကျင်းလိုက်သည်။ လက်ကျန်ကို တပည့်တွေမျှဝေရင်း မိုက်ဇာတ်ခင်းဖို့ မဟာမိတ်ဖွဲ့လိုက်ကြသည်။ သူတို့အားလုံး လှေဆိပ်ဘဲပေါ် တက်သွားကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . ရှင်. . ရှင်တို့ ဘယ်သူတွေလဲ"

ရှင်မိုး၏အမေးကို အရေးလုပ်ပြီး ဖြေမည့်သူမရှိ၊ တစ်ယောက်က ရှင်မိုးရင်ခွင်ထဲမှ ကလေးကို အတင်းဝင်လုသည်။

"ဟင်. . ဘာ. . ဘာလုပ်ကြတာလဲ၊ ပေး. . ပေး. . ကလေး ပြန်ပေး"

သူငွေးဆိုသူက ရှင်မိုးအား အတင်းဖက်၍ နသားပါးရား လုပ်၏။

"နင် ဘာလုပ်တာလဲ၊ လွှတ်. . လွှတ်စမ်း မယုတ်မာနဲ့နော် လွှတ်"

"အဟင်း. . လွှတ်လိုက်ရင် ချစ်လို့ဘယ်ရတော့မလဲ"

ရုန်းကန်ဖို့ ကြိုးစားခိုက်မှာပင် သူရှုံးနိမ့်သွားပြီဖြစ်ကြောင်း သိလိုက်ရပြီး ချစ်ခင်ပွန်းအတွက် သီးသန့်သိမ်းထားတာကို မသမာသူက အဓမ္မလုယူနေသဖြင့် မျက်ရည်တို့ စီးကျလာတော့၏။

အဓမ္မကောင်၏ မျက်နှာစီးပုဝါကို ဆွဲဖြုတ်လိုက်သည်။ အချိန်ကိုက်ဆိုသလိုပင် လျှပ်ရောင်ဝင်းလက်သွား၏။

"ဟင်. . ကျော်စိုး နင်. . နင် ယုတ်မာလှချည်လား"

"ဖြောင်း. . ဖြောင်း"

လူမိသွား၍ ပေါက်ကွဲသွားသော ကျော်စိုးက ရှင်မိုးအား မညှာမတာပင် ရိုက်နှက်တော့သည်။ ဒီတစ်ခါတော့ ပြင်းထန်သည့် လက်သီးချက်ကြောင့် ရှင်မိုး လုံးဝသတိလစ်သွားလေသည်။

"အာစရိ သူ အာစရိမှန်း သိသွားပြီနော်၊ ဘယ်လိုလုပ်ကြမလဲ"

"မတတ်နိုင်တော့ဘူး အပြတ်သာရှင်းလိုက်. ."



www.burmeseclassic.com

www.burmeseclassic.com



"အပြတ်ရှင်းရမယ်"

"မင်းတို့စိတ်ကြိုက်သာလုပ်ကြကွာ. ."

ခွင့်ပြုမိန့်ရသွားသည့်နောက်လိုက်တပည့်များ ရှင်မိုးအား ဆက်လက်စော်ကားကြသည်။ ထိုစဉ် ရှင်မိုးသတိရလာကာ သူ့ကိုယ်ပေါ်မှ လူ၏မျက်နှာကို ကုတ်ဆွဲရိုက်နှက်လိုက်သည်။ အငိုက်မိသွားသူမှာ မျက်နှာကိုလက်နှင့်အုပ်ပြီး ညည်းညူအော်ဟစ်နေခိုက်. . ရှင်မိုး ခြေထောက်တစ်ဖက်ကို ရုန်းထွက်၍ ထိုသူအားဆောင့်ကန်လိုက်သည်။ ထိုသူ လွင့်ထွက်သွားကာ ဗွက်တောထဲ ပြုတ်ကျသွား၏။

ရှင်မိုး လူးလဲထကာ ကလေးငိုသံကြားရာသို့ ဦးတည်ပြေးရှာသည်။ သို့သော် လိုရာကိုမရောက် လဲကျနေသူက ဒိုင်ဗင်ထိုးခုန်အုပ်ကာ ရှင်မိုးခြေထောက်ကို လှမ်းဆွဲလိုက်သဖြင့် ဗိုင်းခနဲ ပြန်လဲသွားရသည်။

ဒေါပွနေသော သကောင့်သားက ရှင်မိုးအား အငြိုးတကြီးလက်စားချေ ရိုက်နှက်တော့သည်။ ဖြန့်ချလိုက်လျှင် ပေါင်လည်လောက်ထိရောက်သော သူမဆံပင်ရှည်ကြီးက သူ့အတွက် ကြမ္မာဆိုးကို ဆောင်ကျဉ်းလာခဲ့ပြီ။ ဦးချိုအလှကြောင့် မာန်တက်သည့် ရွှေသမင်မှာ ဦးချိုကြောင့်ပင် အသက်ဆုံးရကိန်း ဆိုက်သွားသည်။ ကာမစားပြက ရှင်မိုး၏ ဆံပင်အရှည်ကြီးကို စုစည်းဆုပ်ကိုင်ကာ လက်နက်အဖြစ် အသုံးပြုပြီး လည်ပင်းကို ရစ်ပတ်နှောင်ဖွဲ့၍ ညှစ်သတ်လေတော့၏။ ကျားငါးကောင်၏ အဓမ္မကျင့် စော်ကားခြင်းကို ခံထားရသည့် ရှင်မိုး လုံးဝမရုန်းနိုင်တော့။ ဘယ်ဘဝက ဝဋ်ကြွေးပါလာလေသည်လည်းမသိ၊ အနိုင်အထက် ပြုကျင့်ခံရသည့်အပြင် အသက်ကိုပါ ရန်ရှာနေကြပြီ။



www.burmeseclassic.com

www.burmeseclassic.com



ရှင်မိုး အသိစိတ်ထဲမှာ သမီးငယ်၏ ငိုသံကိုသာ ကြားနေရ၏။ အသက်ရှူကျပ်ဝေဒနာကို မချိမဆန့်ခံစားရင်းနှင့်ပင် သမီးမျက်နှာလေးကို မြင်ယောင်နေမိသည်။

"သမီးလေး နံ့သာရယ်၊ အမေ သမီးကို စောင့်ရှောက်မပေးနိုင်တော့ဘူး၊ အမေ တာဝန်မကျေနိုင်တော့ဘူး၊ အဲဒီအတွက် အမေ့ကို ခွင့်လွှတ်ပါ၊ ဒါပေမယ့် ရောက်လေရာဘဝကနေ သမီးကို စောင့်ရှောက်သွားမယ်ဆိုတာတော့ ယုံကြည်ပေးပါကွယ်"

သမီးကို တီးတိုးတောင်းပန် ကတိပေးရင်းနှင့်ပင် ရှင်မိုးမှာ ဝိညာဉ်တခြား လူတစ်ခြား ဖြစ်သွားလေတော့၏။

အကြောတွေ တဆတ်ဆတ်ဆွဲပြီး ငြိမ်ကျသွားတော့မှ ဆံပင်နှင့် လည်ပင်းညှစ်ထားသူလည်း အားစိုက်ထားမှုကို လျှော့လိုက်သည်။ သူ့အာစရိနှင့်အတူ အပေါင်းအသင်းတွေကတော့ ဝိုင်းကြည့်နေကြ၏။

"ဘယ်လိုလဲ သန်းစိန် သေသွားပြီလား"

"ထင်တာပဲ အာစရိ"

"သေချာစမ်းကြည့်စမ်း"

မိုးသည်းည၏ အမှောင်ထုက အသက်တစ်ချောင်း ဆုံးရှုံးတော့မှ ပြီးသွားတော့သည်။

"သေပြီ အာစရိ"

"အေး. . ဒါဆို အလောင်းကို ချောင်းထဲပစ်ချပြီး ဖျောက်ဖျက်လိုက်တော့"

နံ့သာလေးမှာ ငိုနေဆဲ၊ သူတို့ ရှင်မိုးအလောင်းကို ချောင်းထဲပစ်ချလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကလေးကိုရော ဘယ်လိုလုပ်မှာလဲ အာစရိ"

"အဲဒီတဲပေါ်မှာပဲထားခဲ့၊ မြန်မြန်လုပ် တစ်ယောက်ယောက်ရောက်လာရင် ပြဿနာတက်မယ်"

ထွန်းနိုင်က ကလေးကို တဲပေါ် အသာချလိုက်ပြီး အလျှင်အမြန်ပင် ပြေးဆင်းလာသည်။ တဲအောက်တွင် ငမိုက်သားငါးယောက်ဆုံမိသည်တွင်. .

"ကဲ. . အားလုံး ကြွေရရနေကြ၊ နှုတ်လုံဖို့ကိုတော့ သတိပေးဖို့ လိုမယ်မထင်ဘူး၊ မင်းတို့ အနေအထိုင် မတတ်တာနဲ့ မီးခိုးကြွက်လျှောက်ဖြစ်ပြီး အားလုံးဒုက္ခ ရောက်မယ်နော်"

"ဟာ. . ဒါတော့ စိတ်ချ အာစရိ"

"ကဲ. . မြန်မြန်လစ်ကြစို့ လူစုခွဲပြီး ငြိမ်ငြိမ်နေကြ ကြားလား"

"ဟုတ်ကဲ့"

ငမိုက်သားငါးကောင်၊ မိုးသည်းည၏ အမှောင်ယှုထဲ တိုးဝင်ပျောက်ကွယ်သွားကြသည်။ တဲပေါ်မှာတော့ ခလေးလေးတစ်ယောက် အော်ဟစ်ကာ မိခင်ကို တမ်းတနေရှာသည်။

ထိုစဉ်မှာပင် မြူနှင်းအစုအဝေးသဏ္ဍာန် လူပုံစံအရိပ်တစ်ခု ဝေ့ဝဲမျောလွင့်ကာ ရောက်ရှိလာသည်။ ထိုအရာမှာ ရှင်မိုး၏ ဝိညာဉ်သာဖြစ်၏။

သမီး၏ငိုသံက သူ့နှလုံးသားကို ဆုပ်နယ်နင်းချေလျက်ရှိ၏။ သမီးငယ်ကို ထိမရ တို့မရနှင့်မို့ ပို၍ ယူကြုံးမရ ဖြစ်နေလေ၏။ ထိုအချိန်တွင် ရွာဘက်အဝေးတစ်နေရာဆီမှ မီးရောင်တစ်ပွင့် တရွေ့ရွေ့ တိုးလာတာ မြင်ရသည်။ ဖားရိုက်ထွက်လာသူ တစ်ယောက်ယောက်များလား အတွေးနှင့် ဝိညာဉ်ရှင်မိုး အားတက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုမီးရောင်ဆီသို့ အာရုံစေစားလိုက်သည်နှင့် ချက်ချင်းပင် သူရောက်သွားသည်။ ထိုသူမှာ ဖားရိုက်ထွက်လာသူ မဟုတ်. . ၊ ယောက္ခမဖြစ်သူ ဘသံဒိုင်ဖြစ်နေ၍ ရှင်မိုး ပို၍ဝမ်းသာသွားသည်။

သူ ဘယ်ဘဝ ရောက်နေသလဲဆိုတာ မေ့သွားပြီး အားကိုးတကြီးနှင့် ဖြစ်ကြောင်းကုန်စင်ကို ဘသံဒိုင်အား ရှင်းပြမိသည်။ ဘသံဒိုင်ကမကြား၊ ထို့အတွက် အားမလိုအားမရ ဖြစ်လာပြီး ဘသံဒိုင် ရှေ့မှရပ်၍ တားဆီးသည်။ အံ့အားသင့်စရာကောင်းအောင်ပင် သူ့လက်များက ဘသံဒိုင်ကို ဖောက်ဝင်ကာ ကျော်ထွက်သွားသည်။

ထိုအခါမှ ရှင်မိုးလည်း သူ သက်ရှိလူသားတစ်ယောက် မဟုတ်တော့တာကို ကောင်းကောင်းသိသွားပြီး ဝမ်းပမ်းတနည်း ငိုလေ၏။ လှေဆိပ်အနီးရောက်လာသော ဘသံဒိုင်မှာ ကလေးငိုသံကို ကြားရသည်မို့ ဓာတ်မီးနှင့် နေရာအနှံ့ ရှာဖွေကြည့်သည်။

ထိုအခါမှ လှေဆိပ်တဲ ကြမ်းခင်းပေါ် နှံ့သာလေးအား တွေ့သွား၏။ ကလေးက မိုးရေတွေ စိုရွှဲပြီး ချမ်းတုန်ကာ ပြာနှမ်းနေသဖြင့် ဘသံဒိုင် ရေစိုအနီးကို ဖယ်ကာ သူ့တိုက်ပုံကိုချွတ်၍ ကလေးနွေးထွေးအောင် ပြုစုသည်။

"ရှင်မိုးလည်း မတွေ့ပါလား၊ ဒီကလေးမ လသားအရွယ်လေးကို ထားခဲ့ပြီး ထွက်သွားမယ့် အမေမျိုးမဟုတ်ဘူး၊ ဧကန္တတော့ ဒုက္ခတစ်ခုခု ကြုံနေပြီထင်တယ်. . . ရှင်မိုး. . ရှင်မိုးရေ"

ဘသံဒိုင် ဓာတ်မီးနှင့် ဝန်းကျင်အနှံ့ထိုးကာ ရှာဖွေကြည့်သည်။ သူ့ချွေးမအပါအဝင် သက်ရှိ ဘယ်သူကိုမှ မတွေ့. .

"မော်တော်လည်း မရောက်သေးဘူးထင်တယ်၊ အာလို့ ဒီ



www.burmeseclassic.com

www.burmeseclassic.com



လောက်နတောင် နောက်ကျနေရတာပါလိမ့်"

သားဖြစ်သူ နှင်းမောင် သာပေါင်းမှ ပြန်လာမည့်အချိန်ကို စောင့်ကြိုရန် ရှင်မိုးထွက်သွားတာ မှောင်ရီပျိုးစသာ ရှိသေးသည်။ ဒီလိုသွားကြိုနေကျဖြစ်၍ ဘသံဒိုင်လည်း ထွေထွေထူးထူးတွေးပြီး စိတ်မပူမိခဲ့၊ လေတွေမိုးတွေကျလာမှ ထီးယူမသွားတာ သတိရပြီး လိုက်လာခဲ့ခြင်းဖြစ်၏။ အဘိုးဖြစ်သူ၏ ရင်ခွင်ထက်မှာ နွေးထွေးမှု ရသွားသည့် နံ့သာလေးကတော့ အိပ်ပျော်သွားခဲ့ပြီ။

ထိုအချိန်ကျမှာ မော်တော်ဆိုက်လာသည်။ ထန်းစင်လှ ရွာသားသုံးယောက် မော်တော်ပေါ်မှ ဆင်းလာကြ၏။ သာပေါင်းမှပြန်လာသော နှင်းမောင် လှေဆိပ်တဲကို လှမ်းကြည့်သည်။ ဇနီးဖြစ်သူ ရှင်မိုးကိုမတွေ့ဘဲ အဖေကိုတွေ့၍ အံ့ဩသွား၏။ နှင်းမောင် အပြေးကလေး ရောက်လာပြီး. . .

"အဖေ လာစောင့်နေတာလား၊ ရှင်မိုး ဘယ်သွားလို့ ကလေးခေါ်လာရတာလဲ၊ မိုးထဲလေထဲမှာ အဖေရာ"

"အဖေ ခုမှ ထီးတွေယူပြီး လိုက်လာတာ၊ ရှင်မိုးကို မတွေ့လို့ စိတ်ပူနေတာ"

သူ့အဖေအကြောင်းစုံ ရှင်းပြတော့ နှင်းမောင် ငယ်ထိပ် မြွေပေါက်သလို ဖြစ်သွားသည်။ အတူပြန်လာကြသည့် တစ်ရွာတည်း သားနှစ်ယောက်ကိုပါ အကူအညီတောင်းကာ ရှင်မိုးအား လိုက်ရှာကြ၏။ ရေထဲမျောပါသွားသူကို ကုန်းပေါ်မှာ လိုက်ရှာနေကြ၍ ဘယ်လိုမှမတွေ့၊ နာရီဝက်လောက် ရှာပြီးတော့ လက်လျှော့လိုက်ကြသည်။ သမီးငယ်လေး နေမကောင်းဖြစ်မှာစိုး၍ အိမ်ပြန်ပို့ပြီးမှ ထပ်ခေါက်ထွက်ရှာရန် ဆုံးဖြတ်ပြီး အိမ်ပြန်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရောက်တော့ ကလေးကို အဝတ်အစားလဲကာ အနီး အသစ်နှင့် နွေးနွေးထွေးထွေး ထားသည်။ နို့ဘူးဖျော်တိုက်သည်။ ကလေးအိပ်ပျော်တော့မှ နှင်းမောင် တစ်ခေါက် ပြန်ထွက်၏။

နှင်းမောင်နားမှာ တဝဲလည်လည်ဖြစ်နေသူက ဝိညာဉ် ရှင်မိုးသာ ဖြစ်၏။ ခင်ပွန်းဖြစ်သူ စိုးရိမ်ကြီးစွာနှင့် သူ့ကိုလိုက်ရှာနေ တာကြည့်ပြီး ရင်ထဲမချိအောင် ခံစားနေရသည်။ သူ့အဖြစ်ကို ပြော ပြဖို့ အကြိမ်ကြိမ် ကြိုးစားသော်လည်း ဘဝချင်းခြားနေပြီမို့ လုံးဝ မအောင်မြင်ခဲ့. . ။ တစ်နာရီလောက် ရှာအပြီး နှင်းမောင်တို့ အုပ်စု မောသွားကြသည်။

"ကုန်းပေါ်မှာတော့ လုံးဝရှာမတွေ့ဘူး နှင်းမောင်. . ဘယ် လိုလုပ်ကြမလဲ"

"ကလေးကို ထားခဲ့ပြီး ရေထဲဆင်းစရာ အကြောင်းတော့ မရှိဘူး၊ ဒါပေမယ့် ချောင်းရိုးတစ်လျှောက်တော့ ရှာကြည့်ချင်တယ် ဗျာ"

"အခြေအနေကတော့ မသင်္ကာစရာပဲ၊ နို့စို့ ကလေးအမေ တစ်ယောက်ဟာ သူ့သဘောနဲ့သူ ကလေးကိုထားခဲ့တာ မဖြစ်နိုင် ဘူး နှင်းမောင်"

"ကလေးကို ခဏချပြီး အပေါ့အပါးသွားတုန်းများ ရေထဲ ပြုတ်ကျလေသလား"

"တို့ရွာသူ အတော်များများ ရေကူးတတ်တာပဲဟာ"

"ခုဟာက ညလေ၊ မိုးကလည်းရွာ ရေကလည်း တက်နေ တာ"

"နှင်းမောင်ပြောတာ ဖြစ်နိုင်တယ်၊ ရေစီးအတိုင်း လှေနဲ့



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး ရှာကြတာပေါ့"

ရွာလူကြီး ကိုသာဗျောက ထောက်ခံသဖြင့် သူတို့ လှေတစ်စီးနှင့် လိုက်ရှာကြပြန်သည်။ နှစ်ယောက်က လှော်ပြီး နှစ်ယောက်က လှေ၏ ဝဲယာကို ဓာတ်မီးထိုးရှာကြသည်။ ရေစီးနှင့် ခရီးပေါက်လာလေ ပြန်တွေ့ဖို့ မျှော်လင့်ချက် နည်းလာလေမို့ နှင်းမောင် ရင်တွေ ပေါက်ကွဲလုမတတ် စိုးရိမ်သောက ဖြစ်နေရှာသည်။

အောက်ဘက် ဘုရားကုန်းရွာအရောက် အားလုံးက ဝိုင်းပြောင်းဖြကြသည်။ မနက်ကျမှ ထပ်ရှာဖို့ ပြောသည်။ နှင်းမောင်သည်း အားနာလာသဖြင့် ခေါင်းညိတ်လိုက်ရ၏။ သူတို့လှေကို နောက်ကြောင်းပြန်လှည့် လှော်ခဲ့ကြသည်။ ကာယကံရှင် နှင်းမောင်စိတ်ထဲမှာတော့ ရှင်မိုးကို ရေမြေဆုံးသည်အထိ လိုက်ရှာချင်စိတ်ဖြစ်နေ၏။ အဖြစ်မှန်ကို မသိ၍လည်း သွေးရိုးသားရိုး ရေစီးနှင့် မျောပါသွားတာ ဖြစ်မည်ဟု ယုံကြည်နေသည်။

သို့သော် ကံကြမ္မာက အကျီစားသန်လှ၏။ အိမ်ကိုလည်း ရှင်မိုးပြန်ရောက်မလာကြောင်း သိရတော့ နှင်းမောင် မခံစားနိုင်တော့၊ ပုလင်းဆွဲပြီး မှောက်လဲကျသွားသည်အထိ သောက်လိုက်မိလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂)

ထန်းစင်လှရွာ၏ နံနက်ခင်းက သမရိုးကျ ဆန်လွန်းလှသည်။ အပြောင်းအလဲမရှိ ဆန်းသစ်မှုမရှိ လယ်ထဲသွားကြ အင်းထဲသွားကြ၊ ချောင်းထဲ ကွန်ပစ်ထွက်ကြနှင့် အပ်ကြောင်းထပ် မြင်ကွင်းကိုသာ မြင်တွေ့ရသည်။ သမရိုးကျ မဟုတ်တာဆို၍ အ သံဒိုင် နို့ဘူးဖျော်ကာ ကလေးထိန်းနေခြင်းသာ ပြောစရာရှိသည်။ ချွေးမက ပျောက်ချင်းမလှ ပျောက်သွား၍ နို့သာလေး၏ တ အားလုံး သူ့ပုခုံးပေါ် ရောက်ခဲ့လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



သားဖြစ်သူမှာလည်း မယားပျောက်သွား၍ စိတ်ဂယောက် ဂယက်နှင့် အမူးသောက်ကာ မှောက်နေပြီ။ ထိုစဉ်. .

"ဘသံဒိုင်. . ဘသံဒိုင်. . ဗျို့ ကိုနှင်းမောင်"

ရေးကြီးသုတ်ပြာ ခေါ်သံကြား၍ လှမ်းမျှော်ကြည့်တော့ အင်းလုပ်သား စောမြ ကိုတွေ့ရသည်။

"အေး ဘာတုန်းဟ စောမြ၊ ပျာယီးပျာယာနဲ့"

"အစ်မရှင်မိုး. . အစ်မရှင်မိုးအလောင်းကို တွေ့ပြီ"

အသံဝါကြီးနှင့် အော်နေ၍ နှင်းမောင် နိုးသွားကာ. . .

"ဘယ်မှာလဲ"

"ချောင်းစပ်မှာ အလောင်းလာတင်နေတာ"

"ဟင်. . ဘာပြောတယ်"

နှင်းမောင် အိမ်ပေါ်မှ ဝုန်းခနဲ ခုန်ချသွား၏။ ဘသံဒိုင် သည်း ကလေးတစ်ဖက်နှင့် ပြေးဆင်းခဲ့သည်။ ထန်းစင်လှအတွက် သတင်းဆန်းတစ်ရပ် ဖြစ်နေ၍ အိမ်နီးချင်းတွေလည်း ထိတ်တလန့် ပြေးထွက်လာကြ၏။ ဘသံဒိုင်က အိမ်နီးချင်း ကလေးအမေတစ် ယောက်လက်ထဲ ကလေးကိုထည့်ကာ. .

"ခဏလောက် ကြည့်ပေးထားစမ်းပါဟာ ငါ လိုက်သွားမလို့"

"ပေး. . ပေး. . အဘ"

အစအနတောင် မမြင်ရတော့သည့် သားနောက်သို့ ဘသံ ဒိုင် အပြေးလိုက်သွား၏။ လူအုံနေသော ချောင်းကမ်းပါး ရောက် တော့ ဘသံဒိုင် အမောဆို့နေပြီ။ လူအုပ်ကြားထဲ တိုးဝှေ့ဝင်ကာ အခြေအနေကို စူးစမ်းကြည့်သည်။ အဖြစ်က မြင်ရက်စရာမရှိ ဒိုက်ခြုံကြားမှာ ငြိတွယ်ကာတင်နေသော ရှင်မိုးအလောင်းကို တွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ နှင်းမောင်က ရေထဲဆင်းကာ ဇနီးသည်၏ သက်မဲ့ခန္ဓာကို ပွေ့ဖက် ငိုကြွေးနေသည်။

အနိစ္စဝရ သင်္ခါရဟု ဆိုသော်လည်း အရွယ်မတိုင်မီ သက်တမ်းကုန်သွားရှာသော ချွေးမဖြစ်သူကို ကြည့်ရင်း ဘသံဒိုင် ဖြေမဆည်နိုင်ဖြစ်နေ၏။ တဆင့်စကား တဆင့်နား သတင်းကြား၍ ရွာလူကြီးတွေ ရောက်လာကြ၏။ လူကြီးများက နှင်းမောင်အား နှစ်သိမ့်နားချကာ အလောင်းကို ဆယ်တင်စစ်ဆေးကြသည်။ အလောင်း၏ မျက်နှာနှင့် လည်ပင်းတွင် ညိုမည်းဒဏ်ရာများကို တွေ့ရ၍ ဓမ္မတာအတိုင်း သေဆုံးခြင်း မဟုတ်မှန်းသိပြီး သာပေါင်းရဲစခန်းသို့ လူတစ်ယောက်လွှတ်ကာ အကြောင်းကြားရသည်။

အလောင်းအား အိမ်သို့ သယ်ယူကာ နာရေးကိစ္စ ပြင်ဆင်ရ၏။ သို့သော် လူသတ်မှုဖြစ်နေ၍ ရဲခွင့်ပြုမှ သုဘာချခွင့်ရမည်ဖြစ်သည်။ နှင်းမောင်ကတော့ အလောင်းစင်နားမှာ တငိုငိုတရီရီနှင့် ပရိဒေဝမီး တောက်လောင်လျက်ရှိ၏။ ထိုသတင်းက ထန်းစင်လှ ထန်းကြိုကုန်းသာမက ဘုရားကုန်းစသော ရွာနီးချုပ်စပ်သို့ တောမီးပမာ ပျံ့နှံ့သွားသည်။

တစ်ရွာလုံး ထိုကိစ္စကို ပြောဆိုဆွေးနွေးနေချိန် 'အသည်းကြီး'အင်းအတွင်းမှ အင်းစောင့်တဲတွင်လည်း လူတစ်စု ရောက်နေလေပြီ။ ထိုသူတို့မှာ ညက ပြစ်မှုကျူးလွန်ခဲ့ကြသော ကျော်စိုးနှင့် အပေါင်းပါတစ်စုတို့ ဖြစ်သည်။

"အညိုအမည်း ဒဏ်ရာတွေကြောင့် လူသတ်မှုလို့ ပြောနေကြပြီ၊ သာပေါင်းရဲစခန်းကိုလည်း အကြောင်းကြားလိုက်ပြီတဲ့"

အားလုံး၏ မျက်နှာများတွင် စိုးရိမ်သောက ကြောင့်ကြမှု



www.burmeseclassic.com

www.burmeseclassic.com



တွေ စွန်းထင်းနေသည်။

"ဟော့ကောင်တွေ မင်းတို့ဒီလို မျက်စိမျက်နှာ ပျက်နေရင် ရိပ်မိပြီး အားလုံးပေါ် ကုန်တော့မှာပေါ့၊ ဣန္ဒြေရရနဲ့ ပုံမှန်အတိုင်း နေကြစမ်းပါကွာ"

ဦးဆောင်သူကျော်စိုးက ဆရာကြီးစတိုင်နှင့် ပြောဆိုနေသော်လည်း သူကိုယ်တိုင် စိုးရိမ်နေတာ သိသာလှသည်။

"နေမြဲအတိုင်း သွားမြဲအတိုင်း နေကြသွားကြ"

"ဟုတ်ကဲ့. ."

"ဒီရက်ထဲ ဘယ်သူမှ ဆိုင်မှ အရက်မသောက်ရဘူး၊ အရက်မူးရင် ကျွဲခိုးပေါ် တတ်တယ် နားလည်လား"

"နားလည်ပါတယ် အာစရိ"

"ဒါဆိုသွားကြ ကိုယ့်အလုပ်ကိုယ်လုပ်"

ကျော်စိုးစကားအဆုံးမှာ တပည့်တွေ တဲပေါ် မှဆင်းပြီး လှေအသီးသီးပေါ် တက်ကာ တာဝန်ကျရာကို ထွက်သွားကြ၏။ တပည့်တွေရှေ့မှာ ဟန်လုပ်မာန်တင်းခဲ့သမျှ ဖြေလျှော့လိုက်သည်နှင့် ကျော်စိုး ဆောက်တည်ရာမရ ဖြစ်လာသည်။ လူမိုက်တစ် ယောက်အတွက် ကြောက်စိတ်ဖြေဖို့ အကောင်းဆုံးဆေးမှာ အရက်သာဖြစ်သည်။ ထို့အတွက် ပုလင်းဆွဲကာ အရက်ကို စိမ်ပြေနပြေ သောက်နေလိုက်တော့၏။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃)

နောက်ကျိုနေသည့် ချောင်းရေအလျဉ်က တသွင်သွင် စီးဆင်းနေသည်။ နိစ္စမူဝ ဝမ်းစာရှာကြသောလူများလည်း လှေပေါ်မှကွန်ပစ် ငါးများ ပြုနေကြသည်။ ထိုအထဲတွင်. . တံငါ ဆိတ်ဖွားလည်း တစ်ယောက်အပါအဝင်ဖြစ်၏။ ဆိတ်ဖွား လှော်တက်ကိုချကာ ကွန်ကိုဝေ့ဝိုက်၍ လှမ်းပစ်လိုက်သည်။

ပြီးတော့ ရေစီးနှုန်းနှင့် ရေပွက်ထသည့် အနေအထားကို



www.burmeseclassic.com

www.burmeseclassic.com



စောင့်ကြည့် အကဲခတ်သည်။ ဒီနေ့ ရေအနေအထားကို ကြည့်ရတာ ထူးဆန်းနေ၏။ ရေပြင်မှာ ကျောက်ပေါက်မာလို ဝဲကတော့တွေ အများကြီး ဖြစ်ပေါ်နေသည်။ ဒါမျိုး သူ တစ်ခါမှမမြင်ဖူးသေး၊ တံငါသက်တမ်း ဆယ်နှစ်အတွင်း ဒီလိုမျိုး တစ်ခါဆိုတစ်ခါမှ မကြုံဖူး၍ တအံ့တဩ ဖြစ်နေ၏။ ဘယ်လိုငါးတွေများ ပြောင်းရွှေ့ကျက်စားနေ၍ ခုလိုဖြစ်ရသလဲဆိုတာ တွေးမရ ဖြစ်နေသည်။

အတန်ကြာစောင့်ကြည့်ပြီး မသင်္ကာဖြစ်လာ၍ ပိုက်ကို တဖြည်းဖြည်းပြန်ဆွဲတင်သည်။ ဘာငါးတွေ ပါလာမလဲကြည့်ရင်း ဆက်တိုက်ဆွဲယူနေ၏။ တရွေ့ရွေ့နှင့် ပိုက်က အပေါ်သို့ပါလာပြီး ပိုက်အနားသတ်အထိ ပေါ်လာသည်တွင် မည်းမည်းရှည်ရှည် အထွေးလိုက်ကြီးတစ်ခု ပိုက်နှင့်ငြိကာ ပါလာလေသည်။

"ဟင်. . ဘာကြီးလဲဟ ငါးလည်းမဟုတ်ဘူး"

ဆိတ်ဖွား ကုန်း၍ လက်နှင့်လှမ်းကိုင်ကြည့်သည်။ ထိုစဉ်မှာပင် မည်းမည်းကြီးက လှုပ်ရှားသွားကာ ပိုက်ထဲမှာပင် အပေါ်သို့ ထိုးတက်လာတော့၏။

"အောင်မလေးဗျ. . ."

ပိုက်ထဲပါလာသည်က ခေါင်းပြတ်ကြီး ဖြစ်နေ၍ ဆိတ်ဖွား လန့်ကာ လှေပေါ်မှ ရေထဲ နောက်ပြန်ပြုတ်ကျသွားလေတော့၏။ လှေပေါ်ပြန်မတက်တော့ပဲ ချောင်းတစ်ဖက်ကမ်းသို့ ကူးပြေးရင်း. .

"သရဲဗျို့. . သရဲ. . သရဲခြောက်တယ်၊ ရှင်မိုး. . ရှင်မိုး သရဲဖြစ်နေပြီ"

ဖြတ်သွားဖြတ်လာ အခြားလှေများပေါ်မှ တံငါများ၊ ခရီးသွားများလည်း မြင်လိုက်ကြရသဖြင့် ရှင်မိုး သရဲဖြစ်နေသည့် သ



www.burmeseclassic.com

www.burmeseclassic.com



တင်းက ထန်းစင်လှတစ်ရွာလုံးသို့ နေ့မဆိုင်းဘဲ ပျံ့နှံ့သွားတော့၏။

ထိုအချိန်တွင် သာပေါင်းစခန်းမှရဲများ ရောက်နေပြီး ရှင်မိုး၏ အလောင်းအား စစ်ဆေးနေချိန်ဖြစ်သည်။ မျက်နှာနှင့် လည်ပင်းမှ ပွန်းပဲ့အညိုအမည်းစွဲနေသော ဒဏ်ရာများကို ကြည့်ကာ လူသတ်မှုဟု ကောက်ချက်ချကြသည်။ မုဒိမ်းကျင့်ပြီးမှ သတ်၍ အလောင်းဖျောက်ဖျက်ထားသည့်အမှုဟု အတည်ပြုနိုင်ခဲ့ကြသည်။

အလောင်းကို ပုသိမ်ပို့၍ ရင်ခွဲစစ်ဆေးပြီး ဆရာဝန်၏ ဆေးစာယူဖို့ကိစ္စကိုတော့ အကုန်အကျနှင့် ကရိကထများလွန်းသည်မို့ မိသားစုဆန္ဒအတိုင်း ဆေးရုံမပို့တော့ဘဲ မြှုပ်နှံသင်္ဂြိုလ်ခွင့်ပေးခဲ့၏။

ဇနီးသည်၏အဖြစ်ဆိုးကို သိလိုက်ရသော နှင်းမောင် မခံစားနိုင်တော့သည့်အတွက် အရက်ကို အဖော်လုပ်ရင်း အရူးတစ်ပိုင်းဖြစ်နေရှာသည်။ ထိုအချိန်တွင် ရှင်မိုး သရဲဖြစ်နေပြီဆိုသော သတင်းရောက်လာခြင်း ဖြစ်၏။ ဝမ်းနည်းကျေကွဲမှုနှင့် နေမထိထိုင်မသာဖြစ်နေသော နှင်းမောင်မှာ ဇနီးသည် သရဲဖြစ်နေပြီဟု ထပ်မံစွပ်စွဲခံရ၍ ပေါက်ကွဲကာ သောင်းကျန်းတော့သည်။

သတင်းလာပို့သူ ရွာသားများအား လိုက်လံဆဲဆို ပွဲကြမ်းနေသဖြင့် ရပ်ရွာက နှစ်သိမ့်ထားရသည်။ ဘာသံဒိုင်လည်း အခြေအနေကို သုံးသပ်ပြီး ချက်ချင်းသင်္ဂြိုလ်ရန် ဆုံးဖြတ်လိုက်တော့၏။

တက်သုတ်ရိုက် စီစဉ်ရသော ရှင်မိုး၏ နောက်ဆုံးခရီးကို တစ်ရွာလုံး လိုက်ပို့ကြသည်။ ထိုခရီးစဉ်ကို ကျော်စိုးတို့ အုပ်စုလည်း မလုံမလဲနှင့် လိုက်ပို့ကြသည်။ တစ်ရွာတည်းသားတွေ ဖြစ်သည့်အပြင် ငယ်သူငယ်ချင်းများမို့ လိုက်မပို့ပါက သတိထားမိစရာ ဖြစ်မှာလည်း တစ်ကြောင်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မြေဖို့စဉ်မှာ နှင်းမောင်မှာ ကျင်းထဲခုန်ဆင်းမည် လုပ်နေ၍ ကာလသားတွေ မနည်းတားထားရသည်။ မြေဖို့မှတ်တိုင် စိုက်ပြီး တော့လည်း မြေပုံကိုဖက်ကာ ငိုနေသဖြင့် ဆွဲခေါ်လာခဲ့ကြရ၏။

ကံဆိုးမလေး ရှင်မိုးဘဝကတော့ ခရီးတစ်ထောက် နားသွားခဲ့ရှာပြီ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၄)

လင်းကောင်ပိုး၊ ဇီးကွက်နှင့် လင်းနို့ဌက်တို့ အော်မြည်သံနှင့် ညက သက်ဝင်ပီပြင်နေသည်။ တစ်ချက်တစ်ချက် ပေါ်ထွက်လာသည့် ဖားအော်သံကလည်း ညဂီတကို လေးနက်အောင် စည်းချက်လိုက် ပံ့ပိုးပေးနေသည်။

ထိုသို့သောညတွင် စိတ်ချလက်ချ အိပ်မပျော်နိုင်သူက ကျော်စိုးသာ ဖြစ်သည်။ အတွေးမဲ့ အိပ်ပျော်သွားအောင် အရက်တစ်ပုလင်းနီးပါး သောက်ထားသော်လည်း မူးတာကတစ်ခြား အိပ်



www.burmeseclassic.com

www.burmeseclassic.com



မရတာက တစ်ခြားဆိုသလို ဖြစ်နေ၏။ ကျော်စိုးဇနီး ရွက်ဝါက သားငယ်ကို ရင်ခွင့်လှုံပေးရင်း အိပ်ပျော်နေပြီ ဖြစ်သည်။ ရှင်မိုးသေသွားသည့် ညကစ၍ ခြေနှစ်ဖက်ဆန့်ကာ နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်ခဲ့။

ချောက်ချားသူတို့ ထုံးစံအတိုင်း လေတိုးတာလည်းကြောက်၊ တချွတ်ချွတ်မြည်သံကြားလည်းကြောက်၊ တိတ်ဆိတ်ငြိမ်သက်သွားတာလည်းကြောက်နှင့် ကြောက်လို့မဆုံး ဖြစ်နေလေ၏။ ကြိုးစားပြီး မျက်လုံးမှိတ်ထားသည့်ကြားမှ စိတ်မလုံတိုင်း မျက်နှာကျက်ကိုကြည့်လိုက် ပြတင်းပေါက်ကိုကြည့်လိုက်၊ ဘေးဘီကို လှည့်ရှာကြည့်လိုက်နှင့် ဂဏှာမငြိမ် ဖြစ်နေ၏။

ထိုအချိန်မှာပင် အခန်းထဲ၌ အသံတိတ်လှုပ်ရှားမှုတစ်ခု ဖြစ်ပေါ်လာ၏။ အိမ်ကြမ်းကြားအပေါက်မှ ဆံပင်ခြည်မျှင်တွေ တရွေ့ရွေ့တိုးဝင်လာသည်။ ကြမ်းကြားမှတစ်ဆင့် ကုတင်ထောက်ကို တွယ်တက်ကာ တဖြည်းဖြည်း ရွေ့လာနေ၏။

အိပ်မပျော်သေးသော ကျော်စိုးနှာခေါင်းထဲ အပုပ်နံ့ရသလိုလို ခံစားမိသဖြင့် စိတ်ထဲ စနောင့်စနင်း ဖြစ်လာသည်။ အိပ်ရာမှလည်း မထရဲသည့်အတွက် မျက်လုံးသာ ဝေ့ဝဲကစားပြီး အနံ့အသက်လာရာကို စူးစမ်းမှန်းဆ ကြည့်နေသည်။ ကုတင်ပေါ်တက်လာသော ဆံနွယ်တွေကလည်း အိပ်ရာခင်းအတိုင်း လျောတိုက်လို့ လာနေသည်။ ဆံပင်တွေ ကျော်စိုးနှင့်နီးလာလေ အပုပ်နံ့က ပိုပြင်းလာလေ ဖြစ်၏။

နောက်ဆုံးတော့ ဆံနွယ်တွေက ကျော်စိုး၏ လည်ပင်းပေါ် တွယ်တက်လာသည်။ ယားကျိကျိ အထိအတွေ့ကြောင့် ဒူသက်မ



www.burmeseclassic.com

www.burmeseclassic.com



ကင်းဖြစ်ပြီး စမ်းကြည့်မိ၏။ ချည်မျှင်လိုအရာတွေ စမ်းမိသဖြင့် လန့်သွားကာ ငေါက်ခနဲ ထထိုင်လိုက်သည်။ ထိုခဏမှာပင် ဆံနွယ်တွေက လည်ပင်းတစ်ခုလုံးကို ရစ်ပတ်မိသွားပြီး ဆောင့်ဆွဲလိုက်ရာ အရှိန်ပြင်းလှသဖြင့် ကျော်စိုး ကုတင်ပေါ်မှ ဝုန်းခနဲ ပြုတ်ကျသွားတော့၏။

"ဝုန်း. . "

"အ. . အ. . အား"

နာလွန်း၍ လျှာထွက်မတတ် ခံစားလိုက်ရသည်။ ဆံနွယ်များက အလိုလို ပြန်လည်လျှောဆင်းသွား၏။ ဝုန်းခနဲ အသံနှင့်အတူ အသံတွေကြားမှ ရွှက်ဝါ လန့်နိုးလာသည်။ လှည့်ကြည့်တော့ ကုတင်ပေါ်မှာ လင်သားကို မတွေ့ရတော့. . .။

လည်ပင်းကို လက်နှစ်ဖက်နှင့်ဆုပ်ကိုင်ရင်း ကုတင်ဘေး၌ ငုတ်တုတ်ထိုင်နေသော ကျော်စိုးကိုတွေ့ကာ အံ့ဩနေသည်။ ဘက်ထရီ မီးရောင်အောက်တွင် အထိတ်တလန့်ဖြစ်နေသော ကျော်စိုးအား ဆွဲထူပေးရင်း. . .

"ယောကျ်ား ဘာဖြစ်လို့လဲ"

"သရဲ. . သရဲခြောက်တယ် ရွှက်ဝါ"

"ဟင်. . မဟုတ်ကဟုတ်က "

"ကုတင်ပေါ်က ဆွဲချတာ"

ထိုစဉ်ဆံနွယ်များက ကြမ်းကြားမှတစ်ဆင် ပြန်ဆင်းသွားပြီဖြစ်၏။ အားနည်းလှသော ဘက်ထရီမီးရောင်ကြောင့် ထိုအဖြစ်ကို လင်မယားနှစ်ယောက်စလုံး မမြင်လိုက်ကြ။

"ရှင်. . မူးပြီး ကုတင်ပေါ်က ပြုတ်ကျတာနေမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com


"ဩော် ဒီမိန်းမတော့. .၊ အိပ်မပျော်သေးဘူးဟ တကယ် သရဲခြောက် ခံရတာ"

"ဒီအိမ်မှာ အဲလိုမျိုးမှ မဖြစ်ဘူးတာ"

"ဟာ. . ခုတလော လူပြောများနေတဲ့ ရှင်မိုးသရဲ ပဲဖြစ်လိမ့် မယ်"

"ဟင်. . ရှင်နဲ့ ဘယ်လိုပတ်သက်နေလို့ သူက လာခြောက် ရမှာလဲ"

စကားပြောမှားသွား၍ ရွှက်ဝါ၏ မယုံသင်္ကာ စစ်ဆေးမှုကို ခံလိုက်ရသည်။

"အင်း. . . သူငယ်ချင်းတွေဆိုတော့ လာအသိပေးတာ လည်း ဖြစ်မှာပေါ့"

အလျှောက်ကောင်း၍ ရွှက်ဝါ ထပ်ပြီးလျှောမဂျည်တော့။

"အိမ်မှာ ပရိတ်ရေလည်း မရှိဘူး၊ ကိုယ့်ဟာကိုယ် ဘုရား စာသာ ရွတ်အိပ်တော့"

ရွှက်ဝါက စိတ်မရှည်သလိုပြောရင်း ကုတင်ပေါ်ပြန် လှဲအိပ် လိုက်သည်။ ကျော်စိုး ထိတ်လန့်မှုမပြေသေးပဲ မှောင်ကြီးမဲကြီးထဲ ပြူးပြဲကြည့်ကာ လည်ပင်းလာညှစ်သူကို ရှာနေမိသည်။

ဟိုတွေးဒီတွေးတွေးရင်း ရှင်မိုးနှင့် ဝတ်သက်ခဲ့ပုံများ ပြန် တွေးနေမိသည်။ ရှင်မိုးငယ်ငယ်က မြို့သူ့ရုံအောင် အလှသွေးကြွယ် ခဲ့၏။ ရွာကကာလသား စကားဝိုင်းမှာ ရှင်မိုးအကြောင်းက မပါလျှင် မပြီးသည့် ခေါင်းစဉ်တစ်ခု ဖြစ်ခဲ့သည်။ ရှင်မိုးကို ပိုးပန်းသူတွေထဲ၌ နှင်းမောင်နှင့် ကျော်စိုးတို့လဲပါ၏။

ကျော်စိုးက အင်းသူကြီးသားပီပီ သုံးနိုင်ဖြုန်းနိုင်သူ ဖြစ်သ


www.burmeseclassic.com

www.burmeseclassic.com



လို အသောက်အစား၊ လောင်းကစား စုံအောင်လိုက်စားပြီး ရှစ်တန်းကို တဖုန်းဖုန်းကျကာ ကျောင်းထွက်ထားရသူဖြစ်သည်။ နှင်းမောင်က ယောက်ျားပီသသောရုပ်ရည်နှင့် အနေအထိုင် တည်ကြည်ပြီး ဆယ်တန်းအောင်ဖို့ ကြိုးစားနေသူဖြစ်သည်။ အဖေနှင့်အတူ လယ်လုပ်ပြီး မရှိမရှား အခြေအနေမို့ ကျော်စိုးလောက်တော့ မသုံးနိုင် မဖြုန်းနိုင်ချေ။

နှစ်ယောက်လုံးက ရှင်မိုးကိုပြိုင်ကာ ပိုးပန်းနေသူတွေဖြစ်သည်။ ထိုပွဲမှာ ကျော်စိုး အရေးနိမ့်ပြီး နှင်းမောင်က ရှင်မိုး၏ အချစ်ပန်းကို ဆင်မြန်းနိုင်ခဲ့သည်။ ကျော်စိုးအသည်း ကွဲဝင်ခတ်သလို ခံစားရပြီး ယစ်ထုပ်ကြီးတစ်ယောက် ဖြစ်ခဲ့သေးသည်။ တစ်နှစ်ခန့် အကြာ၌ နှင်းမောင်နှင့်ရှင်မိုး မင်္ဂလာဆောင်လိုက်ကြသည်။

ကျန်ရစ်ကြီးဟု တစ်ရွာလုံးက လှောင်ပြောင်တာခံရသဖြင့် ကျော်စိုးလည်း မခံချင်စိတ်နှင့် မိဘပေးစားသော ရွက်ဝါကို လက်ထပ်ပြီး တစ်အိုးတစ်အိမ် ထူထောင်ခဲ့သည်။ သို့သော် သူ့နှလုံးသားက ရှင်မိုးအတူ ပါသွားခဲ့ပြီ ဖြစ်သည်။ ရွက်ဝါနှင့် ပေါင်းနေသော်လည်း ရှင်မိုးကိုသာ တမ်းတနေခဲ့၏။ ဤသို့ဖြင့် ကာလတွေ ကြာလာပြီး ကလေးတစ်ယောက်စီ ရလာသောအချိန်ထိ ကျော်စိုးမှာ ရှင်မိုးအား မေ့မရ ဖြစ်ခဲ့သည်။

လွန်ခဲ့သော နှစ်လခန့်က ရှင်မိုးတို့ အိမ်ရှေ့ဖြတ်အလျှောက် အနှီးလှမ်းနေသော အချစ်ဦးကိုတွေ့၍ ဝင်စကားပြောမိ၏။ ကျော်စိုးက ရွက်ဝါကို မချစ်ပဲ ယူထားရပုံ ရှင်မိုးအား တစ်နေ့မှ မေ့မရပုံ၊ ရှင်မိုးသာ လက်ခံမယ်ဆိုရင် ကလေးအမေဖြစ်လည်း ကြည်ဖြူနိုင်ကြောင်း၊ တစ်နယ်တစ်ကျေးကိုသွားပြီး ဘဝသစ် ထူထောင်ရအောင် သည်



www.burmeseclassic.com

www.burmeseclassic.com


ဖြင့် ပြောလေသည်။ ရှင်မိုးက ကက်ကက်လန်ရန်တွေ့ကာ ပါးရိုက် လွှတ်လိုက်သေးသည်။ ထိုအဖြစ်ကို ကျော်စိုးက အငြိုးထားခဲ့၏။

ရှင်မိုး ဇသမှ နောင်တရခဲ့သော်လည်း အချိန်က နှောင်းခဲ့ပြီ ထိုအဖြစ်က ကာလဝိပါက် နောက်ပိုးတက်သလို သူ့ကို အမြဲခြောက် လှန့်ခဲ့၏။ အိပ်မပျော်သော ညများကို ပိုင်ဆိုင်ခဲ့ရာမှ . . ခုတော့ အခြောက်အလှန့် ညများကိုပါ ကြုံတွေ့လာရပြီ ဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၅)

သန်းစိန်တစ်ယောက် အင်းထဲသွားဖို့ ချောင်းရိုးအတိုင်း လှေလှော်လာခဲ့သည်။ သရဲခြောက်ခံရသည့် သတင်းကြားပြီးကတည်းက သန်းစိန် အလိုလိုကြောက်နေ၏။ ရှင်မိုးသေခဲ့ရသည့် ဖြစ်ရပ်တွင် အပြစ်အရှိဆုံးက သူပဲဖြစ်သည်။ သူ့လက်ချက်ဖြင့် သူမ အသက်ပျောက်ခဲ့ရခြင်းဖြစ်၏။

အထူးသဖြင့် ဒီချောင်းထဲမှာ လှေဖြင့်သွားလာရတာကို ပို



www.burmeseclassic.com

www.burmeseclassic.com



ကြောက်သည်။ များသောအားဖြင့် ရှင်မိုးက ဒီချောင်းထဲ သွားလာနေသူများကို ခြောက်လှန့်တတ်သည်။ ချောင်းရေပြင်ကို သန်းစိန်မျက်ခြေမပြတ်ကြည့်ရင်းနှင့် လှော်ခတ်လာခဲ့သည်။

ရှေ့ကိုသာ အာရုံစိုက်လှော်ခတ်နေသော သန်းစိန်၏လှေနောက်မှ ရေဂယက်တွေ ပွက်ထလာ၏။ နောက်ကျိကျိရေထဲတွင် ဆံပင်တွေ ထွက်ပေါ်လာသည်။ တဖြည်းဖြည်းနှင့် ခေါင်းတစ်ခုလုံး ထွက်ပေါ်လာကာ မျက်နှာပြာနှမ်းနှမ်း မိန်းမတစ်ယောက်. . ။

ဆံပင်တွေက လှော်ပေါ်သို့ တွယ်တတ်နေလေပြီ။ သန်းစိန်နှင့် မျက်နှာချင်းဆိုင်လှေပေါ်မှ လှော်ခတ်လာသော လူသုံးယောက်က ထိုအဖြစ်ကို လှမ်းမြင်ပြီး. . .

"ဟေ့လူ. . ဟေ့လူ. . နောက်မှာ. . နောက်မှာ. . "

ထိုလူများက သန်းစိန်အား ညွှန်ပြအော်ဟစ် သတိပေးကြသည်။ သူ လှည့်အကြည့်တွင် ဆံပင်ရှည်ကြီးများက သန်းစိန်လည်ပင်းကို ရစ်ပတ်ကာ ရေထဲဆွဲချလိုက်လေတော့သည်။

"အား. . ရှင်. . ရှင်မိုး. . မလုပ်နဲ့. . အား"

ဆံပင်များ ဆွဲခေါ်ရာသို့ သန်းစိန် တောက်လျှောက်ပါသွားလေသည်။

အခြားလှေပေါ်မှ လူများလည်း သန်းစိန်အားကယ်ဖို့ လုံးဝစိတ်မကူးရဲ၍ ကြက်သေသေကာ ငေးကြည့်နေကြသည်။ သန်းစိန်မှာတော့ ကြိုးချည်ပြီး မော်တော်နှင့်ဆွဲခံရသူလို ပေါ်ချီမြုပ်ချည်နှင့် တရွတ်တိုက် ပါသွားလေ၏။ ရေမွန်းပြီး အသက်ထွက်သွားတော့မှ ရှင်မိုး လူပ်ရှားမှု ရပ်သွားသည်။

ထိုအခါကျမှ သန်းစိန်အလောင်းကိုဆယ်ကာ ကုန်းပေါ်



www.burmeseclassic.com

www.burmeseclassic.com



တင်ရဲကြတော့သည်။ ရွာလူကြီးထံ အကြောင်းကြားရင်းနှင့်ပင် တစ်ရွာလုံး အုတ်အော်သောင်းတင်း ဖြစ်ရပြန်သည်။

ကျော်စိုးတို့အုပ်စုကတော့ သန်းစိန်ကိုလာကြည့်ရင်း သဘောပေါက်သင့်သလောက် ပေါက်နေကြပြီ ဖြစ်သည်။ ဒီတစ်ကြိမ်မှာတော့ အများ၏ပြောစကားကို နှင်းမောင် မဖယ်ရှားနိုင်တော့၊ အဘယ်ကြောင့်ဆိုသော် ညကပဲ ရှင်မိုး သူ့ကိုအိပ်မက်ပေးခဲ့သောကြောင့် ဖြစ်သည်။

ရှင်မိုးက အိပ်မက်ထဲတွင် သမီးငယ်ကို စိတ်စွဲပြီး မကျွတ်မလွတ်ဖြစ်နေကြောင်း သူ့အတွက် နေစရာထိုင်စရာ စီစဉ်ပေးဖို့အကြောင်းတွေ အိပ်မက်နှင့် အသိပေးသွား၏။ အစကတော့ သတိရလို့ အိပ်မက်မက်တာဖြစ်မည်ဟု ရိုးရိုးပဲ တွေးခဲ့၏။ အခြေအနေအားလုံးကို ဆက်စပ်တွေးကြည့်မိတော့မှ ရှင်မိုး အိပ်မက်ပေးတာမှန်း ယုံကြည်လာခဲ့သည်။ ရက်လည်ကိစ္စတွေလည်း ပြီးသွားပြီမို့ သမီးအတွက် နှင်းမောင် အချိန်ပိုပေးဖြစ်လာသည်။

"အဖေ . . ရှင်မိုးက သမီးကို စိတ်စွဲပြီး မကျွတ်မလွတ် ဖြစ်နေပုံပဲ"

"အဖေ အစောကြီးကတည်းက သိတယ်သား၊ သား စိတ်မကောင်း ဖြစ်မှာစိုးလို့"

ဘသံဒိုင်က ဗေဒင်ဆရာ ဆေးဆရာ ဖြစ်သလို အမြဲရှစ်ပါးသီလ စောင့်ထိန်းသည့်အတွက် စရဏ အားကောင်းသူ ဖြစ်သည်။ ထို့အတွက် အဖေကိုယ်တိုင်ပြောလာသော ရှင်မိုးအကြောင်းကို နှင်းမောင် ချွင်းချက်မရှိ လက်ခံလိုက်ရသည်။ ထိုစဉ်မှာပင် ရွာဦးကျောင်းဆရာတော် ကြွလာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ . . သံဒိုင်တို့ နှင်းမောင်တို့"

"ဟင် . . . ဆရာတော်ပါလား၊ ကြွပါဘုရား . . ကြွပါ"

အကြောင်းမရှိဘဲ ကြွမလာတတ်သော ဆရာတော်အကြောင်း သိထား၍ ဘသံဒိုင်နှင့် နှင်းမောင်တို့ ပျာပျာသလဲ နေရာပေးကြ၏။

"ဘုန်းကြီးလာရတာက ဒကာမကြီးရှင်မိုး ဘုန်းကြီးဆီလာပြီး နေစရာတောင်းနေတယ် ဒကာကြီး"

ဆရာတော် မိန့်ကြားသံကြောင့် နှင်းမောင် ဆောက်တည်ရာမရ ဖြစ်သွား၏။ နေရာထိုင်ခင်းစီစဉ်ပေးလျှင် အခြောက်အလှန့်မလုပ်ဖို့လိုကြောင်း ဘုန်းကြီးမိန့်၏။ ဆရာတော်၊ ဘသံဒိုင်နှင့် နှင်းမောင်တို့ညှိနှိုင်းပြီး နေရာသတ်မှတ်ကာ ရှင်မိုးအတွက် ကွန်းတစ်ခု ဆောက်လုပ်ပေးရန် သဘောတူခဲ့ကြ၏။

နှင်းမောင် ချက်ချင်းပင် သစ်ဝါးစုဆောင်းကာ နတ်စင်ပုံစံကွန်းတစ်ခု ဆောက်တော့သည်။ စင်ရှေ့တွင် သောက်ရေနှင့် စားစရာတင်ရန် ဗျက်ကျယ်နေရာလေးတစ်ခု ဖန်တီးပေးထား၏။ စင်တွင်ထားရန် ရှင်မိုး၏ ဓာတ်ပုံကိုလည်း ဘောင်သွင်းပြီး အဆင်သင့်လုပ်ထားသည်။

နောက်တစ်နေ့ ဆရာတော်ရောက်လာချိန်၌ နှင်းမောင်က စင်ကိုထမ်း၊ ဘသံဒိုင်က နံ့သာလေးကိုချီကာ ချောင်းကမ်းပါးဆီဦးတည်လျှောက်လာခဲ့ကြ၏။ လှေဆိပ်တဲမရောက်မီ ညောင်ကျပ်ပင်ကြီးအောက်တွင် စင်ကို အခိုင်အခန့် နေရာချသည်။ ဆရာတော်က မေတ္တာသုတ်ရွတ်ပြီး အမျှဝေပေးသည်။ ဒီနေရာမှာ နေမည်ဆိုလျှင် ရွာသူရွာသားတို့ ကြောက်လန့်အောင် ခြောက်လှန့်မှုတွေ မလုပ်ရဟု



www.burmeseclassic.com

www.burmeseclassic.com



စည်းချထားမြစ်သည်။ ရှင်မိုးက သူ့ခါတ်ပုံကို လှုပ်ပြကာ ကတိပြု၏။

ထိုနေ့ကစပြီး ချောင်းရိုးတစ်လျှောက် ရှင်မိုး ခြောက်လှန့်တာတွေ မလုပ်တော့၊ ထိုရွာကို အလည်ရောက်လာသူများက နတ်စင်လည်းမဟုတ်ဘဲ ဓာတ်ပုံတင်ကာ ပန်းရေချမ်း စားစရာတို့ ပသထားသည့်အဖြစ်ကို အထူးအဆန်းဖြစ်ကာ လေ့လာစူးစမ်းကြသည်။ အကယ်၍များ ညနေစောင်း ငါးနာရီလျှောက် ထိုကွန်းအနီး သင်သွားရောက်ခဲ့လျှင် သောက်ရေနှင့် စားစရာ အသစ်လဲလှယ်ပေးပြီး မယ်ဒလင်တစ်လက်နှင့် သီချင်းဆိုကာ တမလွန်မှဇနီးသည်ကို ဖျော်ဖြေနေသည့် ဦးနှင်းမောင်အား တွေ့ရမည်မှာ အသေအချာပင် ဖြစ်ပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၆)

အခါ ချိန်ဆိုတာ အကုန်မြန်သလိုပါပဲ. . ။ နှံ့သာလေးပင် အပျိုအရွယ်သို့ ရောက်လာလေပြီ။ အမေ့နတ်ကွန်း၌ သောက်ရေနှင့် မုန့်ထုပ်လေးကပ်ကာ သန့်ရှင်းရေး လုပ်ပေးနေသည်။ မှုန်ဝါးမှေးမှိန်နေပြီဖြစ်သော အမေ့ဓာတ်ပုံကို တစ်သျှူးနှင့်သုတ်နေသည်။ အမေ ငယ်စဉ်က ချောမောလှပခဲ့တာကို နှံ့သာ မြင်တွေ့နေရသေးသည်။

"အမေရယ် သမီးအခါမလည်ခင်မှာ အမေဆုံးသွားပေမယ့် အမေ့ရဲ့ ကိုယ်သင်းနံ့ကို သမီးမှတ်မိနေပါသေးတယ်၊ သံသရာမှာ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ဆုံကြရင် သားအမိအဖြစ်နဲ့ပဲ ဆုံပါရစေနော်”

နှံ့သာက ရှင်မိုးဓါတ်ပုံကိုကြည့်ရင်း အလွမ်းပြေ စကားပြော နေရှာသည်။ ဒါကိုကြည့်ရင်း ကြည်နူးကျေနပ်နေသည်က ဝိညာဉ် ရှင်မိုးသာ ဖြစ်၏။ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းမှာ ဆရာမ ဖြစ်နေပြီဖြစ်သော သမီးငယ်အလာကို ရှင်မိုးနေ့တိုင်း မျှော်နေဆဲ သာဖြစ်သည်။ အဖြူအစိမ်း ယူနီဖောင်းပင် မလဲဘဲ အပြေးရောက် လာတတ်သော သမီးကို ကြည့်မဝအောင် ဖြစ်နေ၏။

“သမီးက အဖေ့လိုတော့ မယ်ဒလင် မတီးတတ်ဘူး မေမေ ရယ်၊ ဒါကြောင့် သီချင်းဆိုမပြတော့ဘူးနော်”

တီတီတာတာပြောနေပုံကိုက ချစ်စရာ ကောင်းလွန်းနေသ ဖြင့် ပွေ့ဖက်ချော့မြူချင်စိတ်ကို ရှင်မိုး မနည်းအောင့်အည်း ချုပ်ထိန်း နေရ၏။ ဘဝခြားနေပြီမို့ သူ မဆင်မခြင် လုပ်လိုက်လျှင် သမီးလေး ကြောက်လန့်သွားမှာ စိုးသည်။ ကြောက်ပြီး ဒီကို မလာတော့လျှင် သူလည်း ဒီလိုကြည်နူးခွင့်ရမှာ မဟုတ်တော့၊ ထို့အတွက် သမီးနှင့် လက်တကမ်းအကွာမှ စောင့်ကြည့်ရင်းနှင့်ပင် ကျေနပ်နေရ၏။

သမီးက ကွန်းရှေ့မှာ တစ်နာရီနီးပါးနေပြီး မှောင်စပျိုးကျမှ ပြန်သွားသည်။ ပြန်သွားလို့ ဝါးတစ်ရိုက်အကွာကို မရောက်သေး ခင်မှာပင် မိုးက ဝေါခနဲ ရွာချတော့သည်။ နှံ့သာ ထီးပါမလာ၍ ခေါင်းပေါ် လက်ဝါးအုပ်ပြီး အပြေးခရီးဆက်သည်။ မိုးက ပိုသည်း လာ၏။ နှံ့သာ တစ်ကိုယ်လုံး ရွှဲရွှဲစိုတော့မည်။

မိုးဒဏ်မှသက်သာအောင် အလေ့ကျပေါက်နေသည့် ပိန်း ရွက်ကို အကိုင်းပါအောင်ချိုးကာ ထီးလုပ်၍ ဆောင်းလိုက်သည်။ ဘာမှမပါတာနှင့်စာလျှင်တော့ မိုးဒဏ် အတော်သက်သာသွား၏။



www.burmeseclassic.com

www.burmeseclassic.com



ပိန်းရွက်ထီးဆောင်းရင်း ရွာဘက်ပြန်ပြေးလာသည့် နံ့သာလေး ရွာထိပ်အရောက်မှာ ခြေလှမ်းတန့်သွားသည်။ ထီးကိုယ်စီနှင့် ဝင်းနိုင်တို့အုပ်စုကို တွေ့လိုက်ရ၍ ဖြစ်သည်။ သူတို့လေးယောက်က လမ်းပိတ်ပြီး ရပ်နေကြခြင်းဖြစ်၏။ ဝင်းနိုင်က အုပ်စုထဲမှ ရှေ့သို့တိုးထွက်လာကာ. .

"နံ့သာ ထီးမပါဘူးလား၊ ကိုယ်လိုက်ပို့ပေးမယ်လေ"

"မလိုပါဘူး ရတယ်"

"ကိုယ့်အတွက်တော့ လိုတယ်နံ့သာ၊ ကိုယ်ချစ်ရတဲ့သူတစ်ယောက် မိုးရေထဲ ထီးမပါပဲ သွားနေတာ မကြည့်ရက်ဘူး"

"အဲဒါ ရှင့်အပူ မဟုတ်ဘူး"

ဝင်းနိုင်က ဒီလိုပဲ ကြုံလျှင်ကြုံသလို နံ့သာအား ထိကပါး ရိကပါးပြောကာ ချစ်ရေးဆိုလေ့ရှိသည်။ အဖေက အင်းသူကြီး. .၊ သားက ကဏန်းပျော့မွေး၊ ငါးရှဉ့်မွေးနှင့် ရွာမှာ အချမ်းသာဆုံးစာရင်းဝင်သော်လည်း ငွေဂုဏ်မောက်လွန်း၍ နံ့သာက ကြည့်မရ၊ ထို့အတွက် ဝင်းနိုင်ကိုရှောင်ပြီး ရွာထဲဝင်ဖို့ ဟန်ပြင်သည်။ ဝင်းနိုင်က အတင်းဝင်ကပ်ပြီး ထီးမိုးပေး၏။

"နံ့သာသာ ခေါင်းညိတ်လိုက်၊ ပုသိမ်က ဟိုတယ်မှာ မင်္ဂလာဆောင်ကြမယ်၊ တိုက်တစ်လုံး မော်တော်တစ်စီး တင်တောင်းမယ်လေ"

"ဝေးသေး"

"လုပ်ပါ နံ့သာရယ်၊ ကိုယ် မင်းကိုချစ်လွန်းလို့ပါ"

"ကျွန်မ ရှင့်ကို စိတ်မဝင်စားဘူး"

အပြတ်ငြင်းဆိုရင်း နံ့သာ တိုးထွက်လိုက်သည့် သူလို



www.burmeseclassic.com

www.burmeseclassic.com



သူဌေးသားတစ်ယောက်ကို မတူမတန်သလို ဆက်ဆံခံရ၍ ဝင်းနိုင် တင်းသွားသည်။ လက်ရဲဇက်ရဲနှင့် နံ့သာ၏လက်မောင်းကို လှမ်းချုပ် ဆုပ်ကိုင်လိုက်သည်။

"ဟဲ့. . နင်ဘာလုပ်တာလဲ မိုက်ရိုင်းလိုက်လား"

"ကိုယ်က ချစ်တယ်ဆိုရင် မင်း ဝမ်းသာသင့်တယ် နံ့သာ"

"လုံးဝပဲ. . . နင် တခြားသူကိုသွားပြော ငါကတော့ ဝမ်းမ သာဘူး၊ ခုချက်ချင်း ငါ့လက်ကို လွှတ်နော်"

"မလွှတ်နိုင်ဘူး၊ နံ့သာ အဖြေပေးမှ လွှတ်မှာ"

"အဖြေ. . ဟုတ်လား. . ၊ ကဲ. . ရော့. . "

"ဖြန်း. . . "

နံ့သာက ဝင်းနိုင်ကို ပါးရိုက်ပြီး ပြေးထွက်သွား၏။ ဝင်းနိုင် ဒေါသူပြီး ပြေးလိုက်ကာ လှမ်းဆွဲသည်။ ရည်မှန်းချက်မရောက်ဘဲ ဝင်းနိုင် ဗိုင်းခနဲ ချော်လဲသွားသည်။ သမီးနောက်ကို လိုက်လာသည့် ရှင်မိုးက သူ့ဆံပင်များနှင့် ဝင်းနိုင်ခြေထောက်ကို ရစ်ပတ်တုတ်နှောင် ကာ ဆွဲထားလိုက်ခြင်း ဖြစ်သည်။ ဒါကို ဘယ်သူမှ မမြင်ရသဖြင့် မိုးရေနှင့်ချော်ပြီး ချော်လဲတာဟုသာ ထင်နေကြသည်။

ဝင်းနိုင် အပေါင်းအသင်းတွေက ခွက်ထိုးခွက်လန် ဝိုင်းဟား ကြသည်။ ရှက်ရှက်နှင့် ကုန်းထလာကာ. . .

"မင်းကို သူ့ကျောင်းကတပည့်ထင်နေလားမှမသိတာ၊ ရိုက် လိုက်တာများ ဖြောင်းခနဲပဲ၊ လက်သံက ပြောင်သလားမမေးနဲ့"

"မင်း. . နံ့သာနဲ့ကျမှ ခံနေရတယ်၊ သိက္ခာကျလိုက်တာကွာ မြွေပွေးပိုးထိတယ်ဆိုတာ ဒါမျိုး"

"ဟော့ကောင်တွေ မင်းတို့စောင့်ကြည့်လိုက် နံ့သာဟာ ငါ့



www.burmeseclassic.com

www.burmeseclassic.com



မိန်းမလုပ်ဖို့ လူဖြစ်လာတာ"

ရှက်ဒေါသပေါက်ကွဲပြီး ဝင်းနိုင်တစ်ယောက်တည်း ဆက်လျှောက်သွားသည်။ မိုးက ပိုလို့သည်းလာ၏။ သမီးလည်း အိမ်ပြန်သွားပြီမို့ ဝင်းနိုင်တို့အုပ်စုအား ဘာမှမလုပ်ဘဲ လွှတ်ပေးထားလိုက်သည်။ ဘမျိုးဘိုးတူ ဒီသားအဖတွေကို . . သူမ နံ့သာနားမှာရှိနေကြောင်း အသိပေးရမည်ဟု ရှင်မိုး ဆုံးဖြတ်လိုက်၏။

ဝင်းနိုင် ဒေါသအရှိန် မပြေသေးဘဲ အိမ်ပြန်ရောက်လာ၏။ ဦးကျော်စိုးနှင့် ဒေါ်ရွှက်ဝါတို့ ထမင်းစားနေကြသည်။ ရှုံးရှုံးရှဲရှဲနှင့် ထမင်းဝိုင်းဝင်ထိုင်သည်။

"သား . . ထမင်းစားတော့မလား"

"ထမင်းထက် အရေးကြီးတာတွေ ရှိနေတယ် အမေ"

"အောင်မာ . . မင်းက ကြီးကြီးကျယ်ကျယ်နဲ့ ပြောစမ်းပါဦး၊ ဘာတွေ အရေးကြီးနေလို့လဲ အဖေ့ကို"

အဖေနှင့်အမေ အမေးကြောင့် ဝင်းနိုင် လူရာဝင်သွားသလို ခံစားရကာ ကိုယ်နေဟန်ထားကိုပြင်ရင်း . . .

"အဖေတို့ သားကို မိန်းမလိုက်တောင်းပေးတော့"

စကားကြောင့် ကျော်စိုးနှင့် ရွှက်ဝါတို့ တအံ့တသြ ဖြစ်သွားကြသည်။ သားကို အထင်ကြီးသွားပြီး . . .

"ပြောစမ်း ငါ့သား၊ ဘယ်သူ့သမီးကို လိုက်တောင်းပေးရမှာလဲ"

"ဦးနှင်းမောင်ရဲ့သမီး နံ့သာ"

"ဟေ . ."

ကျော်စိုး အံ့သြသွားသလို ရွှက်ဝါလည်း မျက်လုံးပေကလပ်



www.burmeseclassic.com

www.burmeseclassic.com



ပေကလပ် ဖြစ်သွားသည်။ သချာအောင် အသေးစိတ် ဆက်မေး၏။

"သားနဲ့ နံ့သာက အဆင်ပြေနေပြီလား"

"ဟင့်အင်း. ."

"ဟော. . မင်းတို့ချင်း အဆင်ပြေမှ အဖေလိုက်တောင်းပေးလို့ ရမှာလေ"

"လူငယ်ချင်း အဆင်မပြေလို့ လူကြီးတွေကို အပူကပ်တာ ပေါ့. . အဖေရာ"

"ဟာကွာ. .၊ မင်း ဒီလောက်ညံ့ရလား"

သားအဖတွေ စကားဝိုင်းက အဆင်မပြေတော့သဖြင့် ရွက်ဝါ ကြားဝင်ရ၏။

"သား ကိုနှင်းမောင်နဲ့ သားအဖေက ရည်းစားလုဘက်တွေ၊ သိပ်အဆင်ပြေတာမဟုတ်ဘူး. .၊ နံ့သာရဲ့အချစ်ကို မရဘဲနဲ့ သွားတောင်းလို့တော့ အလကားပဲ၊ သူ့သမီး သားဘက်ကပါနေမှ အမေတို့ ပြောရဆိုရတာ ကောင်းမှာပေါ့"

"နံ့သာက အနားတောင် အကပ်မခံပါဘူး ဆိုနေမှဗျာ"

ဝင်းနိုင်က ကလေးဆိုးတစ်ယောက်လို နှုတ်ခမ်းစူပြီး ပြောသည်။

"မင်း ယောကျ်ားမဟုတ်ဘူးလား၊ မိန်းကလေး တစ်ယောက်ဆီက အချစ်ကိုရဖို့ဆိုတာ ယောကျ်ားတစ်ယောက်ရဲ့အလုပ်ကွ၊ မင်း ဘာနည်းပဲသုံးသုံး နံ့သာရဲ့အချစ်ကို ရအောင်လုပ်ခဲ့၊ ဖြစ်လာတဲ့ ပြဿနာ ငါကြည့်ရှင်းမယ်"

"တကယ်နော်အဖေ"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပေါ့ကွ"

နောက်က မားမားရပ်ပေးမည့် အဖေရှိနေသည်ဆို၍ ဝင်းနိုင် ကျေနပ်သွားသည်။ ခုမှ စိတ်အေးသွားဟန်နှင့် ထမင်းစားဖို့ ပြင်တော့၏။ သားအဖတွေ ထမင်းဝိုင်းသိမ်း၊ စကားဝိုင်းသိမ်းတော့ ညရှစ်နာရီလောက်ရှိပြီ၊ ထန်းစင်လှရွာနေ လူနေအိမ်ခြေ အများစု တတော့ မီးပိတ် နှုတ်ဆိတ် အိပ်စက်နေကြပြီ ဖြစ်သည်။

မီးစက်သံတွေလည်း တိတ်သွားပြီ၊ တချို့ကတော့ ဘက္ကထရီ အင်ဗာတာမီးတွေနှင့် တီဗီကြည့်နေဆဲ. . .။

ကျော်စိုး ဒီညမှ ထူးထူးခြားခြား ရှင်မိုးကို သတိရနေ၏။ ဒါကလည်း သူ့သားက ရှင်မိုးသမီး နှံ့သာကို လိုက်တောင်းပေးဖို့ ပြောသည့်စကားကြောင့်ပဲ ဖြစ်မည်။

ရှင်မိုး အလှထူးသလောက် သူ့သမီး နှံ့သာကလည်း အမေ့အမွေကို အပြည့်အဝရထားသူ လှလွန်းပိုလေးဖြစ်၍ သားဖြစ်သူ တန်းတန်းစွဲ ဖြစ်နေတာလည်း မဆန်းလှ။ အဖေလက်ထက်က ရှုံးပွဲကြုံခဲ့၍ သားကို အနိုင်ရစေချင်သည်။ ကျော်စိုး အတွေးနယ်ချဲ့နေစဉ် ရွက်ဝါထံမှ ဟောက်သံထွက်လာ၏။ အနေရိုး အတွေးရိုးသူတွေ လွယ်တကူ အိပ်ပျော်နိုင်သော်လည်း အတွေးဆန်းသူ ကျော်စိုး အိပ်မပျော်နိုင် ဖြစ်နေသည်။ ထိုအချိန်တွင် ဝုန်းခနဲ အသံနှင့်အတူ ပြတင်းပေါက်ပွင့်သွားကာ လေကြမ်းတိုက်ခတ်လာ၏။

ကျော်စိုး မျက်လုံးဖွင့်ကြည့်သည်။ ထိုအခိုက်မှာပင် မျက်နှာကျက်ဆီမှ တစ်စုံတစ်ရာ တအိအိ ပြုတ်ကျလာတာကို သတိပြုမိ၏။ ဘာများလဲသိရအောင် သေချာအာရုံစိုက်ကြည့်လိုက်တော့ ဆံပင်ရှည်ဖားလျားနှင့် ရှင်မိုးဖြစ်နေမှန်းသိကာ ကြောက်လွန်းသဖြင့် ကျော်



www.burmeseclassic.com

www.burmeseclassic.com



စိုးမှာ အသံထွက်အောင်ပင် မအော်ရဲတော့. .

ရှင်မိုးက ကျော်စိုးနှင့် မျက်နှာချင်းဆိုင် မှောက်လျက်အနေအထားဖြင့် တဖြည်းဖြည်း နိမ့်ဆင်းလာနေသည်။ သူ့အဝတ်အစားနှင့် ဆံနွယ်များက တွဲလောင်းကျလျက်. . ။ ထိုအရာများက ကျော်စိုးအား အရင်ဆုံး ထိတွေ့လာသည်။ ကျော်စိုး အသည်းတွေယားသွားပြီး ရွံရှာကာ အော့အန်ချင်သလိုပင် ဖြစ်လာ၏။ ရေတွင် အချိန်ကြာနေခဲ့ရသည့်အတွက် ရှင်မိုး၏အသားအရည်က ပြာနှမ်းပြီး ကွဲထွက်ကာ ပတ်ကြားအက်လျက်ရှိသည်။

ရှင်မိုး တဖြည်းဖြည်းနိမ့်ဆင်းလာသည်မှာ ကျော်စိုးအထက် တစ်ပေခွဲခန့်အကွာအထိ ရောက်လာ၏။ သူ့ဆံနွယ်များက ကျော်စိုးမျက်နှာကို သံကွန်ချာနှင့် အုပ်ထားသလို ဖြစ်နေသည်။ အဆုံးစွန်အထိ ကြောက်လန့်နေပြီဖြစ်သည့် ကျော်စိုး အားတင်းပြီး အသံထွက်အောင် အော်ဟစ်အကူအညီ တောင်းလိုက်၏။

"သရဲ. . သရဲ. . အား. . အောင်မလေး"

အသံနက်ကြီးဖြင့် အော်လိုက်ချိန်တွင် ကျော်စိုးနှင့် ရှင်မိုးတို့ မျက်နှာနှစ်ခု ထိစပ်ဖို့ တစ်ထွာလောက်သာ လိုတော့၏။ အနားကပ်ပြီး အော်လိုက်သလိုဖြစ်နေ၍ ရွက်ဝါ လန့်နိုးသွားသည်။ ဘေးသို့လှည့်အကြည့်တွင် သူ့ယောက်ျားပေါ်မှာ မိန်းမတစ်ယောက် ထပ်လျက်ရှိနေတာကို တွေ့ရသဖြင့်. .

"အမလေး. . ."

ထိုအချိန်တွင် ရှင်မိုးက ဖြတ်ခနဲ ပျောက်ကွယ်သွားသည်။

"ဟင်. . ဘယ်. . ဘယ်ရောက်သွားတာလဲ၊ စောစောက ကောင်မ"



www.burmeseclassic.com

www.burmeseclassic.com



ခုမှ အသက်မှန်မှန်ရှူနိုင်သည့် ကျော်စိုး စကားမပြောနိုင်ဘဲ အမောဖောက်လျက်ရှိ၏။

"ရှင့်မယားငယ် . . ဘယ်မှာလဲလို့ မေးနေတယ်လေ"

"ဟား . . . ဘာတွေပြောနေတာလဲ မိန်းမရာ၊ ဒီမှာဖြင့် ကြောက်လွန်းလို့ သေတော့မယ်"

အော်ဟစ်ဆူညံသံများကြောင့် ဝင်းနိုင်လည်း အပေါ်ထပ်သို့ ပြေးတက်လာသည်။

"အဖေ . . အဖေ . . ဘာဖြစ်တာလဲဗျ၊ အလန့်တကြားနဲ့"

"သရဲခြောက်ခံရတာကွ"

"တော် . . မဟုတ်တာတွေ မပြောနဲ့၊ မယားငယ်နဲ့ ချိန်းတွေ့နေတာ မဟုတ်လား . . ကျွန်မဘေးမှာထားပြီး"

"အရေးထဲ မင်းကတမျောင့်၊ အဲလိုထင်ရင် အခန်းထဲ မီးထွန်းပြီး လိုက်ရှာပါလား"

ကျော်စိုးကတော့ ကုတင်ပေါ် ငုတ်တုတ်ထိုင်ရင်း ဒူးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားကာ ရှင်မိုး ပေါ်လာလေဦးမလားတွေးပြီး အသည်းငယ်နေလေ၏။ ရွက်ဝါက ကုတင်အောက်ခြေကို မီးထိုးကြည့်လိုက်သည်။ ကုတင်အနီး ကြမ်းပြင်မှာ ရေစက်ရေပေါက်တွေ ရေကွက်တွေ ရှိနေတာတွေ့ရ၍ တအံ့တသြ ဖြစ်သွား၏။ သက်မကင်းဖြစ်လာကာ သားအမိနှစ်ယောက် လေးဖက်ထောက်ပြီး ထပ်ကြည့်လိုက်ပြန်ရာ . . ကုတင်အောက်မှ ပြူးကြည့်နေသော မိန်းမတစ်ယောက်ကို တွေ့သဖြင့် . . . ။

"အောင်မလေးတော့ . . ."

"သ . . သရဲ . . သရဲ . . "



www.burmeseclassic.com

www.burmeseclassic.com



သားအမိနှစ်ယောက်လုံး ဝုန်းခနဲထရပ်ပြီး ကုတင်ပေါ် ခုန်တက်ကြလေသည်။ ခနနေတော့ ကုတင်ကြီး လှုပ်လာလေရာ. .

"ဒုန်း. . ဒုန်း. . . ဂလုံး"

"အမလေး. . ."

"အား. ."

"ကြောက်ပါပြီတော့. ."

သရဲခြောက်တာကို ခုမှ ကိုယ်တွေ့ကြုံဖူးကြသည့် ရွက်ဝါနှင့် ဝင်းနိုင်တို့ မျက်ဖြူဆိုက်ပြီး အမောဖောက်နေကြသည်။ ထိုညက သားအမိသားအဖသုံးယောက် ကုတင်ပေါ်မှ မဆင်းရဲကြတော့. . .



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၈)

အါ ဖြူအစိမ်းလေးနှင့် သနပ်ခါးပါးကွက်ကျားထားသော နံ့သာ ဆွဲခြင်းလေးဆွဲကာ အိပ်ခန်းထဲမှ ထွက်လာသည်။ အဘိုးနှင့် အဖေကို နှုတ်ဆက်ပြီး ကျောင်းသို့ဦးတည်၏။ လမ်းတွင် ဖြတ်သွားရင်း အိမ်ဝရန်တာမှာ အဝတ်ထွက်လှမ်းနေသော သူငယ်ချင်း ခိုင်ဝါတ လှမ်းနောက်ပြီး နှုတ်ဆက်နေသေးသည်။

"မင်္ဂလာပါ ဆရာမ"

"အေး. . မင်္ဂလာပါဟယ်၊ မတွေ့တာကြာလို့လား မသိဘူး



www.burmeseclassic.com

www.burmeseclassic.com



ညည်း ပိုလှလာတယ်”

“ဟုတ်လား၊ ကျောင်းပိတ်ရက်ကျ လက်ဘက်သုပ်ကျွေး ပါ့မယ်အေ”

“အေး. . အေး. . လာခဲ့. . လာခဲ့”

ကျောင်းချိန်နီးနေ၍ ဒီလောက်ပဲပြောပြီး ခပ်သွက်သွက် ဆက်လျှောက်ခဲ့၏။ ခိုင်ဝါနှင့်က ငယ်သူငယ်ချင်းများ ဖြစ်သည်။ ခိုင်ဝါ ဆယ်တန်းကျ၍ ကျောင်းထွက်ပြီးကတည်းက စက်ချုပ်သင် တန်းတက်ကာ အမျိုးသမီးဝတ်များကို ရွာသူတွေအတွက် ဒိုင်ခံချုပ် ပေးနေသဖြင့် ဝင်ငွေကောင်းလှ၏။ သူ့အဖေက သာပေါင်းစခန်းမှ ရဲတပ်ကြပ်ကြီးတစ်ယောက်ဖြစ်ပြီး ကျန်းမာရေး သိပ်မကောင်းဟု လည်း သတင်းကြား၏။ မအားတာနှင့် သတင်းမေးပင် မရောက်ဖြစ်၊ ဒီတစ်ပါတ် ကျောင်းပိတ်လျင်တော့ အချိန်ပေးကာ သတိတရ သွား အုံးမည်ဟုတွေးရင်း ကျောင်းသို့အမီရောက်ဖို့ ပြေးရတော့သည်။

သမီးဖြစ်သူ ထွက်သွားတာကို မျက်စိတစ်ဆုံးလှမ်းကြည့်နေ သော နှင်းမောင်အား ဘသံဒိုင်က. .

“မြေးလေး အရွယ်ရောက်နေပြီ နှင်းမောင်”

“အဖေ ဘာပြောချင်တာလဲ”

“သူ့ ဆယ့်ခြောက်နှစ်သမီးလောက်ကတည်းက ကွန်းမှာ ရေနဲ့ပန်းနဲ့ စားစရာတွေ သွားဆက်တာ ခုထိပဲ၊ ရေနစ်ပြီး ဆုံးသွား တာလို့ သိထားပေမယ့် တကယ့်အကြောင်းရင်းမှန်ကို မေးလာရင် ဘယ်လိုလုပ်မလဲ”

“ပြောပြလို့ကောင်းတဲ့ ကိစ္စမှမဟုတ်တာ. . အဖေရဲ့”

“မဟုတ်သေးဘူးလေ၊ ရွာထဲက တစ်ယောက်ယောက်က



www.burmeseclassic.com

www.burmeseclassic.com



များ ပြောပြလိုက်ရင် မြေးလေး အတော်ခံစားသွားရမှာနော်”

“အဲဒါတော့ မတတ်နိုင်ဘူး အဖေရာ၊ ရွာသားတွေ နှုတ်မဖွာဖို့ပဲ ဆုတောင်းရုံတော့မှာပေါ့၊ ကဲ. . သားလည်း လယ်ထဲသွားတော့မယ်”

နှင်းမောင် ခေါင်းစားမခံလိုဟန်နှင့် လယ်ထဲဆင်းဖို့ အကြောင်းပြကာ ထွက်သွားသည်။ ဘသံဒိုင်လည်း အိမ်ဦးခန်းမှာပင် ပုတီးစိပ်ရင်း ကျန်ခဲ့တော့၏။

“ဘသံဒိုင်. . ဘသံဒိုင် အဘရှိလား”

“အိမ်း. . ရှိတယ်လေကွာ၊ ဘယ်သူတွေတုံး”

“ကျုပ်တို့ပါ၊ ဘသံဒိုင်ရဲ့ ပိုးထိတဲ့လူ လာပို့တာ”

“မြန်မြန်တက်ခဲ့ကြလေကွာ”

“ဟုတ်ကဲ့. . ဟုတ်ကဲ့”

ပိုးထိသည့် လူနာကို ချီမသယ်ပိုးရင်း ရွာသားနှစ်ယောက် အိမ်ပေါ်တက်လာ၏။ အချိန်ကြာလေ အဆိပ်ပြန့်လေ ဖြစ်မည်မို့ ဘသံဒိုင် ချက်ချင်းကုသည်။ ရွာသားတစ်ယောက်က မြွေသေကို လွယ်အိတ်ထဲမှ ထုတ်ပေးသည်။ ဘသံဒိုင်က ဒဏ်ရာအထက် လက်နှစ်သစ်အကွာမှ ကြိုးနှင့်ချည်နှောင်လိုက်သည်။ ပိုးထိသူအားထိန်း၍ တိုင်ထားခိုင်းပြီး အကျီချွတ်စေသည်။

ဗလာကျင်းနေသော ကျောပြင်ကို ကြေးလင်ပန်းကပ်၍ အဆိပ်ထုတ်သည်။ ဂါထာများရွတ်ဖတ်ရင်း ချွေးဒီးဒီးကျအောင် အားစိုက်ဆောင်ရွက်၏။ သို့သော် ကြေးလင်ပန်းက အရောင်ပြောင်းမသွား၊ ဘသံဒိုင် မျက်မှောင်ကျုတ်သွားသည်။ မြွေဆိုးအဆိပ်မှန်လျှင် လင်ပန်းအလယ်တွင် အမည်းကွက်ကြီး ပေါ်လာရစမြဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအမည်ကွက်က မြွေဆိပ်များဖြစ်၏။ ခုတော့ ဘာအဆိပ်မှ ထွက်မလာ၊ ဘသံဒိုင် မသက်ာဖြစ်လာ၍ မြွေသေကို ထုတ်ကြည့်သည်။

ထိုအခါမှ သဘောပေါက်သွားဟန်နှင့် ခေါင်းတဆတ်ဆတ်ညိတ်ပြီး ဘုရားစင်သို့ထသွားကာ ပရိတ်ရေ ပုလင်းယူသည်။ ပြီးတော့ ယွမ်းကွမ်းအစ်အဖုံးကိုပါ ချွတ်ယူလာခဲ့၏။ မြွေသေကို ပရိတ်ရေဖြန်းကာ ကွမ်းအစ်အဖုံးနှင့် အုပ်လိုက်သည်။ ကွမ်းအစ်အဖုံးကို လက်ဝါးနှင့်အုပ်ရင်း ဂါထာများရွတ်သည်။ ဂုဏ်တော်ကွန်ချာ ရွတ်သည်။ လုံလောက်ပြီဟု ယူဆမှ ကွမ်းအစ်အဖုံးကို ဖွင့်လိုက်၏။

"ဟာ. . " "ဟင်. . "

လူနာရှင်နှစ်ယောက်ထံမှ အံ့သြဘနန်း အာမေဋိတ်သံတွေ ထွက်လာသည်။ သူတို့ ရိုက်သတ်ယူဆောင်လာခဲ့သော မြွေပွေးက ကြိုးတစ်ချွေဖြစ်နေတာ မြင်လိုက်ကြရခြင်းကြောင့် ဖြစ်၏။

"ရှိုးရှိုးမြွေမဟုတ်လို့ ကြေးလင်ပန်းမှာ အဆိပ်ရောက်မလာတာ"

"မြွေက ဘယ်လိုဖြစ်လို့ ကြိုးခွေဖြစ်သွားရတာလဲ ဘသံဒိုင်"

"တိုက်မြွေကိုးကွ၊ အောက်လမ်းနည်းနဲ့ စီရင်ထားတဲ့ တိုက်မြွေ"

"ဗျာ. . "

မြွေသေက ကြိုးခွေဖြစ်သွားသည်နှင့် ပိုးထိသူမှာလည်း အကောင်းပကတိဖြစ်ကာ ထထိုင်နေပြီဖြစ်သည်။ ထိုသို့ စွမ်းသောကြောင့်လည်း ရွာခံတွေက ဘသံဒိုင်ကို အားကိုးကြသည်။

"ဆေးရုံမပို့ဘဲ ဘသံဒိုင်ဆီခေါ်လာတာ မှန်သွားတာပေါ့"

"ဒီရက်ထဲမှာ ဘုရားတရားမမေ့မှ မင်း အန္တရာယ်ကင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



နော်၊ တိုက်မြွေရဲ့အစွမ်း ပြယ်သွားပေမယ့် ဘာတွေထပ်လုပ်ထား သေးလည်း မဆိုနိုင်ဘူး၊ ဒါကြောင့် သတိနဲ့နေမှ ဖြစ်မယ်"

"မင်းနဲ့ ရန်ငြိုးရန်စ ဘယ်သူရှိလဲ"

ပိုးထိသူကို အပေါင်းအသင်းများက ဝိုင်းမေးကြသည်။

"ရန်ငြိုးရှိတဲ့သူက အဓိက မဟုတ်ဘူးကွဲ့၊ ဒီတိုက်မြွေအစီအရင်ကို လုပ်ပေးတဲ့ အောက်လမ်းဆရာ ဘယ်သူလဲဆိုတာက ပိုအရေးကြီးတာ"

"ဘသံဒိုင်ရယ်၊ ဘယ်လို ငမိုက်သားလည်း မသိဘူး. . .၊ အောက်လမ်းဆရာဆိုတာ သေရင် ကမ္ဘာဆုံးတဲ့အထိ ငရဲခံရမယ့် သူတွေဆို"

"ဟုတ်တယ်လေ၊ အောက်လမ်းပညာဆိုတာ မကောင်းတာ နဲ့သမျှ အကုန်လုပ်ရတဲ့အတွက် အကုသိုလ် တအားကြီးတာ၊ သေ ချာပေါက် အပါယ်လားမယ့် တဘဝစံတွေ"

"လက်ရှိဘဝ အဆင်ပြေဖို့ပဲ တွေးတဲ့သူတွေပေါ့"

"သိပ်သေချာတာပေါ့ကွာ၊ သူတစ်ပါး စီးပွားပျက်အောင် အကျိုးယုတ်အောင် ဒုက္ခရောက်အောင် နောက်ဆုံး အသက်ပါရန် ရှာတဲ့အထိ လုပ်ကြရတာမို့ ပေါပေါလောလောနဲ့တော့ မရဘူးလေ၊ ပစ္စုပ္ပန်မှာတော့ ရွှေဖြစ်ငွေဖြစ်ပဲပေါ့"

"ဟုတ်ကဲ့ပါ ဘသံဒိုင်၊ ခုလည်း အသက်ကယ်ခဲ့တာမို့ ပြော မပြတတ်အောင် ကျေးဇူးတင်ပါတယ်"

ပိုးထိသူကို တွဲခေါ်၍ ရွာသားတွေ ပြန်ဆင်းသွားကြ၏။ ဘသံဒိုင်က မြွေဘဝမှ စုတေခဲ့သည့် ကြိုးခွေကို လင်ပန်းထဲထည့်ကာ မီးရှို့၍ အပြတ်ရှင်းလိုက်သည်။ ထိုသို့ အပြတ်ရှင်းခဲ့သည့်တိုင် ဘသံ



www.burmeseclassic.com

www.burmeseclassic.com



ဒိုင်စိတ်ထဲ မအေးနိုင်သေး။ ထန်းစင်လှ့နှင့် ရွာနီးချုပ်စပ် တစ်ဝိုက်အောက်လမ်းဆရာတစ်ယောက် ရောက်နေခြင်းအတွက် ပူပင်သောက ဖြစ်နေလေ၏။

"အေးလေ. . သဗ္ဗေသတ္တာ ကမ္မသကာပဲပေါ့၊ ဘုရား. . ဘုရား. ."



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၈)

**ကျောင်း**သူကျောင်းသားများ ဆူညံစွာ အော်ဟစ်ပြေးလွှားနေတာကိုကြည့်ရင်း နံ့သာ ငယ်ဘဝကို သတိရနေမိ၏။ ကျောင်းခန်းတံခါးများကို သော့ခတ်ပိတ်ကာ ဆရာတော်ကို ဦးချအပြီး နံ့သာ ပြန်လာခဲ့သည်။ သူ ကျောင်းပြန်အလာကို စောင့်နေသော ခိုင်ဝါက. . .

"ယောင်းမ. . နောက်ကျတယ်နော်"

"ဒီလိုပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား စကားတွေပြောရင်း အိမ်နားအရောက်တွင် မြို့ကြီးသားစတိုင်လ်နှင့် လူတစ်ယောက် ကျောပိုးအိတ်လွယ်ကာ လျှောက်လာတာနှင့် ဆုံသည်။ မြို့ကြီးသားက ထန်းစင်လှ၏ အချောအလှနှစ်ယောက်ကို ပြုံးပြကြည့်ရင်း ခလုတ်ပင် တိုက်မိ၍ နှံ့သာတို့နှစ်ယောက် ကြိတ်ရယ်ရသေး၏။

"ကဲ. . နှံ့သာ၊ ရွှေမင်းသားလေး တောကစားထွက်လာပြီ ထင်တယ်နော်"

"တော်စမ်းပါဟယ်၊ ရုပ်ကိုက ပြိတ်တိတ်နဲ့ ကြာကူလီရုပ်"

"အေးနော်. . ငမ်းကြောထလိုက်တာ လွန်ရော"

ထိုအချိန်တွင် နှံ့သာတို့နှင့်ဆုံခဲ့သော မြို့ကြီးသားမှာ ဝင်းနိုင်တို့အိမ်သို့ ရောက်နေလေပြီ။

"ဟာ. . ကိုကောင်း. . ကိုကောင်းဆက် မဟုတ်လား"

"မောလိုက်တာ ဝင်းနိုင်ရာ"

"လာမယ်ဆို တကယ်ရောက်ချလာတာကိုး"

ဝင်းနိုင်က ရန်ကုန်သားကောင်းဆက်အား မိဘများနှင့် မိတ်ဆက်ပေးသည်။ ရွှက်ဝါတို့က သားသူငယ်ချင်း ကောင်းဆက်အား ကိုယ့်အိမ်လိုသဘောထားပြီး ပျော်သလောက်နေရန်ပြောသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်းတွင်လည်း လူကုန်ကူးမှု ဖြစ်စဉ်များ ပိုမိုတိုးတက်များပြားလာမှုကြောင့် ခရိုင်ရဲတပ်ဖွဲ့မှူးက ထူးစီမံချက်နှင့် မှုခင်းလျော့ချရန် ကြိုးစားနေချိန်လည်းဖြစ်သည်။ ပုသိမ်ခရိုင် သာပေါင်းမြို့နယ်အတွင်းရှိ ရွာများအတွင်း လူကုန်ကူးမှု ကြိုတင်ကာကွယ်ရေး သတိပေးလှုံ့ဆော်မှုများလည်း ပြုလုပ်လျက်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ပုသိမ်ခရိုင်အတွင်းရှိ ကျေးရွာများမှ အမျိုးသမီးငယ်များ ပျောက်ဆုံးမှုနှုန်းက တဖြည်းဖြည်း မြင့်တက်လာနေသည်။ အဓိက ပြဿနာက ဒေသတွင်း အလုပ်အကိုင်ရှားပါးမှုကြောင့် ပြည်ပ(ထိုင်း)သို့ ထွက်ခွာအလုပ်လုပ်နေကြခြင်းပင်ဖြစ်၏။ လူနေမှုအတွက် လုံလောက်သော လုပ်ခလစာ မရရှိသောအခါ သာသည့်မြေသို့ ထွက်ခွာလိုကြတာ ဓမ္မတာပင် ဖြစ်နေသည်။ ဘယ်လောက်ပဲ ပညာပေးပေး ကိုယ့်မိသားစု အဆင်ပြေရေးအတွက် စိန်စားလိုသူတို့ ပို၍များလာနေ၏။

ဘယ်နည်းနှင့် သွားရသွားရ တစ်ဖက်နိုင်ငံသို့ သွားရောက်နိုင်ဖို့က ရှေ့တန်းရောက်လာသည်။ ထိုအခြေအနေတွင် ဝိသမလောဘသားများက ပြည်ပအလုပ်အကိုင် ရှာဖွေရေးအေဂျင်စီ အရေခြုံကာ လူကုန်ကူးမှုကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လာကြ၏။ ထိုအချိန်တွင် ပုသိမ်ခရိုင် ရဲတပ်ဖွဲ့ရုံးမှ ဒုရဲအုပ်မင်းခန့် သာပေါင်းရဲစခန်းသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် အမိန့်ကျလာသည်။

သူ့တွင် အထူးတာဝန်တစ်ရပ်လည်း ပါလာ၏။ ထိုတာဝန်မှာ လူကုန်ကူးမှု ကာကွယ်တားဆီး တိုက်ဖျက်ရေးပင် ဖြစ်သည်။ သာပေါင်းနယ်မြေအတွင်း ကျေးရွာများသို့ကွင်းဆင်းကာ ဒေသခံရဲများနှင့် ပူးပေါင်းဆောင်ရွက်ရန် ကြိုးစားနေသည်။

အာဏာပိုင် အဖွဲ့အစည်းများ စီမံချက်ချ ဆောင်ရွက်နေစဉ် ထန်းစုင်လှ၏ညွှေ့သည် ကောင်းဆက်မှာ ညှော်ဝတ်ကျော့ပွန်လှသော ဝင်းနိုင်၏ ညွှေ့ခံမှုများကြောင့် ဒေသန္တရ ဗဟုသုတ အသစ်များကြားတွင် အပျော်ကြီးပျော်နေလေ၏။ အခုလည်း ဝင်းနိုင်တို့မော်တော်နှင့် ဂဏာန်းပျော့ မွေးမြူရေးကန်များနှင့် အင်းထဲသို့ လှည့်ပတ်သွား



www.burmeseclassic.com

www.burmeseclassic.com



လာကာ အတွေ့အကြုံသစ်များကို ခံစားနေသည်။ ကောင်းဆက်က ဆေးတပြားကို ထုတ်ပြသဖြင့်. .

"အဲဒါ ယာဘာမဟုတ်လား ကြားဖူးတယ်"

"ယာဘာတို့ W.Y တို့ အမျိုးမျိုးပါပဲ၊ ဒီမှာ မရဘူးလား"

"ရ. . မရတော့ မသိဘူးဗျ"

"စိတ်ဝင်စားရင် ချကြည့်ပါလား ပါလာတယ်"

ကောင်းဆက်က W.Y စိတ်ကြွဆေးပြားများကို ဝေငှလိုက်၏။ ဝင်းနိုင်နှင့် တပည့်လေးယောက် အလျှင်အမြန်ပင် မြည်းစမ်းလိုက်ကြ၏။ ဆေးအစွမ်းကိုစမ်းဖို့ သူတို့တွေ အင်းထဲဆင်းပြီး ရေကူးပြိုင်ကြသည်။ တကယ်ပင် အစွမ်းထက်ပြီး မမောနိုင်မပမ်းနိုင် ရေကူးနိုင်တာကိုသိပြီး အရမ်းခိုက်သွားကြသည်။

"ကောင်းဆက်. . အဲဒါ များများရအောင် ယူလာပေးနိုင်မလား၊ ကျွန်တော် ဒီမှာဖြန့်ချင်လို့"

"အိုကေဗျာ. ."

ဟော့ဟော့ရမ်းရမ်း ရွာခံနှင့် ဆိုးဆိုးသွမ်းသွမ်း မြို့သားတို့ ပေါင်းပြီး ထန်းစင်လှကို မူးယစ်မှိုင်းတိုက်ဖို့ လက်ဝါးချင်း ရိုက်လိုက်ကြတော့သည်။ ထိုရက်များအတွင်း ဝင်းနိုင်တို့ ဆရာတပည့်တွေ အရက်သမားဘဝမှ တဆင့်တက်ကာ ဆေးသမားများ ဖြစ်ကုန်ကြသည်။ အင်းထဲမှ ငါးစောင့်တဲက ဆေးချသော စခန်းတစ်ခု ဖြစ်လာ၏။ ရွာထဲမှ မြည်းစမ်းချင်သူတွေလည်း အင်းထဲလာပြီး မြည်းကြစမ်းကြနှင့် ရက်ကြာလာတော့ ဆေးက ပြတ်လုလု ဖြစ်လာသည်။

"ဆေးပြတ်တော့မယ် ကောင်းဆက်"

"မပူပါနဲ့. . ကျွန်တော် ရန်ကုန် ခဏပြန်လိုက်မယ်၊ ပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com



စုမှာနဲ့ဘာနဲ့ အလွန်ဆုံး သုံးလေးရက်ပေါ့၊ ဒီတစ်ခါ များများသယ်လာခဲ့မယ်၊ ဖြုန်းပေးဖို့တော့ ခင်ဗျားတာဝန်နော်”

“ဒါများဗျာ၊ အနီးအနား လေးငါးခြောက်ရွာတာပဲ”

“အိုကေ ဒါဆို မနက်ဖြန်ပြန်မယ်”

စကားတပြောပြောနှင့် လျှောက်လာခဲ့ကြရာ၊ ရွာလယ်တွင် မိန်းမချောနှစ်ယောက်နှင့် ဆုံ၏။ နံ့သာနှင့် ခိုင်ဝါကို တွေ့လိုက်တော့ ဝင်းနိုင် ပျော်သွားသည်။

“နံ့သာ အတော်ပဲဟာ တွေ့ချင်နေတာ”

“ဘာကိစ္စလဲ”

နံ့သာနဲ့ ကိုယ့်ကြားမှာ တခြားဘာကိစ္စ ရှိဦးမှာလဲ၊ ကိုယ့် မိဘတွေခေါ်ပြီး လာနားဖောက်ရတော့မလား”

“ဟုတ်လား၊ ငါလည်း ရွာလူကြီးဆီ နားသွားဖောက်မလို့ ဝင်းနိုင် ခဏခဏ လိုက်နှောက်ယှက်နေပါတယ်လို့လေ”

“နံ့သာကလည်းဟာ ငါ နင့်ကို မေတ္တာစစ်နဲ့ ချစ်တာပါ”

“ငါကလည်း နင့်ကို စိတ်ရင်းမှန်နဲ့ကို ကြည့်မရတာ”

“ကဲပါ တော်ကြပါတော့၊ နင်တို့ကလည်း လမ်းလယ်ခေါင် မှာ. . . ”

ခိုင်ဝါ ကြားဝင်ဟန့်မှ နံ့သာတို့ ပဋိပက္ခကို ခေတ္တရပ်ဆိုင်း လိုက်ကြ၏။ ကောင်းဆက်က ခိုင်ဝါတို့ နှစ်ယောက်လုံးကို အကဲ ခတ်သလို ကြည့်နေသည်။ ဝင်းနိုင်က မိတ်ဆက်ပေး၏။

“ကဲ. . ကြုံတုန်းမိတ်ဆက်ပေးရဦးမယ်၊ ဒါ. . ရန်ကုန်က ငါးဒိုင် ဂဏာန်းဒိုင်ဖွင့်ထားတဲ့ ငါ့သူငယ်ချင်း ကောင်းဆက်တဲ့၊ သူ့တို့ က ထန်းစင်လှရဲ့ ကွမ်းတောင်ကိုင်တွေ၊ သူက ခိုင်ဝါ သူ့ကတော့



www.burmeseclassic.com

www.burmeseclassic.com



နံ့သာတဲ့"

"ဪ . . တွေ့ရတာ ဝမ်းသာပါတယ်၊ မနက်ဖြန် ရန်ကုန်ပြန်ဦးမှာ လိုချင်တာရှိရင် အားမနာနဲ့နော်. . မှာလို့ရတယ်"

"မလိုပါဘူး"

ခိုင်ဝါကပဲ ဒိုင်ခံဖြေပေးနေသည်။ နံ့သာက ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ မျက်နှာလွှဲထား၏။

"ခု နင်တို့ဘယ်သွားကြမလို့လဲ"

"သူ့ အမေရဲ့ကွန်းကို သွားမလို့"

"ဪ . ."

"ကဲ. . နောက်ကျနေမယ် ခိုင်ဝါ သွားကြစို့"

ခိုင်ဝါ့ လက်ကိုဆွဲ၍အထွက် ဝင်းနိုင်က. .

"နံ့သာ. . အဖြေပေးဖို့ စဉ်းစားထားဦးနော်"

"အေး. . ကမ္ဘာပျက်တဲ့နေ့ ပေးမယ် စိတ်ချ"

အပြန်အလှန် လှမ်းအော်ပြောနေတာကို နားထောင်ရင်း ကောင်းဆက် သဘောကျစွာ ရယ်သည်။

"ခင်ဗျားဟာလေးက မိုက်သလောက် စွာလည်းစွာတယ်၊ အခြေအနေ မကောင်းဘူးလား"

"အေးဗျာ လိုက်နေတာကြာပြီ ခုထိ မရေမရာဘဲ"

"ပွဲကြမ်းပစ်လိုက်ပေါ့၊ တစ်ချို့က ကြမ်းမှခိုက်တာ"

"မလုပ်ပါနဲ့ဗျာ၊ ခုတောင် သိပ်ကြည့်ရတာမဟုတ်ဘူး၊ ဒါနဲ့ ခင်ဗျားသွားမယ့် သုံးလေးရက်အတွက် ဆေးလေးဘာလေး မှာခဲ့ဦး ကျွန်တော့်မှာ ပြတ်နေပြီ"

"ဟာ. . အဲဒါမှက္ကွင်ပဲ၊ ကျွန်တော့်မှာလည်း ကျွန်တော်သုံးဖို့



www.burmeseclassic.com

www.burmeseclassic.com



ပဲ ရှိတော့တာ"

"လုပ်ပါဗျာ မရှိရင် မဖြစ်လို့ပါ"

ရက်တိုတိုအတွင်းမှာပင် ဝင်းနိုင် ဆေးကို ရေလည်ငြိသွားပြီး အပြတ်မခံနိုင်အောင် ဖြစ်နေသည်။ ဒါကို ကောင်းဆက် သိပြီး အပိုင်ကိုင်ကာ. .

"ဒီတစ်ခေါက်ပြန်လာရင် လုပ်ငန်းခွဲ့မလား စဉ်းစားနေတာ၊ ဒါပေမယ့် ခင်ဗျား ပူးပေါင်းမှဖြစ်မှာ"

"ဟာ. . ဘာလုပ်လုပ် ပါပြီးသားပဲ ကောင်းဆက်၊ ခင်ဗျားနဲ့က ကံစပ်တယ်၊ ဘာလုပ်ရမလဲ ဆိုတာသာပြော"

"ကောင်မလေးတွေ တဖက်နိုင်ငံကိုပို့မယ်"

"ဟင်. . ဖြစ်ပါ့မလား၊ ဘယ်လိုခေါ်သွားမှာလဲ"

"အဲဒါ မင်းအလုပ်မဟုတ်ဘူး. . ဆေးသုံးချင်ရင် ငါ့စကားနားထောင်. ."

"အေးပါကွာ"

ကောင်းဆက်နှင့် ဝင်းနိုင်တို့ တွဲလက်တွေက ပိုလို့မြဲမြံသွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၉)

ကောင်းကင်ပြာပြာ ရေလှောစိမ်းစိမ်းနှင့် စိုက်ခင်းများ ရင့်မှည့်ဝါလဲ့နေသောမြင်ကွင်းက ရှုမျှော်မဆုံးအောင် မြင်တွေ့နေရ၏။ ကွင်းပြင်နှင့် ရေပြင်ကို ဖြတ်သန်းတိုက်ခတ်လာသော လေညှင်းသွဲ့သွဲ့က လတ်ဆတ်ရှင်သန်နေသည်။ မော်တော်ဦးတွင်ထိုင်ရင်း ရှုခင်းကြည့်ကာ လိုက်လာသူက ဒုရဲအုပ်မင်းခန့်ဖြစ်၏။

သူ ထန်းစင်လှရွာကိုသွားဖို့ ခရီးထွက်လာခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နေမကောင်း၍ ဆေးခွင့်ယူထားသော ထန်းစင်လှရွာခံ ရဲတပ်ကြပ်ကြီး မြတ်ခိုင်ထံတည်းခိုပြီး တာဝန်ထမ်းဆောင်ရမည် ဖြစ်သည်။ လူသားဆန်စွာ ဝန်းကျင်ရှုခင်းအလှကို ခံစားမိသလို မော်တော်ပေါ် ပါလာသူများကိုလည်း စေ့စေ့စပ်စပ် အကဲခတ်သည်။ ရာဇဝတ်မှုကျူးလွန်မည့်သူဆိုတာ အများနှင့်မတူ ဦးခေါင်းမှာ ချိုပေါက်နေသည် မဟုတ်၊ သူလိုငါလို လူသားတွေသာ ဖြစ်သည်။ ထို့အတွက် ရဲမျက်စိနှင့် အကဲခတ်နေခြင်းဖြစ်၏။

လောလောဆယ်ပါလာသော မော်တော်စီး ခရီးသည်တွေက ရိုးရိုးသားသား ရွာခံများသာဖြစ်ကြောင်း သိသာနေသည်။ ပြောဆိုနေသော အကြောင်းအရာနှင့် သူတို့မျက်နှာပေါ်က အမူအရာတွေအားလုံး ရိုးသားမှု ရှိနေသည်။

မင်းခန့် တစ်နာရီလောက် မော်တော်စီး ခရီးသည်လုပ်ပြီးနောက် ထန်းစင်လှ လှေဆိပ်သို့ ရောက်လာခဲ့သည်။ ကျောပိုးအိတ်ဆွဲပြီး အခြားခရီးသည်များနောက်မှ ဆင်းခဲ့သည်။ မရောက်ဖူးသော ဒေသမို့ စမ်းတဝါးဝါး၊ ဒေသခံများနောက်သို့သာ လိုက်သွားမိသည်။ နာရီဝက်လောက် လျှောက်ခဲ့ရာ ရွာထဲသို့ ရောက်လာ၏။ လူနေမကျဲမပါးနှင့် အသင့်အတင့်စည်ကားသော ရွာလေးဟု မှတ်ချက်ပြုမိသည်။

တစ်နေရာတွင် လက်ဘက်ရည်ဆိုင်လေးတစ်ဆိုင် တွေ့သဖြင့် ကော်ဖီမစ်သောက်ရင်း တစ်ထောက်နားကာ စုံစမ်းကြည့်ရန် စိတ်ကူးမိသည်။ မင်းခန့် ဆိုင်ထဲဝင်လာသည်နှင့် ဒေသခံလူငယ်များ မသိမသာရော သိသိသာသာပါ အကဲခတ် စူးစမ်းမှုတွေ ကြုံတွေ့ရသည်။ မင်းခန့် တည်တည်ငြိမ်ငြိမ်နှင့်ပင် ထိုင်သောက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ထဲတွင် ကောင်းဆက်၊ ဝင်းနိုင်နှင့် တပည့်တချို့ ရှိနေသည်။ အသားလတ်လတ် ယောက်ျားပီသသောရုပ်ရည် တောင့်တင်းမြင့်မားသော ခန္ဓာကိုယ်ပိုင်ရှင် လူစိမ်းကို မလိုတမာ ကြည့်နေကြ၏။ ဘာကောင်လဲဟု စူးစမ်းလိုစိတ်လည်း ဖြစ်ပေါ်နေကြသည်။ ဝင်းနိုင်က မတော်တဆလိုလိုနှင့် ခါတ်ဘူးတစ်လုံးကို တိုက်ချလိုက်သည်။

"ခွမ်း. ."

အခင်းတမံတလင်းပေါ် အရှိန်နှင့် ပြုတ်ကျခြင်းဖြစ်၍ ရေနွေးများစင်ထွက်ပြီး ဓာတ်ဘူးလည်း ကွဲသွားသည်။ စားပွဲထိုးလူငယ်ပြေးလာကာ ဓာတ်ဘူးကွဲကို ကောက်ယူဖယ်ရှားရှင်းလင်းရင်း. .

"ပိုက်ဆံရှင်းရင် ဓာတ်ဘူးဖို့ သုံးထောင့်ငါးရာပါ ထည့်ရှင်းပေးပါနော် အကို"

ပြဿနာရှာဖို့ ခွင်ဆင်ခဲ့သော ဝင်းနိုင် အကြိုက်ဖြစ်သွားသည်။

"ဘာကွ မတော်တဆဖြစ်တာကိုပဲ လျော်ရဦးမယ် ဟုတ်လား"

"ဓာတ်ဘူးက အကိုတို့ကြောင့် ကွဲသွားတာလေ"

"မလျော်ဘူးကွာ"

ပြောရင်း စားပွဲထိုးကောင်လေးအား ခြေထောက်နှင့် ပိတ်ကန်လိုက်တော့သည်။ စားပွဲထိုးထံသို့ ဆိုင်ရှင်ဦးလေးကြီး ပြေးလာကာ တွဲထူသည်။ မင်းခန့် အခြေအနေကို စောင့်ကြည့်နေသည်။ ရွာခံလူငယ်များ အတော်ပင် ရိုင်းပျကြတာ မျက်မြင်တွေ့ရ၏။

"မင်းတို့ တော်တော်လွန်နေပြီနော်"



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရှင်၏ ပြောစကားကို ဝင်းနိုင်က. .

"အဲဒီတော့ ဘာလုပ်ချင်လဲ၊ ခင်ဗျား ရုံးသွားတိုင်ချင်လို့လား၊ သွားလေ ဂရုကိုမစိုက်တာ"

"ဟာ. . ဒီကောင်တော့လား"

အခြေအနေကို ဆိုင်ရှင်လည်း သည်းခံနိုင်ဟန် မတူတော့၊ နီးရာလူကို ဆွဲထိုးခြင်းဖြင့် ရန်ပွဲကို ဖွင့်လှစ်လိုက်သည်။ ထိုအခါ ဝင်းနိုင် တပည့်များနှင့် ကောင်းဆက်တို့ပါ ဆိုင်ရှင်နှင့် လူငယ်အား ဝိုင်းထိုးကြတော့သည်။ ပွဲက ကြည့်မကောင်းတော့။

မင်းခန့် ထိုင်ရာမှထလိုက်ပြီး ဝင်းနိုင် ဂုတ်ကိုဆွဲကာ ဆိုင်ပြင်သို့ အရှိန်နှင့် တွန်းလွှတ်လိုက်၏။ ဝင်းနိုင် ဆိုင်ရှေ့လမ်းမှ ဗွက်ထဲ ခရိုဖရဲ ပြုတ်ကျသွားသည်။ ဝင်းနိုင် ရှက်သွားကာ လူးလဲထရင်း မင်းခန့်ဆီပြေးလာသည်။ လူပိန်းတစ်ယောက်၏ ဒေါသလက်သီးများက လေထဲကိုသာ ဖြတ်သန်းသွားသည်။

တစ်ချီမှာတော့ ဝါးလုံးထိုး တိုးဝင်လာသော ဝင်းနိုင်၏ ညာလက်ကို မင်းခန့်က အလိုက်သင့်မျှော၍ ဆွဲယူရင်း ရင်ဝအား ဒူးနှင့် ပင့်တိုက်လိုက်၏။ အွတ်ခနဲ အသံသာပြုနိုင်ပြီး ဒူးထောက် ငိုက်ကျသွားသည်။ သူတို့ဆရာ ခံလိုက်ရ၍ တပည့်သုံးယောက် မင်းခန့်အား ဝိုင်းထိုးကြသည်။

မင်းခန့် တည်တည်ငြိမ်ငြိမ်နှင့်ပင် ခုခံ၏။ သူ့ကို အထိနာအောင် ဘယ်သူမှ မလုပ်နိုင်သေး၊ ဘာပညာအခံမှ မရှိဘဲ အုပ်စုဖွဲ့ ချိတ်ရဲမိုက်ရဲသူတွေ ရေရှည် မယှဉ်နိုင်ကြ၊ အားလုံး အညိုအမည်း ဒဏ်ရာတွေနှင့် လဲကွဲကုန်ကြသည်။

ကောင်းဆက်က လူလည်. . ၊ မယှဉ်နိုင်မှန်းသိ၍ အဖော်မခံ



www.burmeseclassic.com

www.burmeseclassic.com



တော့၊ လဲနေသော ဝင်းနိုင်ကို တွဲခေါ်ကာ ထွက်သွားသည်။

နောက်တော်ပါးတွေလည်း အချင်းချင်းဖေးမကာ ထွက်ဖို့ ဟန်ပြင်ကြသည်။ လမ်းပေါ်ကျကျန်ခဲ့သော ပိုက်ဆံအိတ်တစ်ခုကို မင်းခန့် ကောက်ယူကာ ဖွင့်ကြည့်ပြီး အထဲမှ ငါးထောင်တန်တစ်ရွက် ယူလိုက်၏။

"ဟော့ကောင်တွေ ဒီမှာ ခတ်ဆူးဖိုးနဲ့ မင်းတို့ သောက်ထား တာတွေအတွက် ငါးထောင်ယူထားလိုက်တယ်. . ရော့"

မင်းခန့် လှမ်းအော်ပြောရင်း ပိုက်ဆံအိတ်ကို လှမ်းပစ်ပေး လိုက်သည်။ တပည့်တစ်ယောက်က အိတ်ကို ကောက်ယူပြီး ဒရော သောပါး ထွက်သွားကြတော့၏။ ထန်းစင်လှ၏ ကြိုဆိုမှုကတော့ ယဉ်လှသည်ဟု ပြောရမလိုလို ထိုငါးထောင်ကို ဆိုင်ရှင်အား ပေး၍ မင်းခန့် ကော်ဖီဆက်သောက်သည်။

"ကျေးဇူးတင်လှပါတယ်ကွယ်၊ ဒီကောင်တွေ ရမ်းကားနေ တာ ကြာပီကွဲ့၊ ဒါနဲ့ မောင်ရင်က ခရီးသွား ဧည့်သည်လား"

"ဟုတ်ကဲ့ ပုသိမ်က လာတာပါ၊ ဒီရွာက ရဲတပ်ကြပ်ကြီး ဦးမြတ်ခိုင်ဆီ လာတာပါ"

"သြော်. . ကိုမြတ်ခိုင်အိမ်ကို လာတာကိုး၊ အတော်ပဲ တော် ကြာဆို သူ့သမီး လက်ဘက်ရည် လာဝယ်လိမ့်မယ်၊ တစ်ခါထဲ လိုက် သွားပေါ့"

"ဟုတ်ကဲ့ ကျေးဇူးပါပဲ"

ဆိုင်ရှင်နှင့် စကားစမြည်ပြောရင်း ရွာအကြောင်းကို အ တော်သိခွင့်ရလိုက်သည်။ ဆယ့်ငါးမိနစ်လောက် စကားပြောအပြီး၌ မိန်းကလေးတစ်ယောက် ဆိုင်ထဲဝင်လာ၏။



www.burmeseclassic.com

www.burmeseclassic.com


"ဟော. . ခိုင်ဝါရေ ညဟောဒီမှာ ညည်းအဖေဆီ လာတဲ့ ဧည့်သည်တဲ့၊ ပုသိမ်ကလာတာ ပြန်ရင်ခေါ်သွားလိုက်"

"ရှင်. . ဪ. . ဟုတ်. . ဟုတ်ကဲ့ ဦးလေး"

ဆိုင်ရှင်၏ အပြောကြောင့် ခိုင်ဝါ ဧည့်သည်အား ကြည့်မိသည်။ ထိုခဏ၌ပင် ခိုင်ဝါ့ရင်ထဲ လှိုက်ဖိုသွား၏။ လူညိုချော၏ မျက်ဝန်းတွေကို ကြာကြာရင်ဆိုင် မကြည့်ရဲတော့သဖြင့် မျက်လွှာချထားလိုက်ရသည်။ အတွေးထဲမှာလည်း မေးခွန်းတွေက တစ်ပုံတစ်ပင်၊ ဆိုင်ရှင်က လက်ဘက်ရည်ပါဆယ်ထုပ် လာပေးသည်နှင့် မင်းခန့်လည်း နှုတ်ဆက်ပြီး ခိုင်ဝါနှင့် လိုက်လာခဲ့သည်။ အတူယှဉ်တွဲလျှောက်ရတာကို မိန်းကလေး ရှက်နေပုံရ၏။

"ကျွန်တော့်နာမည် မင်းခန့်ပါ၊ ညီမလေးအဖေနဲ့က မိတ်ဆွေတွေ ဆိုပါတော့၊ ကိစ္စလေး တခုရှိလို့ လာခဲ့တာပါ"

"ဪ. . ဟုတ်ကဲ့ရှင့်"

တစ်ချက်တစ်ချက်ခိုးပြီး သူမ မော့မော့ကြည့်ရတာလည်း အမော၊ ခြေလှမ်းတွေတောင်မှားလို့ ဒီလိုနှင့် အိမ်သို့ရောက်လာခဲ့၏။ အဖေနှင့် ဆုံပေးပြီး လက်ဘက်ရည် ပြင်ဆင်ဖို့ နောက်ဖေးသို့ ဝင်သွားသည်။

"ကျွန်တော် သာပေါင်းစခန်းကို ပြောင်းလာတဲ့ ဒုရဲမှူး မင်းခန့်ပါ၊ ဒါကို ဦးမြတ်ခိုင်ရဲ့ သမီးကအစ ဘယ်သူမှ မသိပါစေနဲ့ ဦးနဲ့ သူငယ်ချင်းတွေလို့ပဲ ပြောထားပါ၊ အမှုစုံစမ်းဖို့ အသွင်ယူတဲ့သဘောပါ"

"ဪ. . ဟုတ်ကဲ့ပါ ဆရာ"

"အဲလို မခေါ်ပါနဲ့၊ နှုတ်ကျိုးသွားလိမ့်မယ်"


www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ . အင်း . အင်း"

ရာထူးကြီးသူ လူငယ်ကို ဦးမြတ်ခိုင် ဘယ်လို ဆက်ဆံရမှန်းမသိ ဖြစ်နေသည်။ ထိုစဉ် ခိုင်ဝါ လက်ဘက်ရည်ပွဲပြင်ပြီး ပြန်ထွက်လာ၏။

"သမီးရေ၊ ဒီမှာ နင့်အစ်ကိုအတွက် အခန်းတစ်ခန်း ပြင်ပေးထားလိုက်ဦး တစ်လကိုးသီတင်း ဆိုသလိုနေမှာ"

"ဟုတ်ကဲ့ ဖေဖေ"

အဖေနှင့် စကားပြောရင်း လူညီချောကို တစ်ချက်ခိုးကြည့်လိုက်သေးသည်။ အကြည့်ချင်းဆုံပြီး ရင်ထဲ လျှင်လှုပ်သွား၏။ တစ်လနှစ်လလောက် နေမှာဆိုသည့်စကားကြောင့်လည်း ပျော်မဆုံးဖြစ်နေသည်။ အိုးချင်းထား အိုးချင်းထိ ဆိုစကားလည်း ရှိသည်မဟုတ်လား။

"ဒါနဲ့ မောင်ရင်က အိမ်ထောင်ကျပြီလား"

"မကျသေးပါဘူး ဦးလေး"

"ကဲ . ကဲ . ရေမိုးချိုးပြီး နားလိုက်ဦး"

ခိုင်ဝါက အခန်းကို ညွှန်ပြသည်။ ရေချိုးဖို့ နေရာကို ခေါ်သွားလေသည်။

"အစ်ကို ရေချိုးနှင့်နော်. . ညီမ အိပ်ယာခင်း ပြင်ဆင်ပေးထားမယ်"

"ကျေးဇူး ခိုင်ဝါ"

လူပျိုလူလွတ် လူစိမ်းတစ်ယောက်နှင့် ကာလတာရှည် တစ်အိမ်တည်း အတူနေရမည့်အရေး တွေးပြီး ခိုင်ဝါ ရင်ခုန်မဆုံးဖြစ်နေသည်။ အိပ်ယာပြင်ပြီးတော့ တစ်ဘက်တစ်ထည်ယူ၍ နောက်



www.burmeseclassic.com

www.burmeseclassic.com



ဖေးဝင်ခဲ့၏။ တောင့်တင်းကျယ်ပြန့်သည့်ရင်အုပ်၊ ဖုထစ်နေသည့် လက်မောင်းကြွက်သားများနှင့် အပေါ်ပိုင်း ဗလာကျင်းနေသော မင်းခန့်၏ ကိုယ်လုံးကိုယ်ပေါက်ကို ခိုးကြည့်ရင်း ခိုင်ဝါ့စိတ်တွေ ယိမ်းယိုင်လှုပ်ရှားနေ၏။

ထိုစဉ် မင်းခန့် လှည့်ကြည့်သဖြင့် သူခိုးလူမိဖြစ်သွားကာ ရှက်ရှက်နှင့်ပင် ခေါင်းကြီးငုံ့၍ ရှေ့တိုးခဲ့၏။ 'အစ်ကို. . ရော့' ဟု သဘက်လှမ်းပေးပြီး သုတ်ခနဲ ပြန်လှည့်ထွက်လာခဲ့သည်။ ခိုးကြည့်တာမိသွား၍လည်း ရှက်လို့မဆုံး ဖြစ်နေလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၀)

လခြမ်းကွေး သေးသေးလေးက တိမ်ညိုမည်းတွေကို တွဲလဲခိုနေ၏။ လရောင်ဆမ်းထားသော ချောင်းရေပြင်ဝယ်၊ ငှဲ့ ထောင်တစ်စီး လှုပ်ရှားသွားလာနေသည်။ ကောင်းဆက်၊ ဝင်းနိုင်နှင့် တပည့်သုံးယောက်တို့ဖြစ်၏။ သူတို့ စိတ်ကြွဆေးတွေသုံးပြီး တအား ကောင်းနေကြသည်။ သီချင်းတွေအော်ဆိုလိုက် ဂစ်တာတီးလိုက်ငှ့ ဖြစ်ချင်တိုင်း ဖြစ်နေကြ၏။ ထိုသို့သွားရင်း ညဘက် ငါးဖမ်းထွက် သည့် လှေတစ်စီးနှင့်ဆုံသည်။



www.burmeseclassic.com

www.burmeseclassic.com



လှေပေါ်တွင် အရွယ်ကောင်း အမျိုးသမီးနှစ်ယောက်သာ ပါတာကို သတိပြုမိ၏။ အရှိန်နှင့်မောင်းပြီး ဖြတ်ကျော်ခဲ့ရာ ခပ်လှမ်းလှမ်းရောက်မှ ဝင်းနိုင် တစ်စုံတစ်ရာကို သတိရသွားဟန်နှင့် ပဲ့ထောင်ကို ရပ်ခိုင်း၏။

"ကိုကောင်းဆက်၊ စောစောက နှစ်ယောက်ဆို အလုပ်ဖြစ်မလား"

"ဖြစ်တာပေါ့၊ သုံးဆယ်အောက်တွေပဲဟာ၊ တရုတ်မယား အဖြစ် ရောင်းမလား၊ ဆောင်ကြာမြိုင် ပို့မလား ရတယ်"

"အိုကေ. . ဟော့ကောင်တွေ အဲဒီနှစ်ယောက် တို့ရွာက မဟုတ်ဘူးမို့လား"

"မဟုတ်ပါဘူး အာစရိ မမြင်ဖူးဘူး"

"ကောင်းပြီ. . တစ်ယောက်က ကိုယ်ဖော့ ရေကူးပြီး ပြန်သွား၊ လှေကိုမှောက်ပစ်လိုက် ငါတို့ လာကယ်မယ်"

"ဟုတ်. . အာစရိ"

တစ်ယောက်က ပဲ့ထောင်နံရိုကိုတွယ်၍ ရေထဲ အသံမကြား အောင်ဆင်းပြီး နောက်ကြောင်းပြန်ကူးသွား၏။ ဝင်းနိုင်က ပဲ့ထောင်ကို ဦးပြန်လှည့်လိုက်သည်။ ခဏကြာတော့ ငါးဖမ်းလှေမှောက်ပြီး ရေထဲပြုတ်ကျသံတွေ ကြားရ၏။ မီးအိမ်တွေပါ ရေထဲကျသွား၍ မှောင်ထဲ စမ်းတဝါးဝါးနှင့် အမျိုးသမီးနှစ်ယောက် ကူးခတ်နေရှာ သည်။ ထိုစဉ် ဝင်းနိုင်တို့ ပဲ့ထောင်အနားရောက်လာကာ အမျိုးသမီး များကို ဆွဲတင်သည်။

သဘောရိုးမှတ်၍ ထိုနှစ်ယောက် လှေပေါ်တက်လာသည်။ ကောင်းဆက်နှင့် ဝင်းနိုင်တို့ မျက်စပစ် အချက်ပေးကာ ဇတ်ပိုးကို



www.burmeseclassic.com

www.burmeseclassic.com



ခတ်ပြင်းပြင်းလေး ထုနှက်လိုက်ကြ၏။ ရေကူးထားရ၍ မောနေသော အမျိုးသမီးနှစ်ယောက် သတိလစ်သွားရှာသည်။ ထို့နောက် ပုံ့ထောင်ကို သူတို့၏ကင်းစောင့်တဲသို့ မောင်းလာခဲ့၏။

ကောင်းဆက်က ဆေးပြားလိုက် သောက်ရသည့် မူးယစ်ဆေးတစ်မျိုးကို ရေနှင့်ဖျော်ကာ အမျိုးသမီးများကို တိုက်သည်။ အင်းစောင့်တဲရောက်တော့ တဲပေါ်ထမ်းတင်ကြ၏။ ထိုမိန်းကလေး နှစ်ယောက် သတိရလာသော်လည်း မူးယစ်ရီဝေကာ လူမှန်းသူမှန်း မသိဖြစ်နေ၏။

ပြီးတော့ ညအမှောင်ထုအားကိုးနှင့် အိမ်အထိ သယ်သွားပြီး အအေးခန်းကားထဲ ထည့်လိုက်ကြသည်။ ဂဏန်းတွေ တက်သုတ်ရိုက်ဖော်ပြီး သေတ္တာငါးလုံးစာလောက်နှင့်ပင် ရန်ကုန်တက်သွားခဲ့သည်။ ထိုကားနှင့် ကောင်းဆက် ပါသွားမည်ဆိုတာတော့ ပြောစရာပင် မလိုတော့ချေ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၁)

နိုင်ဝါခေါ် ၍ မင်းခန့် ရွာထဲလျှောက်ကြည့်ရန် လိုက်လာခဲ့သည်။ နိုင်ဝါက သူတို့ရွာမှုနံမည်ကျော် မုန့်ဟင်းခါးဖြင့်ဧည့်ခံသည်။ မုန့်ဟင်းခါးဖိုး ရှင်းနေစဉ်မှာပင် ပဲ့ထောင်မောင်းသူတစ်ယောက်ဝင်လာပြီး မုန့်ဟင်းခါးမှာသည်။ ထို့နောက် အာပေါင်အာရင်း သန်သန်နှင့်. . .

"ကြားပြီးကြပြီလား၊ ညက ငါးရှာထွက်တဲ့ ဘုရားဒေ့နီးက



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးနှစ်ယောက် ပြန်မလာလို့တဲ့၊ သူတို့ရွာကလူတွေ လိုက်ရှာကြတာ၊ ငါတို့ ရွာချောင်းတံတားနားမှာ မှောက်နေတဲ့လှေပဲ ပြန်တွေ့သတဲ့"

"ဟယ်တော့. . "

"တကယ်ကြီးလား"

ထိုသတင်းကို အားလုံးစိတ်ဝင်စားသလို မင်းခန့်လည်း စိတ်ဝင်စားသွားသည်။ သို့သော် စိတ်ဝင်စားပုံခြင်းက မတူ၊ မင်းခန့်က မှုခင်းရှုထောင့်မှ စိတ်ဝင်စားတာဖြစ်ပြီး ရပ်ရွာကတော့ ပရလောကနှင့် ဆက်နွယ်မလားဟု စိတ်ဝင်စားကြခြင်း ဖြစ်သည်။ ခိုင်ဝါရော မင်းခန့်ပါ စိတ်ဝင်တစား နားစွင့်နေခိုက်. .

"ရေနစ်သေသွားတာလား"

"ရေနစ်ရင် အလောင်းပေါ်လာမှာပေါ့"

"ဒါဆို. . "

"မဟုတ်မှလွဲရော ရှင်မိုး ကြမ်းပြန်ပြီ ထင်တယ်"

"အတင်းမတုပ်ကြနဲ့နော်၊ ကောင်မတွေ တော်ကြာ လိုက်ပြီး ဂုပ်ချိုးနေမှ ဟုတ်ပေ့ဖြစ်နေမယ်"

"အလောင်းမတွေ့ရင်တော့ ဖွေးတုတ်ပြောတာ ဖြစ်နိုင်တယ်"

"ဖြစ်နိုင်တယ် လုပ်မနေနဲ့၊ တို့တော့ ဘာမှတ်ချက်မှ မပေးရဲဘူး"

"ဟုတ်တယ်. . ဟုတ်တယ် ရှင်မိုးက ကျီစားတာဆိုပေမယ့် ခံရတဲ့လူက အသက်ပျောက်မှာ"

သတင်းထူးကို စပ်စုပြီး ခိုင်ဝါတို့ မုန့်ဟင်းခါးဆိုင်မှ ထွက်



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့ကြ၏။ မင်းခန့် သိချင်တာတွေ အများကြီး ဖြစ်နေပြီ။

"ခိုင်ဝါ . . ရှင်မိုးဆိုတာ ဘယ်သူလဲဟင်"

"ရှင်မိုးဆိုတာ သရဲပေါ့၊ လွန်ခဲ့တဲ့ နှစ်နှစ်ဆယ်လောက်က ဆုံးသွားတာ၊ အိပ်မက်ပေးပြီးတောင်းလို့ ကွန်းဆောက်ပြီး နေစရာ ပေးထားရတာလေ၊ ဒါပေမယ့် မခြောက်တာတော့ ကြာပါပြီ"

"ဩော် . . ချောင်းထဲမှာ လူပျောက်တာနဲ့ သူ့ကို ဘာလို့စွပ်စွဲကြတာလဲ"

"သူသေခဲ့တာလဲ ချောင်းထဲမှာလေ၊ ပြီးတော့လည်း ချောင်းရေထဲကပဲ ထွက်ထွက်လာပြီး ခြောက်တာလို့ ပြောကြတယ် အစ်ကိုရဲ့ . . ."

"ဩော် . . . ဒီလိုကိုး"

ထိုအကြောင်းကို မင်းခန့် သိပ်အာရုံမရောက်၊ သူက မိန်းကလေးနှစ်ယောက် ပျောက်မှုမှာ လူကုန်ကူးမှုနှင့် ပတ်သက်ခြင်းရှိမရှိ ဆိုတာကိုသာ အလေးထားစဉ်းစားနေသည်။ အိမ်သို့ ပြန်လာရာ လမ်းတွင် ဆရာမလေးတစ်ယောက်နှင့် ဆုံသည်။

"နှံ့သာ ကျောင်းသွားတော့ မလို့လား"

"အေး . . ဘယ်က ပြန်လာကြတာလဲ"

"မြို့က ဧည့်သည်ရောက်လို့ ရွာထဲ လိုက်ပြနေတာ၊ ဒါ ကိုမင်းခန့်တဲ့"

"ဩော် . . ဟုတ်ကဲ့ရှင့်"

"နာမည်က နှံ့သာတဲ့လား၊ တစ်ကိုယ်လုံး သနပ်ခါး အမွှေးသားနဲ့ဆိုတော့ လူနဲ့နာမည်နဲ့တော့ လိုက်တယ်နော်"

ကျက်သရေရှိလှသော ဆရာမလေး နှံ့သာအား မင်းခန့်က



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှ စကားလုံးများနှင့် ချီးကျူးလိုက်သည်။

"ကျောင်းပိတ်ရက်ကျ လာခေါ်မယ်နော်၊ တို့တွေ အတူတူ လျှောက်လည်ကြရအောင်"

"အေး. . လာခဲ့လေ. . ခုတော့သွားမယ်၊ နောက်ကျနေပြီ ခွင့်ပြုပါဦး ကိုမင်းခန့်"

"ဟုတ်ကဲ့ပါ"

နှံ့သာ ထွက်သွားရာသို့ မင်းခန့် သမင်လည်ပြန်ပင် လိုက်ကြည့်မိသည်။ ဒီလိုတောရွာလေးမှာ အပြစ်ဆိုစရာမရှိသည့် အလှပိုင်ရှင်တစ်ယောက်ကို တွေ့ရ၍လည်း အံ့သြနေမိသည်။

"ကိုမင်းခန့် နှံ့သာက စောစောကပြောကြတဲ့ ရှင်မိုးရဲ့ သမီးလေ"

"ဟင်. . "

"ဟုတ်တယ် ကိုမင်းခန့် သူ လသားသမီး အရွယ်လောက်မှာ သူ့အမေ ရေနစ်ပြီးဆုံးသွားတာလို့ အဖေတို့ ပြောကြတာပဲ"

"သြော်. . သနားစရာ ကောင်းလိုက်တာ"

အိမ်ပြန်ရောက်တော့ အိမ်ရှေ့မှာ ပန်းပင်တွေ ရေလောင်းနေသော ဦးမြတ်ခိုင်နှင့် ဆုံသည်။ အိမ်ပေါ် လိုက်မသွားတော့ပဲ ဦးမြတ်ခိုင်နှင့် နေခဲ့လိုက်သည်။

"ဘုရားကုန်းက မိန်းကလေးနှစ်ယောက် ဒီရွာ ရေပိုင်နက်ထဲမှာ ပျောက်သွားလို့တဲ့၊ အဲဒါ ကြားပြီးပြီလား"

"ကြားပြီးပြီ မောင်မင်းခန့်၊ ဘုရားကုန်းရွာခံရဲကို ဖုန်းဆက်မေးပြီးပြီ၊ တစ်ယောက်က မလှအေး အသက် (၂၅)နှစ်၊ နောက်တစ်ယောက်က မနွဲ့ရီ(၂၇)နှစ်၊ ခုထိ လူရော အလောင်းပါ ရှာမတွေ့



www.burmeseclassic.com

www.burmeseclassic.com



သေးဘူးတဲ့"

"အဲဒါ လေးလေး ဘယ်လိုထင်လဲ"

"လူကုန်ကူးမှု ဖြစ်စဉ်တွေ ဒီအနီးတစ်ဝိုက်မှာတော့ မဖြစ်ဖူးသေးဘူးလို့ ပြောလို့ရတယ်၊ သာပေါင်းစခန်းကလူတွေ တော်ကြာဆို ရောက်လာကြမှာ၊ ရပ်ကျေးအာဏာပိုင်တွေနဲ့ ပူးပေါင်းပြီး လိုက်ရှာကြမှာလေ၊ သုံးရက်လောက်ရှာလို့မှ မတွေ့ရင်တော့ လူကုန်ကူးခံရတယ်လို့ပဲ ယူဆရမှာ"

"အင်း. . ဟုတ်တယ် ဒါနဲ့ ရွာထဲမှာ ခြေစလက်စ ရှိတဲ့သူ အတော်များလား"

"ဒီလောက်ကြီးကြီးမားမား လုပ်ရဲတဲ့လူတော့ မရှိပါဘူး၊ တခြားကလာပြီး စည်းရုံးရေးဆင်းမယ့် လူစိမ်းတွေလောက်ပဲ သတိထားရမှာ"

"ကျွန်တော် ရောက်ရောက်ချင်း လက်ဘက်ရည်ဆိုင်မှာ ဆုံခဲ့တဲ့ လူရမ်းကားတွေကရော"

"ဩော်. . ဝင်းနိုင်တို့ အဖွဲ့ကို ပြောတာလား၊ အလကားပါ ရွာမှာ စီးပွားရေးအဆင်ပြေလို့ လူတွင်ကျယ်လုပ်နေတဲ့ ကောင်တွေပါ"

"ဒါဆိုပြီးရောလေ၊ ကဲ. . ဒီနေ့ ကျွန်တော့်ကို လှေတစ်စီးစီစဉ်ပေး၊ ကျွန်တော် နောက်တစ်နာရီလောက်ဆို ထွက်ချင်တယ်"

"ရပါတယ်ဗျာ. . "



www.burmeseclassic.com

www.burmeseclassic.com




# အခန်း (၁၂)

မင်းခန့် ချောင်းရိုးတစ်လျှောက် လှေတစ်စီးနှင့် စနည်းနာထွက်၏။ သူ့အနေနှင့် သာပေါင်းစခန်းမှ ရောက်လာမည့်သူများနှင့် ပေါင်းလို့မရ၊ ကိုယ့်တာဝန်နှင့်ကိုယ် သီးသန့်လှုပ်ရှားရမည့် အထူးတာဝန်နှင့်လူဖြစ်သည်။ အလောင်းပဲရှာတွေ့တွေ့ သဲလွန်စပဲရရ ဆိုပြီး တကိုယ်တော် လှော်ခတ်လာခဲ့ခြင်း ဖြစ်၏။

ထိုသို့လှော်ခတ်လာရင်းနှင့် ဆရာမလေး နှံ့သာတို့ ပြန်မြင်


www.burmeseclassic.com

www.burmeseclassic.com



ယောင်နေမိသည်။ နံ့သာက အတော်ပင် ချောမောလှပကာ ကျက်သရေရှိသည့် မိန်းကလေးတစ်ယောက်ဖြစ်၏။ ဂုဏ်ဝင်ဆန်လွန်းသော အလှပိုင်ရှင်လည်းဖြစ်သည်။ ဒီတစ်ခေါက် တာဝန်ထမ်းဆောင်ရင်း ဒုလုံခြုံရေးမှူးကတော်ပါ ရှာနိုင်မည်လားတွေးပြီး ရင်ခုန်စိတ်လှုပ်ရှားနေမိသည်။

မင်းခန့် လျှော်ခတ်လာရင်း တစ်နေရာအရောက်တွင် နတ်ကွန်းတစ်ခုကိုတွေ့၏။ ဘာနတ်ကွန်းလဲဆိုတာ သိချင်လာ၍ ကမ်းစပ်သို့ လှေဦးထိုးတင်ရင်း ဆင်းခဲ့သည်။ လေးတိုင်စင်နှင့် ကျောင်းဆောင်တွင် ပန်း၊ ရေချမ်း၊ သစ်သီးများ တင်ထားတာတွေ့သည်။

သို့သော်. . နတ်ရုပ်ကိုမတွေ့၊ သေသေချာချာ စပ်စုကြည့်မှ ကျောင်းဆောင်အတွင်းဘက်နံရံတွင်မှီကာ ထောင်ထားသော ဓာတ်ပုံတစ်ပုံကိုတွေ့သည်။ စိတ်ဝင်စားလွန်းလှသဖြင့် သင့်မသင့်ဆိုတာကိုပင် မစဉ်းစားတော့ပဲ ယူကြည့်မိသည်။

"ဟင်. . နံ့သာနဲ့ တူလိုက်တာ"

တစ်ယောက်ထဲ ဆက်စပ်စဉ်းစား အဖြေထုတ်နေခိုက် ဝူးဝူးဝေါဝေါ အသံမြည်အောင် လေတွေတိုက်လာတော့သည်။ ပရလောကကို အယုံအကြည်မရှိသော မင်းခန့်ပင် ကြက်သီးထသွားရသည်။ ယုံတာမယုံတာ အသာထား၊ မနှောက်ယှက်တာ အကောင်းဆုံးဟုတွေးကာ ဓာတ်ပုံကို မူလနေရာတွင် ပြန်ထားပြီး စိတ်ထဲကလည်း ကျိတ်တောင်းပန်လိုက်ရ၏။

ဆက်စပ်မှုရှိတာလား၊ တိုက်ဆိုင်တာပဲလား မပြောတတ်၊ အသံမြည်အောင် တိုက်ခတ်နေသောလေက ချက်ချင်းငြိမ်သက်သွားသည်။ မင်းခန့်လည်း လှေပေါ်ပြန်တက်ပြီး ခရီးဆက်ခဲ့၏။ စိတ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာတော့ မတင်မကျ။

ချောင်းရိုးအတိုင်း လှော်ခတ်လာရင်းနှင့်ပင် ရွာတစ်ရွာသို့ ရောက်လာ၏။ သတင်းနားစွင့်ရန် ကမ်းကပ်ပြီး ဖြစ်သလိုဖွင့်ထားသည့် ကော်ဖီမစ်ဆိုင်တစ်ဆိုင်တွင် ဝင်ထိုင်လိုက်သည်။ ဒီရွာကို သာပေါင်းစခန်းကရဲတွေ လာသွားပြီးပြီဆိုတာ သောက်သုံးသူတွေ ဝေဖန်နေမှုအရ သိရသည်။

"အလကားပါ. . တရားခံလည်း မပေါ်ပါဘူး"

"စောင့်ကြည့်ပါဦးဗျာ"

"စောင့်ကြည့်ရမယ့်ကိစ္စတွေ များလွန်းလို့ စိတ်မရှည်တော့ဘူးဗျို့၊ ခုဆို မလှအေးနဲ့ မန္တလေးရီတို့ မိဘတွေ ဘာလုပ်ရမှန်း မသိဘဲ ခေါင်းမီးတောက်နေကြပြီ"

"ဟုတ်ပ. . ဟုတ်ပ၊ အသုဘပဲ ချရမှာလား၊ လူပျောက်တိုင် ချက်ပဲ ဖွင့်ရမှာလားပေါ့"

အများစုက ရဲတပ်ဖွဲ့အပေါ် အမြင်မကြည်လင်တာတွေရှိနေ၍ မင်းခန့် မျက်နှာပူနေသည်။ သူလည်း ဆန္ဒပြမည့်သူတွေ နိုင်ငံရေးတက်ကြွလှုပ်ရှားသူတွေကို စောင့်ကြည့်ရတာ စိတ်ကုန်နေပြီဖြစ်သည်။ အခုလို ပြည်သူ့အတွက် ဦးတည်ပြီး လူကုန်ကူးမှု တိုက်ဖျက်ရေး စီမံချက်မှာ ပါဝင်ရတာကို ဂုဏ်ယူနေမိ၏။

"ရဲကိုပဲ အပြစ်တင်မနေနဲ့လေ၊ တော်ကြာ ထန်းစင်လှက ရှင်မိုးလက်ချက် ဖြစ်နေဦးမယ်"

ထိုစကားကို ထောက်ချင့်ပြီး ရှင်မိုးက ဒီဒေသတစ်ဝိုက် အတော်လွှမ်းမိုးမှုရှိကြောင်း သိလာရ၏။

"ရှင်မိုးက သူ့ကို မစော်ကားမနှောက်ယှက်ရင် ဘာမှမလုပ်



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး၊ သူ သောင်းကျန်းပြီဆိုရင် အကြောင်းတစ်ခုခု ရှိလို့ပဲ၊ အဲဒါတော့ ယုံထားလိုက်. . .”

“ရှင်မိုးကြောင့်ဆိုလည်း အလောင်းတော့ ပြန်တွေ့ရမှာပေါ့၊ ခုဟာက”

“စောသေးတယ်လေဗျာ၊ ပျောက်သွားတာ တစ်ရက်ပဲရှိသေးတဲ့ ဥစ္စာ”

“ကျုပ်တော့ ပြန်ပေးဆွဲခံရတာပဲလို့ ထင်တယ်၊ ဘာလို့လဲဆိုတော့ ပြန်တွေ့တဲ့လှေက မှောက်နေတယ်လေ၊ အကြမ်းဖက် အဖမ်းခံရတာပဲဖြစ်မယ်”

ထိုလူအတွေးကို မင်းခန့် သဘောကျသည်။ ဒီနေရာက ရသည့် သတင်းအချက်အလက်ကလည်း လုံလောက်နေပြီမို့ မင်းခန့် နောက်ကြောင်းပြန်လှည့်ခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၃)

သယ်ရက်ကျော်မှ ကောင်းဆက် ပြန်ရောက်လာသည်။ ငတ်ငတ်နှင့် ဆေးတွေ အတိုးချသုံးပြီး ဝင်းနိုင်တို့အဖွဲ့ ရွာထဲလမ်းသလားပြန်သည်။ တနင်္ဂနွေနေ့မို့ ခိုင်ဝါက မင်းခန့်ကိုခေါ်ကာ နံ့သာထံ ရောက်လာသည်။ ချိန်းထားသည့်အတိုင်း ရွာဦးဘုရားသွားဖူးဖို့ အတူထွက်လာကြခြင်း ဖြစ်သည်။ အိမ်မှာက ဘသံဒိုင်းက ဗေဒင်လာမေးသူ၊ ဆေးလာကုသူတွေ ရှုပ်နေသဖြင့် အပြင်ခိုဖို့ နံ့သာ

www.burmeseclassic.com

www.burmeseclassic.com



လိုက်လာခြင်းလည်းဖြစ်သည်။ တကယ်တော့ သူစိမ်းယောက်ျားတစ်ယောက်နှင့် အတူလျှောက်လည်ဖို့ နံ့သာ ဘယ်တုန်းကမှ မတွေးမိခဲ့၊ ခိုင်ဝါနှင့် မင်းခန့်ကို အားနာ၍သာ လိုက်လာခဲ့ခြင်းဖြစ်သည်။ ရွာလယ်တစ်နေရာတွင် ဝင်းနိုင်တို့အုပ်စုနှင့် ဆုံပြန်သည်။

"ဟော. . နံ့သာ အတော်ပဲ ခုပဲ နင့်အိမ်ကို လာမလို့"

"ဘာကိစ္စရှိလို့လဲ"

"ချစ်အဖေ လာတောင်းမလို့လေ"

သူစိမ်းယောက်ျားတစ်ယောက်ရှေ့မှာ ထိုသို့ပြောခံရ၍ နံ့သာ ရှက်သွားသည်။

"ဒီမယ်. . ဝင်းနိုင်၊ လုံးဝ မမျှော်လင့်နဲ့လို့ နင့်ကို အပြတ်ပြောထားပြီးသားနော်၊ နင် အရှက်မရှိဘူးလား"

အကောခံရသဖြင့် ဝင်းနိုင် တင်းသွားကာ နံ့သာ၏ ပုခုံးစွန်းဖက်ကို ဆုပ်ကိုင်ရင်း. .

"အဖေတို့ကို ဖွင့်ပြောပြီးပြီ၊ အဖေက ပွဲထောင်တစ်စီး လယ် (၁၅) ဧက တင်တောင်းမယ်တဲ့၊ အဲ့လောက်ဆို နင့်အတွက် ဂုဏ်မငယ်ပါဘူးဟာ"

နံ့သာက အတင်းရုန်းကာ. .

"ဝင်းနိုင် လွှတ်ဆိုလွှတ်နော်၊ နောက်မှ ငါ့အဆိုးမဆိုနဲ့"

အခြေအနေက တင်းမာလာသည်မို့ ခိုင်ဝါ ဝင်ရောက်ဖြန်ဖြေသည်။ သို့သော် ဝင်းနိုင်က မလျှော့. .

"ကဲ. . မင်းတော်လိုက်ရင် ကောင်းမယ်ထင်တယ်"

မင်းခန့် လေသံမာသလို ဝင်းနိုင်၏ လက်ကိုလည်း ခပ်ဆတ်ဆတ် ပုတ်ထုတ်လိုက်၏။ မင်းခန့် လက်သံကို မြည်းစမ်းဖူးသော



www.burmeseclassic.com

www.burmeseclassic.com



၍ ဝင်းနိုင် နဲနဲဖြုံသွားသည်။

"ငါ ဘယ်တော့မှ လက်မလျှော့ဘူး၊ လူကြီးစုံရာနဲ့ ရောက်အောင်ကို လာခဲ့မှာ"

"သွားသေလိုက်. ."

မကျေမချမ်းနှင့် လှမ်းအော်ပြောသည့် ဝင်းနိုင်အား နံ့သာကလည်း တစ်ခွန်းမခံ ပြန်ပက်သည်။ ဝင်းနိုင်တို့ ထွက်သွားမှ သူတို့လည်း ဘုရားသို့ ခရီးဆက်ခဲ့ကြသည်။ သူတို့ သုံးယောက်ကလည်း ဦးတည်ချက်တွေ လွဲနေကြသည်။ ခိုင်ဝါ က မင်းခန့်အား အရေးပေးသလောက် မင်းခန့်က နံ့သာအပေါ်မှာသာ ဂရုတစိုက် ရှိနေ၏။ ဘုရားဖူးရင်း လိပ်ဥတူးဖို့ကြိုးစားနေသော ခိုင်ဝါ အောင်မြင်မှာလားလောလောဆယ် အနေအထားကတော့ ယောက်ျားလေးဘက်က မစသေးသည့်အတွက် သူတို့သုံးယောက်ဆက်ဆံရေးက သူငယ်ချင်းအဆင့်မှာသာ တည်တန့်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၄)

ပုရစ်သံ ဖားသံ စီစီညံလျက်နှင့် ညက သက်ဝင်ပီပြင်နေသည်။ ထိုအချိန်တွင် ရှင်မိုးကွန်းတွင်လည်း ထူးခြားမှုတွေ ဖြစ်နေ၏။ ကွန်းအနီး၌ ကွက်ကာ လေထန်နေသည်။ အနီးအနားက သစ်ကိုင်းတွေအကုန်လုံး လေတိုးပြီး ဝရုန်းသုံးကားဖြစ်လာသည်။ ကွန်းအတွင်း ရှင်မိုးဓါတ်ပုံဆီမှ အခိုးအငွေ့တွေ ထွက်လာကာ စုစည်းသွားချိန်မှာ လူသဏ္ဌာန်ဖြစ်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအရာကား ရှင်မိုး၏ဝိညာဉ်ပင် ဖြစ်သည်။ မနက်က သမီးလေး နံ့သာကို ကျော်စိုးရဲ့သား နှောက်ယှက်၍ ဒေါသအကြီးအကျယ် ထွက်နေခြင်းဖြစ်သည်။

"ဝင်းနိုင် ဒီတစ်ခေါက်ကော မိန်းကလေးတွေ ရနိုင်ဦးမလား"

"ဟိုတစ်ခါ အဖြစ်နဲ့တင် တစ်ရွာလုံး သတိဝိရိယ ရှိကုန်ကြပြီ၊ ရဲတွေလည်း ခြေရှုပ်နေတယ် ကိုကောင်းဆက်"

သူတို့က အိမ်အောက်ထပ် ကွပ်ပျစ်တွင် သောက်စားနေကြခြင်း ဖြစ်၏။ အင်းပိုင်ရှင် မွေးမြူရေးကန်ပိုင်ရှင်ဆိုတော့ ပုဇွန်၊ ဂဏန်း၊ ငါး စသည်ဖြင့် အမြည်းတွေက ဖွယ်ရာစုံလင်နေသည်။ ရွာခံတွေက ရိုးနေပြီဖြစ်သော်လည်း ဧည့်သည်ကောင်းဆက်မှာ ဂဏန်းတွေ၊ ပုဇွန်တွေကို ထမင်းလွတ် ဟဲနေ၏။ ထိုအခိုက် ကွပ်ပျစ်ဘေးဘက်မှ တိုးဝင်လာသော ဆံနွယ်စတွေကို ဘယ်သူမှ သတိမပြုမိကြ။

ထိုဆံနွယ်တွေက ငါးကြော်တွေ ဂဏန်းမီးဖုတ်တွေ ပုဇွန်ကင်တွေကို ရစ်ပတ်ဆွဲယူသွား၏။ ကြမ်းပြင်တစ်လျှောက် တရွေ့ရွေ့ပြန်ထွက်သွားသော ဆံနွယ်များနောက်သို့ ပုဇွန်တွေ၊ ဂဏန်းတွေ၊ ငါးတွေ တသီကြီး ပါသွားကြသည်။ ထိုအချိန်တွင် အရက်ထပ်မော့ပြီး အာပူသွားသော ဝင်းနိုင်က အမြည်းပန်းကန်ကို နှိုက်လေရာ. .

"ဟင်. ."

"ဘာလဲ. . အာစရိ"

"အမြည်း. . အမြည်းတွေရော"

"အများကြီးလေ. . ဒီမှာ. . ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ဇလုံသုံးလုံးနှင့်ထည့်ထားသောအမြည်းတွေ မရှိသလောက် ဖြစ်နေတာကို သတိပြုမိပြီး အားလုံး တအံ့တဩ ဖြစ်ကုန်ကြ၏။ အားလုံး၏ အကြည့်က ကောင်းဆက်ထံ ရောက်သွားကြသည်။

"ခင်ဗျား တော်တော်စားနိုင်တဲ့လူပဲ"

"ဟာ. . ဟော့လူတွေ ကျွန်တော်ကြိုက်လို့ စားတာမှန်ပါ တယ်၊ ဒါပေမယ့် စောစောကအထိ အများကြီး ကျန်သေးတယ်ဗျ"

"အင်း. . ဟုတ်တော့ ဟုတ်တယ်၊ ဒီလောက်တော့ သူစား နိုင်မှာ မဟုတ်ဘူး၊ ကြော်ထားတာ အားလုံး တစ်ပိဿာခွဲလောက် ရှိတာ"

"ဒါဆို ဘယ်ရောက်ကုန်လဲ"

ဘယ်လိုတွေတွေး အဖြေမထွက် ဖြစ်နေချိန်တွင် ဆံနွယ်စ တွေ လျှောတိုက်ပြီး ဝင်လာပြန်သည်။ နောက်တစ်ကြိမ် လက်ကျန် ရှင်းတမ်းဖြတ်ဖို့ ကွပ်ပျစ်ပေါ် တွယ်တက်လာ၏။ သုံးလေးကောင် သာ ကျန်တော့သော ငါးများကို ဆွဲယူသည်။

"ဟိုမှာ. . ဟိုမှာ. . . ဟာ. . . ဟင်"

စမြင်လိုက်သော ကောင်းဆက်က တအံ့တဩ အော်လေ ၏။ အလန့်တကြားခုန်ထသူထ၊ ခေတ်မီးနှင့် ထိုးသူထိုးနှင့် ဝရုန်းသုန်း ကားဖြစ်နေစဉ် ငါးကြော်များရစ်ကပ်ကာ ဆံနွယ်များ ပြန်လျှောဆင်း သွားတော့၏။ ကောင်းဆက်တို့အုပ်စု ငါးကြော်တွေဆွဲသွားသည့် ဆံပင်များနောက်သို့ တစ်လှမ်းချင်း လိုက်ကြည့်ကြသည်။

လက်နှစ်လုံးလောက် ဟနေသော တံခါးနှင့် ကြမ်းကြားမှ ဆံပင်တွေရော ငါးတွေပါ ထွက်သွားတာ နောက်ဆုံးမြင်လိုက်ကြရ ၏။ ဝင်းနိုင်က တပည့်တစ်ယောက်အား တံခါးဖွင့်လိုက်ရန် အမူ



www.burmeseclassic.com

www.burmeseclassic.com



အယာလုပ်ပြသည်။ ထိုတပည့်က ခေါင်းညိတ်ပြပြီး တုန်တုန်ရီရီ နှင့်ပင် တံခါးကို ချက်ဖြုတ်၍ ဆွဲဖွင့်လိုက်ရာ. .

"ဟင်. ."

တံခါးဝတွင် မတ်တပ်ရပ်နေသော ရှင်မိုးကို တွေ့ကာ. .

"အောင်မလေး သရဲ. . သရဲ. . အဲဒါ သရဲ"

ရှင်မိုးဆံနွယ်များက ဝင်းနိုင်၏ လည်ပင်းကို ဆွဲယူရစ်ပတ်လိုက်လေသည်။ ဝင်းနိုင် တဆတ်ဆတ်ပင် တုန်ယင်နေပြီ၊ ရှင်မိုး ခေါင်းကို နောက်သို့ယိမ်းလိုက်သည်တွင် ဝင်းနိုင် အားဆောင့်ဆွဲလိုက်သလို ဖြစ်သွားပြီး သူမခြေရင်းသို့ ရောက်သွား၏။

သရဲနှင့် ဝင်းနိုင် မျက်နှာချင်းထိလုမတတ် နီးကပ်လို့နေပြီ။ ရှင်မိုးထံမှ ချောင်းရေညှိနံ့နှင့် အပုပ်နံ့တွေ လှိုင်လှိုင်ကြီး ရနေသဖြင့် ဝင်းနိုင် အလန့်တကြားအော်ကာ ရုန်းကန်နေရသည်။

"အောင်မလေး. . ကယ်တော်မူကြပါဗျို့"

လည်ပင်း၌ ရစ်ပတ်ထားသော ဆံပင်များက တင်းလွန်းလှသဖြင့် ရုန်းမရ ပြေးမရ ဖြစ်နေပြီ။

"ဟော့ကောင်တွေ တစ်ခုခု လုပ်ကြဦးလေ"

ကောင်းဆက်က အော်ဟစ်သတိပေးသည်။ တပည့်တွေ ဘာလုပ်ရမှန်းမသိ၊ အူကြောင်ကြောင်နှင့် ပေရပ်နေကြ၏။ ဝုန်းဒိုင်း ကျဲ ဆူညံမှုကြောင့် ကျော်စိုးတို့ လင်မယား နိုးသွားကာ အောက်ထပ် သို့ ဆင်းလာကြသည်။

"ဟာ. . ဟော့ကောင်တွေ ဆံပင်ကို ဓားနဲ့ ခုတ်ဖြတ်ကြလေ၊ ငါ့သားသေတော့မယ်"

ထိုသို့သတိပေးမှ တပည့်တွေ ဓားဆွဲသူဆွဲ၊ တုတ်ဆွဲသူဆွဲ



www.burmeseclassic.com

www.burmeseclassic.com



နှင့် လှုပ်ရှားလာကြ၏။ ဓားကိုင် တပည့်တစ်ယောက်က ခေါင်းနှစ်လုံးကြားမှ ဆံပင်များကို ဓားနှင့်ဝင်ခုတ်သည်။ ရာဘာတုံးကြီးကို ခုတ်ရသလို ဓားက ပြန်ကန်ထွက်လာ၏။ ထိုဓားသမား မကျေနပ်၍ အားထည့်ပြီး ထပ်ခုတ်သည်။ ဓားက လက်ထဲမှလွတ်ပြီး လွင့်ထွက်သွား၏။

"ဝိုင်းခုတ်. . ဝိုင်းရိုက် လုပ်ကွာ၊ အသေသာလုပ်"

ရှင်မိုး သူ့ခေါင်းကို ဝေ့ဝိုက်ခါယမ်းလိုက်ရာ ဝင်းနိုင် ကိုင်ပေါက်ခံရသလို လဲကျသွား၏။ ထို့နောက် ရှင်မိုး တဟားဟား အော်ဟစ်ရယ်မောကာ ထွက်သွားလေသည်။

ရှင်မိုးထွက်သွားသည်နှင့် ဦးစွာလှုပ်ရှားလာတာက ရွက်ဝါပဲဖြစ်သည်။ သားကို ပြေးပွေ့ကာ ဒဏ်ရာများကို ကြည့်ရှုနှစ်သိမ့်ပေးနေ၏။

"သူ အခြောက်အလှန့် မလုပ်တာကြာပြီ၊ ဘာဖြစ်လို့ သူ ဒီလိုလုပ်တာလဲ"

ထိုမေးခွန်းကို ဘယ်သူမှ မဖြေကြ။

"သား. . မဟုတ်တာ ဘာတွေလုပ်ခဲ့သေးလဲ"

"ဘာ. . ဘာမှမလုပ်ပါဘူး အမေ"

"ဟုတ်ရဲ့လားကွာ၊ သူ့သမီး နံ့သာကိုရော"

"ဗျာ. ."

အဖေအမေတွေ ဝိုင်းမေးကြတော့မှ ဝင်းနိုင် မဖြစ်မနေဝန်ခံလိုက်ရသည်။

"မနက်. . မနက်ကတော့ နံ့သာဆီက အဖြေတောင်းရင်း ဆွဲလားရမ်းလား လုပ်မိတယ် အဖေ၊ ဒါပဲ ဒီ့ထက် ပိုကိုမလုပ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အေး . . အဲဒါပဲ၊ အဲဒါကြောင့် သူရောက်လာတာ၊ ဒီသမီးကြောင့် သူ မကျွတ်မလွတ် ဖြစ်နေတာ၊ မင်းသာ ဒီ့ထက် ကြမ်းခဲ့ရင် မင်းကို ဝိညာဉ်ပါ နှုတ်သွားမှာ"

"အို . . ရာရာစစ သရဲမကများ ကျွန်မတို့သားကို . . ၊ မကျေနပ်ဘူး . . သူက သရဲဆိုရင် သရဲကိုနိုင်တဲ့ ဆရာရှာမယ်"

ရွှက်ဝါ သားကိုထိ၍ မချိတင်ကဲဖြစ်ကာ ဒေါသထွက်နေ၏။ တပည့်တစ်ယောက်က မီးလောင်ရာ လေပင့်ဆိုသလို . .

"တိုက်မြွေစီးရင်ပြီး ကိုယ်သေစေချင်တဲ့လူကို ပေါက်သတ်ဖို့ လုပ်ပေးနိုင်တဲ့ ဆရာတစ်ယောက်ရှိတယ် ဒေါ်လေး၊ ကံကြီးကုန်းမှာ . . ."

"ဟင် . . တကယ်လား"

"တကယ်ပါ ဒေါ်လေးရ၊ အဲဒီဆရာ အတော်စွမ်းတယ်"

"ကောင်းပြီ . . အဲဒီဆရာဆီ ခုပဲသွားမယ်"

သရဲကို အောက်လမ်းဆရာနှင့် ပြန်တိုက်ဖို့ အားတက်သရော လှုပ်ရှားကြတော့သည်။ ပွဲထောင်ကို ဆီဖြည့်သူဖြည့် ခါတ်မီးစုသူစုနှင့် တက်သုတ်ရိုက် ပြင်ဆင်ကြသည်။ ကျော်စိုးက မနက်ကျမှသွားပါဆိုတာတောင် . . မရ၊ ရွှက်ဝါက ပွဲထောင်ပေါ် အရင်ဆုံး ရောက်နှင့်နေပြီ။

မထူးတော့ပြီမို့ ညတွင်းချင်းပင် ကံကြီးကုန်းသို့ ထွက်ခဲ့ကြသည်။ အချိန်က ညဆယ့်နှစ်နာရီဝန်းကျင် ဖြစ်နေပြီ။ ကံကြီးကုန်းကို နာရီဝက်လောက်တော့ မောင်းရသည်။

ရွှက်ဝါ တက်ကြွနေသလောက် ကျော်စိုး စိုးရိမ်ထိတ်လန့်နေသည်။ ရှင်မိုးက သူ့ကြောင့်သေခဲ့ရသည် မဟုတ်လား။ ဒီအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



တွေ ဘယ်သူမှ မသိသော်လည်း သူကိုယ်တိုင် စိတ်မလုံ၍ ရင်တုန်နေပြီလေ။

ပြီးတော့ ရှင်မိုးက ချောင်းထဲမှာဆို ပိုပြီး အင်အားကြီးသည်။ အောက်လမ်းဆရာဆီသွားတာ သိသွားပြီး ရေထဲကနေ သူ့များဆွဲချသွားလေမလား. . ။

ရင်တထိတ်ထိတ်နှင့် ကံကြီးကုန်းသို့ ရောက်လာခဲ့သည်။

ရောက်ဖူးသူ၏ လမ်းညွှန်ချက်အရ ရွာအစွန်သို့ ဆက်မောင်းလာခဲ့၏။ ရွာစွန်သို့ ငါးမိနစ်လောက်နှင့် ရောက်သွားသည်။ ထိုနေရာမှ ကမ်းပါးထက်တွင် မီးရောင်မှိန်ပျပျ လင်းနေသော တဲကြီးတစ်လုံး ရှိနေသည်။ မြင်ကွင်းက စိတ်ချောက်ချားစရာ ဖြစ်နေသလိုအနံ့အသက်တွေကလည်း မကောင်းသဖြင့် အားလုံးအော်ဂလီဆန်နေကြသည်။

ကမ်းပါးအတက်လမ်းကို ဓာတ်မီးထိုးပြီး တစ်ယောက်ချင်းတက်လာခဲ့ကြ၏။ ထိုအတက်လမ်းတစ်လျှောက်လုံး၏ ဘေးဘယ်ညာတွင် စပါးလင်ပင်တွေ တန်းစီစိုက်ထားသည်ကိုတွေ့ရ၏။ စပါးလင်ပင်ကို အညှီအဟောက်တွေ သွေးတွေလောင်းထား၍လားမသိ၊ နံစော်ပုပ်ဟောင်နေသည်။ စပါးလင်ပင်နှင့် အညှီအဟောက်ဆိုတာ သရဲမွေးသူတွေသာ အသုံးပြုကြသည်ဟု ကြားဖူးထားသည်မို့ အလိုလိုနေရင်းပင် ကြောက်လန့်နေကြသည်။

တဲဝရောက်တော့ အားလုံးမတိုင်ပင်ရပဲ ခြေစုံရပ်လိုက်ကြ၏။ ကျော်စိုးက ရောက်ဖူးသည်ဆိုသော တပည့်အား မေးငေါ့ပြရင်း လှမ်းခေါ်ဖို့ အချက်ပေးသည်။

"ဆရာကြီး. . ဆရာကြီးအဂ္ဂ၊ အထဲမှာ ဆရာကြီး ရှိလား"



www.burmeseclassic.com

www.burmeseclassic.com



တုန့်ပြန်သံ မကြားရ၊ အသံမြင့်၍ ထပ်ခေါ်မည်ပြုစဉ် တိရိစ္ဆာန်တစ်ကောင်၏ နှာမှုတ်သံလိုလို ကြားရလေသည်။ ဘာများလဲဟု စူးစမ်းစဉ် ကြောက်မက်ဖွယ်ရာ အသွင်နှင့် သရဲကြီးတစ်ကောင် ကိုယ်ထင်ပြလာ၏။ ရှင်မိုးလောက်သာ သရဲထင်နေကြသော ကျော်စိုးတို့တသိုက် ပုံဆိုးပန်းဆိုးနှင့် ထိုသရဲကိုမြင်ပြီး အကြီးအကျယ် ထိတ်လန့်သွားကြသည်။ နောက်ကြောင်းလှည့် ပြန်ပြေးဖို့ ဟန်ပြင်လိုက်စဉ်. .

"ဟိတ်. . တာတေ သွားစမ်း၊ ဧည့်သည်ကို ဒီလိုပဲ ကြိုရလား"

ဝေါက်ငမ်းသံ ကြားလိုက်ရပြီး သရဲကြီးတာတေ ပေစောင်းစောင်းနှင့် အိမ်ဘေးသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။

"ကဲ. . လာ. . လာ ဝင်ခဲ့ကြ"

အထဲမှလှမ်းခေါ်၍ သူတို့ မဝံ့မရဲနှင့် တဲထဲသို့ တစ်လှမ်းချင်း ဝင်ခဲ့ကြသည်။ မှေးမှေးမှိန်မှိန် မီးတိုင်အောက်မှာ ရှုပ်ပွနေသော အထားအသိုများကြား၌ မုတ်ဆိတ်ကျင်စွယ် ရှည်လျားလျား၊ ဆံပင်စုတ်ဖွားဖွားနှင့် လူကြီးတစ်ယောက်ကို တွေ့ရသည်။

"ထိုင်ကြ. . ထိုင်ကြ. . "

နေရာပေးရင်း ဖယောင်းတိုင်မီးများ ထွန်းညှိလိုက်၏။ တစ်ခန်းလုံး လင်းထိန်သွားသည်။ ထိုအခါမှ မျက်တွင်းဟောက်ပက်နှင့် လူခေါင်းခွံများပေါ် ဖယောင်းတိုင် တင်ထွန်းထားမှန်း သိလိုက်ကြရသည်။ ခေါင်းစုတ်ဖွားနှင့် ထိုလူကြီးပုခုံးပေါ်၌ ကျီးကန်းတစ်ကောင် နားနေသေး၏။

မသတီစရာ ရုပ်တုမျိုးစုံ၊ ကန်တော့ပွဲများ၊ အစီအရင် ပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com



များကလည်း ခန်းလုံးပြည့်မျှ ရှိနေသည်။ ဘယ်လိုမှ စိတ်ကြည်နူး ရွှင်မြူးစရာ အကြောင်းမရှိ။ အင်းလေ. . အယုတ်ညံ့ဆုံး အကုသိုလ် အကြီးဆုံး အလုပ်ဆိုမှတော့ ဘယ်လိုလုပ် ကြည်နူးစရာအကြောင်း ရှိပါ့မလဲလေ။

"ဘယ်ကလာကြတာတုန်း. . ဘာကိစ္စတုန်း"

"အဲ. . ကျွန်တော်တို့ ထန်းစင်လှကလာခဲ့ကြတာပါ၊ ကိစ္စ ကတော့ ကျွန်တော်တို့ မိသားစုကို လိုက်နှောက်ယှက်နေတဲ့ သရဲမကို ဖယ်ရှားပေးဖို့ပါ၊ ဆရာကြီး လုပ်ပေးနိုင်မလား"

"ထမင်းစား ရေသောက်လောက်များကွာ၊ စကားထဲ ထည့် ပြောနေရသေးလား၊ ဖယ်ပေးရုံတင်ပဲလား၊ အဲဒီသရဲမကို ဘာလုပ် ချင်သေးလဲ"

"မနှောက်ယှက် မခြောက်လှန့်တော့ဘူးဆိုရင်ပဲ တော်ပါပြီ ဆရာကြီး"

"အို. . မတော်နိုင်ပါဘူး၊ အဲဒီကောင်မကို ချုပ်ထားနိုင်မှ တော်ကာကျမှာလေ"

"အိမ်း. . ကောင်းပြီ အဲဒီသရဲမက ဘယ်သူတုန်း"

"ရှင်မိုးပါ ဆရာကြီး"

"ဒီနယ်တစ်ဝိုက်မှာ နာမည်ကြီးနေတဲ့ ရှင်မိုးကို ဆုံးမပေးရ မှာပေါ့. .၊ ကဲ. . အချိန်ကတော့ လမွန်းတည့်အချိန်ကောင်းပဲ၊ ခုပဲ အလုပ်စလိုက်ကြစို့"

ဆရာအင်္ဂမှာ လိုအပ်သော ပစ္စည်းပစ္စယများအစီအရင်များ ကိုစုဆောင်းယူငင်ကာ လွယ်အိတ်မည်းကြီးထဲ စုထည့်နေ၏။

ပစ္စည်းတွေ တပုံတပင်နှင့် တဲထဲမှအထွက်တွင်. . .



www.burmeseclassic.com

www.burmeseclassic.com



"တာတေနဲ့ မိရွဲ လိုက်ခဲ့ကြ"

ဆရာအဂ္ဂအမိန့်မဆုံးခင်ပင်. . . သူတို့နား တစ်ယောက်ယောက်ဖြတ်သွားသလို လေတိုးသည့် အထိအတွေ့ကို ခံစားလိုက်ကြရသည်။ ထိုမျှမက ဘယ်သူမှမရှိသည့် ပဲ့ထောင်ပေါ် လူတက်သွားသလို လှေကလူးသွားတော့သည်။ လုပ်မိမှတော့ ဆုံးခန်းတိုင်အောင် သွားရတော့မည်မို့ ကျော်စိုးတို့ ကြောက်ကြောက်နှင့်ပင် ရွာသို့ပြန်လာခဲ့ကြသည်။

"သူ့ကွန်းပဲ သွားကြတာပေါ့၊ အချိန် သိပ်မရဘူး၊ အရုဏ်မတက်ခင် အပြီးစီရင်ရမှာ"

ပဲ့ထောင်ကို အမြန်မောင်းကာ ချောင်းရိုးအတိုင်း ဆန်တက်ပြီး ကွန်းရှိရာသို့ ဦးတည်လာခဲ့ကြသည်။ ကွန်းသို့ ရောက်သည်နှင့် စီစဉ်စရာရှိတာတွေ တက်သုတ်ရိုက် စီစဉ်ကြသည်။ ကျော်စိုးတို့ကတော့ ငေးကြည့်ရုံသာ တတ်နိုင်ကြသည်။ ဆရာအဂ္ဂက ချည်ကြိုးအမည်းရောင်နှင့် ကွန်းကို အထပ်ထပ် တုပ်နှောင်သည်။

ကွန်းရှေ့ကွက်လပ်မှာ တိုင်လေးတိုင်ရိုက်ကာ အပ်ချည်ကြိုးအဖြူနှင့် စည်းခပ်ပြီး သူတို့အားလုံး ထိုစည်းထဲ ဝင်နေကြရသည်။ ဆရာအဂ္ဂက ဦးခေါင်းခွံနှစ်ခုပေါ်တွင် ဖယောင်းတိုင်ထွန်းကာ ဌက်ပျောရွက်ထဲ အမဲသားစိမ်းထည့်ပြီး အသင့်ယူလာသော ကြက်၏လည်ချောင်းသွေးကိုဖောက်၍ ဖြန်းလိုက်သေး၏။

သူက ကွန်းကို စေ့စေ့ကြည့်ကာ ရွတ်ဆို အမိန့်ပေးနေလေပြီ။ သိပ်မကြာလိုက်၊ ကွန်းထဲမှ မီးခိုးတွေ အူထွက်လာတော့သည်။ ထိုမီးခိုးတွေ ပျောက်သွားချိန်တွင် ဆံပင်ဖားလျားနှင့် အမျိုးသမီးတစ်ယောက် ပေါ်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ . . ကျော်စိုး နင်က အောက်တန်းစားဆရာ အားကိုးနဲ့ ငါ့ကိုလာစမ်းတယ်ပေါ့"

အသံပြကြီးနှင့် ရှင်မိုး အသံကြောင့် ကျော်စိုး နေစရာမရှိ ဖြစ်သွားရသည်။

"ဟဲ့ . . ရှင်မိုး စကားသိပ်မများနဲ့ . ။ ငါ့အမိန့်နာခံ . . ငါခိုင်း တာလုပ်"

"အောင်မာ နင်စွမ်းရင် လုပ်လိုက်လေ"

အပြန်အလှန် ပြောဆိုကြပြီးနောက် ဆရာအဂ္ဂက ပုဆိုးပေါ် လာနားနေသော ကျီးကန်းကို ဖမ်းယူ၍ ရှင်မိုးထံ ပစ်လွှတ်လိုက် သည်။ ကျီးကန်းက အတောင်နှင့် မပျံသန်းဘဲ အမြောက်ဆံတစ်ခုလို အရှိန်နှင့် ပြေးဝင်လာသည်။ ရှင်မိုးက ဆံပင်ရှည်ကြီးနှင့် သူကရှေ့မှ ဖြန့်၍ ကာထားလိုက်သည်။ သတ္တဝါမှာ အရှိန်နှင့် ဆံပင်တံတိုင်းကို ဝင်ဆောင့်မိကာ လွင့်ထွက်သွားလေသည်။ ဆရာအဂ္ဂအနီးသို့ ပြန် ပြုတ်ကျလာသော ကျီးကန်းမှာ ဇက်ကျိုးရင်း အသက်ပျောက်နေပြီ။

"ဟား . . ဟား . . ဟား . . အစုတ်ပလုတ် ဆရာကောင် . . မှတ်ပြီလား"

သိက္ခာကျသွားသော ဆရာအဂ္ဂက ဖယောင်းတိုင်ထွန်းထား သော အရိုးခေါင်းတစ်ခုကို ကောက်ယူကာ မန်းမှုတ်ရင်း မီးညွန့်ကို လက်နှင့်သိမ်းယူပြီး ရှင်မိုးထံ ပစ်လွှတ်လိုက်သည်။

မီးတောက်မီးလျှံကြီးတစ်ခု ရှင်မိုးထံ ပြေးဝင်သွားပြန်သည်။ ရှင်မိုးက ရေမှာပျော်သည့် ရေသရဲမဖြစ်သည်မို့ အာခံတွင်းကိုဟပြီး ရေများမှုတ်ထုတ်ရင်း ခုခံသည်။ မီးနှင့်ရေ ထိပ်တိုက်တွေ့ရာတွင် ရေအားက သာသဖြင့် မီးတွေငြိမ်းသွားပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းပင် အမဲသားပြားကို ဓားနှင့် နှစ်ပိုင်းပိုင်း၍ ချကျွေး လိုက်ရင်း. .

"ကဲ. . တာတေနဲ့ မိရွှဲ ဟိုကောင်မကို ဖမ်းချုပ်ခေါ်ခဲ့စမ်း"

ဆရာအဂ္ဂ အမိန့်ဆုံးသည်နှင့် တာတေနှင့် မိရွဲတို့ ကိုယ် ထင်ပြကာ အမဲသားစိမ်းတစ်တုံးစီ ကောက်ယူဝါးမြိုလိုက်ကြ၏။ အစာစားပြီးသည်နှင့် နှစ်ကောင်လုံး ရှင်မိုးထံ ဦးတည်သွားကာ တိုက် ခိုက်ဖို့ ဟန်ပြင်သည်။ ရှင်မိုးကလည်း သူ့ ဆံရှည်လက်နက်ဖြင့် ဆီးကြိုတိုက်ခိုက်၏။ သရဲမ မိရွှဲအား ဆံနွယ်နှင့် ရစ်ပတ်ကာ အဝေး သို့ ကိုင်ပေါက်ပစ်လွှင့်လိုက်သည်။

တစ်ချိန်တည်းမှာပင် တာတေက ရှင်မိုးအား ဝင်လုံးကာ ခွန်အားချင်းပြိုင်သည်။ နှစ်နှစ်ဆယ်ကျော် သက်တမ်းရှိနေပြီ ဖြစ် သည့် ရှင်မိုးကလည်း သဘက်အဆင့် ရောက်နေပြီမို့ လွယ်လွယ်နှင့် အလျှော့မပေး၊ ရှိသမျှ အစွမ်းတွေ ထုတ်သုံးကာ ခုခံ၏။ တာတေ့ လည်ပင်းကို ဆံပင်နှင့် ရစ်ပတ်ချည်နှောင်ပြီး လက်သည်းချွန်များဖြင့် ဝမ်းဗိုက်ကို ဖောက်သည်။ တာတေ အော်ဟစ်ကာ နောက်ကြောင်း ပြန်ထွက်ပြေး၏။ ရှင်မိုးလက်ထဲမှာ တာတေ့ အူစုံအသည်းစုံတွေ ကျန်ခဲ့သည်။

တာတေ သူ့ဆရာနားရောက်အောင်ပင် မပြေးနိုင်ပဲ ဗိုင်းခ နဲ လဲကျသွား၏။ ထိုအဖြစ်ကြောင့် ဆရာအဂ္ဂ အကြီးအကျယ် ဒေါပွ သွားသည်။ တာတေတို့ မိရွှဲတို့ကို သူ ကျွေးမွေးပြုစု မွေးမြူလာခဲ့ ရတာ အချိန်တွေရော ငွေတွေပါ ပုံအောပေးဆပ်ခဲ့ရသည်။ ခုတော့ တပည့်သရဲနှစ်ကောင် ဆုံးရှုံးလိုက်ရပြီ။

ရှင်မိုး အောင်ပွဲခံ ရယ်မောနေတာကို ကြည့်ပြီး မခံချိခံသာ



www.burmeseclassic.com

www.burmeseclassic.com


ဖြစ်နေသော ဆရာအဂ္ဂ လွယ်အိတ်ထဲသို့ နှိုက်ပြန်၏။ ဒီတစ်ခါ ပုလင်းတစ်လုံးပါလာပြီး ထိုပုလင်းထဲမှ အမှုန့်များကို လက်ဝါးပေါ် လောင်းချကာ ပါးစပ်နှင့်တေ့၍ ရှင်မိုးထံသို့ မှုတ်ထုတ်လိုက်သည်။ အမှုန့်များက အခိုးအငွေ့ ဖြစ်သွားပြီး ရှင်မိုးအား လွှမ်းခြုံရစ်သိုင်း သွားသည်။ ရှင်မိုးအား မြူနှင်းထုထဲ လျှောက်လာသည့် လူတစ်ယောက်လို ဝေဝါးဝါးသာ မြင်ကြရတော့၏။ ထိုအခိုးအငွေ့များက အစွမ်းထက်ပုံရ၏။ ရှင်မိုး ယိုင်နဲ့ပျော့ခွေသွားရှာသည်။

"ဟား. . ဟား. . ဟား. . ဘာတတ်နိုင်သေးလဲ ကောင်မ လာလေရော့"

ရှင်မိုးချိနဲ့သွားတာ မြင်ရ၍ ဆရာအဂ္ဂ ဝမ်းသာအားရ ရယ်မောကြိမ်းမောင်းရင်း မြေအိုးမည်းတစ်လုံးကို လွယ်အိတ်ထဲမှ ထုတ်ယူလိုက်ပြန်သည်။ ထိုအိုးကို ဘယ်လက်ပေါ်တင်၍ ညာလက်ဖြင့် ရှင်မိုးအား လက်ယပ်ခေါ်ယူလိုက်သည်။ ရှင်မိုး၏ ဝိညာဉ်မှာ တစ်ခုခု၏ စုပ်ယူဝါးမြိုခြင်း ခံရသလို အခိုးအငွေ့များသဏ္ဌာန်နှင့် လျှောတိုက်သေးငယ်ကာ အိုးထဲသို့ ဝင်သွားရတော့၏။

ဝိညာဉ် အငွေ့အသက်အကုန် အိုးထဲအရောက်တွင် အိုးကို အုပ်လိုက်သည်။ ထို့နောက် တွင်းထဲသို့ အခေါင်းကို လျှောချရာတွင် သုံးသည့်ကြိုးစနှင့် ပိတ်စကို ချည်နှောင်လိုက်၏။ ရှင်မိုး အချုပ်နှောင်ခံဝိညာဉ် ဖြစ်သွားရလေပြီ။

ဆရာအဂ္ဂနှင့် ရှင်မိုးတို့ တိုက်ပွဲအပြင်းအထန် ဖြစ်ပွားနေချိန်တွင် နီ့သာတစ်ယောက် အိပ်မောကျနေရင်းမှ ဂယောင်ဂတမ်းတွေ ဖြစ်နေလေ၏။ အိပ်မက်လိုလို တကယ်လိုလိုနှင့် အဖြစ်အပျက်တစ်ချို့ကို မြင်တွေ့နေရသည်။ ကမ်းစပ်ကွန်းနားမှာ လူတွေ


www.burmeseclassic.com

www.burmeseclassic.com



ရှုပ်ထွေးနေသည်။ သူ့အမေ ရှင်မိုးကို ချုပ်နှောင်ဖမ်းခေါ်သွားကြ၏။ ပြီးတော့ အမေ့ကွန်းကို မီးတင်ရှို့နေတာကို မြင်နေရသည်။

ထိုအဖြစ်ကိုမြင်ပြီး နံ့သာလန့်နိုးသွား၏။ အမေ တစ်ခုခု ဖြစ်နေပြီလားဟု တွေးကာ စိတ်ပူသွားသည်။ နာရီကြည့်တော့လည်း အချိန်မတော်ကြီးမို့ သွားကြည့်လို့ကမဖြစ်၊ ထို့အတွက် အဘိုးနှင့် အဖေ့ကို နှိုးရသည်။

"အဖေ. . အမေ့ ဒုက္ခရောက်နေပြီ ထင်တယ်၊ သမီးကို အိပ်မက်ပေးတယ်"

"ဟင်. . "

အဘိုး က မယုံနိုင်စွာဖြင့်. .

"ငါ့မြေး စိတ်စွဲနေလို့ ဖြစ်မှာပါကွယ်"

"မဟုတ်ဘူး အဘိုး၊ ဒီလိုအိပ်မက်မက်တာ သိပ်ထူးခြားတယ်၊ အဘိုးတို့ မယုံဘူးဆိုရင် သမီးဘာသာ သွားကြည့်မယ်"

"ကဲ. . ကဲ. . သမီး ကျေနပ်အောင် အဖေတို့ သွားကြည့်ပါ့မယ်"

နှင်းမောင်နှင့် ဘသံဒိုင်တို့ ဓာတ်မီးနှင့် တုတ်ရှည်ကိုင်ကာ ထွက်ခဲ့ကြသည်။ နံ့သာက အိမ်စောင့်ကျန်ရစ်ခဲ့သည်။ ထိုအချိန်တွင် ဆရာအဂ္ဂမှာ လောက်စာလုံးအရွယ် အလုံးလေးတစ်လုံးနှင့် ရှင်မိုး၏ ကွန်းကို ပစ်ပေါက်လိုက်၏။ ချည်နှောင်ထားသော ကြိုးအမည်းများ က စတင်ကာ မီးလောင်ကျွမ်းတော့သည်။

ဆရာအဂ္ဂအစွမ်းကို မျက်မြင်တွေ့ခဲ့ကြရသည့် ဝင်းနိုင်တို့ လူစုလည်း အကျေနပ်ကြီး ကျေနပ်နေကြသည်၊ သူတို့ လက်ချ... ဆိုတာ လူသိမှာစိုး၍ ခပ်သွက်သွက်ပင် ခြေရာဖျောက်ပြီး ပြ...ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြလေတော့၏။

ထိုအချိန်တွင် ဘသံဒိုင်တို့ သားအဖ လှေဆိပ်အနီးသို့ ရောက်နေကြပြီ၊ ပွဲထောင်စက်သံ တဖုန်းဖုန်းနှင့်အတူ တုံးမောင်း ခေါက်သံကိုပါ ကြားလိုက်ကြရ၏။ နံနက် လေးနာရီလောက်ရှိပြီ။ ရှေ့မှ ခပ်သွက်သွက်လျှောက်နေသော နှင်းမောင် ကွန်းရှိရာသို့ ဓာတ်မီးနှင့် လှမ်းထိုးလိုက်သည်။

"ဟင်. ."

မြင်လိုက်ရသော မြင်ကွင်းကြောင့် စိုးရိမ်သွားကာ ကွန်းဆီသို့ ပြေးသွားကြ၏။ ရှင်မိုး၏ကွန်းက မီးကျွမ်းနေပြီ၊ ဓာတ်မီးနှင့် တွန်းကြည့်လိုက်ရုံနှင့် ဝုန်းခနဲ ပြိုလဲသွားတော့သည်။

"တောက်. . ဘယ်ကောင်တွေ လုပ်သွားလဲ"

ဘသံဒိုင်က မြေပြင်အနေအထားကို ဓာတ်မီးထိုးကြည့်သည်။ ဆရာအဂ္ဂတို့ လက်စမဖျောက်နိုင်ခဲ့သည့် သဲလွန်စတစ်ချို့ကို တွေ့နေရ၏။ တိုင်လေးတိုင်နှင့် စည်းတားထားသော ကြိုးများက အထင်အရှား. .

"ပညာသည်ရဲ့ လက်ချက်ပဲ"

နှင်းမောင် ဒေါပွသွားသည်။

"ရှင်မိုး သူ့ဘာသူနေတာကို"

"အင်း. . မသမာသူတစ်စုက သူတို့ ကိုယ်ကျိုးအတွက် တသွေ့အသုံးချဖို့ ရှင်မိုးရဲ့ ဝိညာဉ်ကို ဖမ်းသွားတာဖြစ်မယ် ငါ့သား"

ဘသံဒိုင် သားကို နှစ်သိမ့်ရင်း ပြန်ခေါ်လာခဲ့၏။ အိမ်ပြန်ရောက်တော့ နံ့သာအား အခြေအနေကို ရှင်းပြရသည်။ အမေ့အတွက် စိတ်မကောင်းဖြစ်ကာ နံ့သာ ဝမ်းပမ်းတနည်း ငိုနေရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အချိန်တွေလည်း ကြာပါပြီ ငါ့မြေးရယ်၊ သူလည်း ရှိချင်မှ ရှိတော့မှာပါ။ ဘဝကူးသွားရောပေါ့။ သူ့ကို ထိခိုက်မှာမဟုတ်ပါဘူး"

"သမီးမှာ ဒီကွန်းကိုပဲ အမေအမှတ်နဲ့ ပြုစုစောင့်ရှောက် ကျွေးမွေးနေရတာလေ အဘိုးရဲ့၊ အခု အမေပျောက်သွားသလို ခံစားနေရတာ အဘိုးရဲ့"

"ကဲပါသမီးရယ် ကွန်းအသစ် အဖေပြန်ဆောက်ပေးမယ်၊ သမီးဝတ်မပျက်စေရဘူး . . ဟုတ်ပြီလား၊ အစောကြီးရှိသေးတယ် တရေးလောက် ပြန်အိပ်လိုက်ဦး"

နှင်းမောင်က ချော့မော့ပြီး ပြန်အိပ်ခိုင်း၍ နံ့သာ အခန်းထဲ ပြန်ဝင်သွားသည်။ ဘသံဒိုင်က ဘုရားရှိခိုးဖို့ ပြင်ဆင်နေ၏။ နှင်းမောင် တစ်ယောက်သာ တွေတွေငေးငေးနှင့် ရှင်မိုးအား သတိရနေရှာလေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၅)

ပနက်မိုးလင်းတော့ ရှင်မိုးကွန်းကိစ္စက ရွာထဲမှာ လူပြော များဆုံး သတင်းတစ်ခု ဖြစ်နေသည်။ တချို့က သဘောကျပြီး ချို့က ကြောက်နေကြ၏။ ကွန်းဖျက်ဆီးခံရသဖြင့် ရှင်မိုးပြန်ပြီး ခြောက်လှန့်လာမှာ စိုးနေသည်။

ထိုအဖြစ်နှင့်ပတ်သက်ပြီး ပျော်မဆုံးဖြစ်နေတာက ကျော် တို့သားအဖ အုပ်စုပင်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ခုမှပဲ စိတ်အေးလက်အေး အိပ်ရဲတော့တယ်ကွာ"

"ညဘက် အိပ်ခန်းထဲထိ ဝင်ခြောက်တာ ပြန်တွေးကြည့်ရင် ခုထိရင်တုန်တုန်း"

"ခုတော့ စိတ်အေးရပါပြီ အမေရာ၊ သူ နံ့သာနောက် တကောက်ကောက်လိုက်ပြီး စောင့်ရှောက်နိုင်မှာမဟုတ်တော့ သားအတွက်လည်း အဆင်ပြေပြီ. . ဟဲ. . ဟဲ. ."

သူတို့တွေ ဟားတိုက်ပျော်ရွှင်နေကြစဉ်မှာ နံ့သာကတော့ ဝမ်းနည်းကြေကွဲ ငိုကြွေးဆဲပင် ဖြစ်သည်။ ထိုသတင်းကြား၍ ခိုင်ဝါနှင့် မင်းခန့် နံ့သာကို အားပေးဖို့ ရောက်လာကြ၏။

"ကွန်းအဖျက်ခံရတဲ့သတင်းကြားရလို့ စိတ်မကောင်းဘူး နံ့သာ"

"တစ်ခုတော့ သေချာတယ်၊ ဒီရွာမှာ ငါ့အမေကို မလိုလား တဲ့သူတွေ ရှိနေတယ် ဆိုတာပဲ"

မျက်ရည်လေး စမ်းစမ်းစမ်းစမ်းနှင့် ပြောပြနေသည့် နံ့သာကိုကြည့်ကာ မင်းခန့်ရင်ထဲ သနားဂရုဏာမေတ္တာစိတ်တွေ ယိုဖိတ်နေ၏။ ခိုင်ဝါက သူငယ်ချင်းကိုဖက်၍ မျက်ရည်သုတ်ပေးရင်း နှစ်သိမ့်ပေးသည်။ ထိုစဉ် နှင်းမောင် အိမ်ဝင်းထဲ ဝင်လာလေရာ. .

"ဟင်. . အဖေ၊ ဆရာတော်က ဘာပြောလဲဟင်"

"အင်း. . ကွန်းကို ပြန်ဆောက်ပေးလိုက်ပါတဲ့"

"တော်ပါသေးရဲ့ အဖေရယ်၊ ဒါဆို ခုပဲ ပြန်ဆောက်ပေး လိုက်ရအောင်နော်၊ အမေ သနားပါတယ်"

"ကွန်းပြန်ဆောက်ရင် ကျွန်တော်လည်း ကူလုပ်ပေးချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ် နံ့သာ ခွင့်ပြုလိုက်ပါ၊ သူ ကူတော့ တစ်ရက်ထဲနဲ့ ပြီးတာပေါ့"

နံ့သာ၏ ဆန္ဒအရ နေ့ချင်းပင် ကွန်းပြန်ဆောက်ရန် ရှာဖွေစုဆောင်းကြသည်။ ဘသံဒိုင်၊ နှင်းမောင်၊ မင်းခန့်နှင့် နံ့သာတို့ သယ်စရာရှိတာတွေသယ်ပြီး ပျက်စီးသွားသော ကွန်းရှိရာသို့ ထွက်ခဲ့ကြသည်။ ခိုင်ဝါကတော့ ချက်ရပြုတ်ရဦးမည်မို့ မလိုက်နိုင်တော့။

မူလနေရာရောက်တော့ မီးသင့်ကွန်းဟောင်းကို ဖျက်၍ရှင်းလင်းကြသည်။ ဘသံဒိုင်က မြေသန့်သွားအောင် စည်းချကာပရိတ်ရွတ်သည်။ ထို့နောက် ကျင်းတူး၍ တိုင်အသစ်ဆောက်ပြီးကွန်းကို ပြန်ဆောက်ကြသည်။ လွတိုက်၊ သံရိုက် ပျဉ်ကာတာတွေကိုနှင်းမောင်နှင့် မင်းခန့်တို့ လုပ်ကြ၏။ နံ့သာက ဟိုဟာယူပေး ဒီဟာယူပေးနှင့် ကူညီ၏။

လစ်လျှင်လစ်သလို အနီးကပ်ရှုမြင်ခွင့်ရနေသဖြင့် မင်းခန့်ရင်ထဲ နံ့သာအပေါ် တပ်မက်တွယ်တာ မြတ်နိုးမှုတွေ ပိုတိုးလာ၏။ အဖေနှင့် အဘိုးပါလာ၍ စိတ်ကိုမနည်းထိန်းနေရသည်။ လွတ်လွတ်လပ်လပ်သာဆိုလျှင် ချစ်စကား ပြောမိလေမည်လားမသိ၊ နတ်ကွန်းအဆောက်အဦးလေး ရုပ်လုံးပေါ်လာမှ ခဏနားကြ၏။

"အဖျက်ခံလိုက်ရတဲ့ ကွန်းက ဟောင်းနေပြီ၊ ဒါက အသစ်ဆိုတော့ အမေ ကောင်းကောင်းမွန်မွန် နေရတာပေါ့"

"အဲလိုစိတ်ထားနိုင်တာ အကောင်းဆုံးပဲ ငါ့မြေး"

"ဟုတ်ကဲ့၊ ဒါနဲ့ ဖေဖေ့ဆီမှာ အမေ့ဓါတ်ပုံရော ရှိသေးရဲ့လားဟင်"

"ရှိတယ် . . အဖေ ရှာပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



စကားပြောရင်း နံ့သာကလည်း မင်းခန့်ကို ခိုးခိုးကြည့်နေ၏။ နှစ်ယောက်သား မျက်လုံးချင်း စကားပြောနေကြပြီဖြစ်သည်။ ဘသံဒိုင်က မင်းခန့်အား စေ့စေ့စပ်စပ် အကဲခတ်ရင်း . .

"ဒါနဲ့ မောင်ရင်က. ."

"ရဲတပ်ကြပ်ကြီး ဦးမြတ်ခိုင်မိတ်ဆွေရဲ့ သားပါ၊ မွေးမြူရေးလုပ်ငန်းလေ့လာဖို့ ရောက်နေတာပါ၊ ဦးမြတ်ခိုင် အိမ်မှာပဲ တည်းပါတယ်"

"ဪ. . အေး. . အေး"

"အဲ. . . ဒါလေးဆောက်ပြီးသွားရင် တာရှည်ခံအောင် သဘော်ဆေး နှစ်ထပ်လောက် သုတ်လိုက်ရင် ပိုကောင်းမယ်"

"အေး. . အဲဒီလိုပဲ စိတ်ကူးထားတာ"

ခဏနားပြီး ကွန်းကို ပြီးပြတ်အောင် ဆက်လုပ်ကြသည်။ မွန်းမတည့်မီပင် အားလုံး ပြီးသွားတော့၏။ အဘက ထမင်းလိုက်စားဖို့ အတင်းခေါ်တော့ မင်းခန့် ဟန်ဆောင်ပန်ဆောင်ပင် မငြင်းနိုင်. . ချက်ချင်းပင် ခေါင်းညိတ်မိသည်။ ထိုနေ့က နံ့သာတို့မိသားစုနှင့် ထမင်းလက်ဆုံစားရင်း အတော်စကားပြောဖြစ်ခဲ့၏။ အားလုံးနှင့် ရင်းနှီးကျွမ်းဝင်ခွင့်ခဲ့၍ မင်းခန့်အပျော်လွန်သော နေ့တစ်နေ့လည်း ဖြစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၆)

တခြမ်းပဲ့လက နိုင်သလောက်အင်အားနှင့် ညကမ္ဘာကို အလင်းရောင် ဖြန့်ဝေပေးနေ၏။ ရေပြင်ပေါ်မှ လရိပ်က လှိုင်းပုတ်တိုင်း လှုပ်ခတ်နေသည်။ ထိုလရိပ်ကို လှေတစ်စီးက ထိုးခွဲလိုက်၏။ ထိုလှေပေါ်တွင် ဦးမြတ်ခိုင်နှင့် မင်းခန့်တို့ လိုက်ပါလာကြသည်။ သူတို့ နှစ်ယောက်ပုံစံက တကယ့်ရှာခံ တံငါတွေလို ဝတ်စားထား၏။ သူတို့အသွင်ယူ ရုပ်ဖျက်ကာ ထောက်လှမ်းစနည်းနာ ထွက်ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဟိုတစ်ခေါက်ကလည်း အမျိုးသမီးနှစ်ယောက် ပျောက် သွားတာ ညဘက်ပဲဖြစ်၏။ ထို့အတွက် ရက်ခြားဆိုသလို ညဘက် ငါးဖမ်းချင်ယောင်ဆောင်ကာ စုံစမ်းထောက်လှမ်းနေခြင်း ဖြစ်၏။

"တစ်နေ့ကလည်း သပြုတောက မိန်းကလေးနှစ်ယောက် ပျောက်သွားလို့ ဆိုပြီး ရဲကင်းမှာ အမှုလာဖွင့်တယ်၊ ပျောက်တာက တစ်ပါတ်လောက် ရှိပြီတဲ့"

"ပြန်ရှာတွေ့လား"

"တွေ့တယ်. . ပုသိမ်က အထည်ချုပ်စက်ရုံမှာ အလုပ်ဝင် လုပ်တာတဲ့၊ မိဘတွေက ခွင့်မပြုလို့ ခိုးပြီးသွားကြတာတဲ့"

"အင်း. . ပုသိမ်မို့လို့ တော်သေးတာပေါ့၊ ထိုင်းအထိရောက် သွားရင်. . ကွိုင်ပဲ"

"အေးဗျာ. . . ရွာမှာ ကောက်စိုက် ပျိုးနှုတ်တဲ့ အလုပ်က လည်း တစ်နှစ်ပတ်လုံး လုပ်နေရတာမဟုတ်တော့ ရေကြည်ရာ မြက် နုရာ ထွက်ကုန်ကြတာပေါ့"

စကားတပြောပြောနှင့် လှော်ခတ်လာခဲ့ရာ ကမ်းနှစ်ဖက် တွင် ကိုင်းတောများ ထူထပ်စွာ ပေါက်ရောက်နေသော နေရာသို့ ရောက်လာကြ၏။ ထိုနေရာက ချောင်းလက်တက်လေးများ မွစာ ကျဲအောင် ရှိနေသောနေရာလည်း ဖြစ်သည်။ ဦးမြတ်ခိုင်က လှော် ခတ်ပြီး မင်းခန့်က မီးထိုးပေးသည်။

ရုတ်တရက် ချောင်းလက်တက်ထဲမှ လှေတစ်စီး တိုးထွက် လာသည်။ ဓာတ်မီးရောင်အောက်တွင် မြင်လိုက်ရသည်က မျက်နှာ ဖုံးစွပ်များ. . ၊ သူတို့ကြားတွင် မိန်းကလေးတစ်ယောက်ကို တိတ်နှင့် ပါးစပ်အား ပိတ်ထားသဖြင့်. . . အန္တရာယ် အနံ့အသက်ကို ရိုက်မိ



www.burmeseclassic.com

www.burmeseclassic.com


လိုက်သည်။

ဦးမြတ်ခိုင်လည်း အခြေအနေကို ရိပ်မိသဖြင့် လှေကို အရှိန်နှင့် ဆောင့်တိုက်ပစ်လိုက်၏။ တစ်ဖက်လှေပေါ်မှလူတွေ ဟန်ချက်ပျက်သွားခိုက် မင်းခန့် ထိုလှေပေါ် ခုန်ကူးကာ ဝင်လုံးသည်။ ဝရုန်းသုန်းကားဖြစ်နေခိုက် ဦးမြတ်ခိုင်ကလည်း လှော်တက်နှင့် ဝိုင်းကူရိုက်သည်။

မဟုတ်တာ လုပ်ထားကြသူတွေမို့လားမသိ၊ ဖြစ်ဖြစ်မြောက်မြောက် ခုခံဖို့ မကြိုးစားပဲ ဖမ်းထားသော မိန်းကလေးကို ရေထဲတွန်းချကာ ထွက်ပြေးလေသည်။ မင်းခန့်လည်း ခုန်ဆင်းကာ မိန်းကလေးကို ကယ်ရတော့သည်။ မိန်းခလေး လှေပေါ်အရောက်. .

"ဟင်. . ညည်း. . မြနှောင်း မဟုတ်လား"

"ဟုတ်. . ဟုတ်ကဲ့ လေးလေးတို့နဲ့ ဆုံလို့သာပေါ့၊ နို့မို့ဆို မတွေးရဲဘူး သမီးဘဝတော့. . "

"ကဲ. . ညီမ ဘယ်လိုဖြစ်တာလဲ ပြောပါဦး"

"သမီးက ထုံးစံအတိုင်း မြူးလိုက်ထောင်တာ၊ အဲ့ဒီပုံ့ထောင်က စက်မနိုးဘဲ ဒီအတိုင်းရောက်လာတာ၊ အနားရောက်မှ သမီးကို ဖမ်းချုပ်ခေါ်သွားတာ"

သို့နှင့် မြနှောင်းကို အိမ်ပြန်ပို့ပေးပြီးနောက် ဦးမြတ်ခိုင်နှင့် မင်းခန့်တို့ အခြေအနေကို ဆွေးနွေးကြသည်။ ယနေ့ည ကြုံတွေ့ရသည့် အဖြစ်အပျက်ကြောင့် ဒီရွာမှာ လူကုန်ကူးသူတွေ လှုပ်ရှားနေပြီဖြစ်ကြောင်း ထင်ရှားစွာ သိလိုက်ရပြီ ဖြစ်သည်။ မျက်နှာဖုံးစွပ်ထားခြင်းက ကြိုတင်ကာကွယ်တာလား၊ တစ်ရွာထဲသားတွေမို့ လူမသိအောင် ရုပ်ဖျက်တာလားဆိုတာတော့ မကွဲပြား။


www.burmeseclassic.com

www.burmeseclassic.com



ပွဲထောင်မှာ နာမည်တွေ အမှတ်အသားတွေ မပါသလို ဒီနယ်တစ်ဝိုက်မှာ ပုံစံတူ ပွဲထောင်တွေက စင်းရေ ထောင်ချီရှိနေ၍ ဆက်လက်စုံစမ်းရန် အခက်တွေ့နေသည်။ ထိုဖြစ်စဉ် အသေးစိတ်ကို မင်းခန့်တို့ သာပေါင်းစခန်းသို့ ဖုန်းနှင့်ပင် ဆက်သွယ်သတင်းပို့လိုက်၏။

ပြစ်မှုကျူးလွန်မည့် အဖွဲ့ရှိနေတာ သေချာ၍ လုံခြုံရေး တိုးမြှင့်ရန် ကင်းလှည့်စောင့်ကြည့်မှုတိုး၍ လုပ်ဆောင်ရန် စီမံချက် ရေးဆွဲကြတော့သည်။

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၇)

အိမ်ရှေ့ချောင်းကမ်းစပ်ရှိ အရိပ်ရအပင်ကြီးအောက်တွင် ဝင်းနိုင်တို့အဖွဲ့ အရက်ဝိုင်းဖွဲ့နေကြ၏။ လေတဟူးဟူးနှင့် ရှုခင်းကြည့်ရင်း သောက်ရစားရတာလည်း စည်းစိမ်တစ်မျိုးပင်ဖြစ်သည်။ သူတို့အဖွဲ့ငြိမ်နေခြင်းမှာ လွန်ခဲ့သောညက မိန်းကလေးတစ်ယောက်ကို ဖမ်းခေါ်မှု မအောင်မြင်ခဲ့ခြင်းကြောင့်ပင် ဖြစ်သည်။

"အဲဒီ မင်းခန့်ဆိုတဲ့ကောင်က ဘာကောင်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခိုင်ဝါပြောတာတော့ မွေးမြူရေးလုပ်ငန်းလုပ်ဖို့ လေ့လာတယ်ဆိုပဲ"

"ဦးမြတ်ခိုင်ဆိုတာ ရဲနော်"

"ဟုတ်တယ် ကိုကောင်းဆက်၊ သူက တပ်ကြပ်ကြီး . . သာပေါင်းစခန်းက၊ လောလောဆယ် နှလုံးရောဂါကြောင့် ဆေးခွင့်ယူထားတယ် ကြားတာပဲ"

"သူနဲ့ ရပ်ကျေးအဖွဲ့တွေ ဟောပြောပွဲ လုပ်လိုက်တာ ရွာကလူတွေ သတိရှိသွားကြပြီး မိန်းကလေးတွေရှာဖို့ လွယ်မယ်မထင်တော့ဘူး"

BURMESE CLASSIC

"ဒါများ ကိုကောင်းဆက်ရာ၊ ဒီရွာမှာ လူပ်ရှားဖို့ မလွယ်ရင် တခြားရွာသွား လှုပ်ရှားမှာပေ့ါ"

"အဲ . . ဟုတ်သားပဲ၊ ဒါနဲ့ ဆရာအဂ္ဂက အစော်စွမ်းတယ်နော်"

"စွမ်းဆို သူက အောက်လမ်းပညာနဲ့ ဘူးသွင်းတာ အရမ်းထူးချွန်တာ"

"ပြောပါဦး"

"ဘူးသွင်းတယ်ဆိုတာ စုန်းပညာအမွေ ဆက်ခံတာတဲ့၊ ပညာအမွေပေးမယ့်စုန်းမက သူ့ပညာနဲ့ စီရင်ထားတဲ့ ဘူးပင်ကို အရင်စိုက်ရတယ်၊ စိုက်တဲ့အခါ သင်္ချိုင်းကမြေကိုယူပြီး စိုက်ရတာတဲ့၊ ပြီးတော့ ပညာဆက်ခံမယ့်သူရဲ့ ညာဘက်လက်ညှိုးက လက်သည်းခွံရယ်၊ နောက်စေ့တည့်တည့်မှာပေါက်တဲ့ ဆံပင်ရယ်ဖြတ်ပြီး ဘူးစေ့နဲ့အတူ မြေမြှုပ်စိုက်ရတာ"

"အဆန်းပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့မပြီးသေးဘူး၊ စိုက်ပြီး ခုနစ်ရက်မြောက်တဲ့နေ့မှာ တံစက်ပြန်ရေနဲ့ လောင်းရသေးတာတဲ့"

"တံစက်ပြန်ရေ ဆိုတာကရော"

"အဲ. . တံစက်ပြန်ရေဆိုတာ အိမ်ခေါင်မိုး တံစက်မြိတ်အောက်မှ မတ်တပ်ရပ်ပြီး ရေကို နောက်ပြန်ပက်ရတယ်၊ အဲလိုပက်ပြီး တံစက်မြိတ်က ပြန်ကျလာတဲ့ရေကိုပြောတာ. . "

"ဩော်. . "

"အဲဒီဘူးပင်က ပထမဆုံးသီးလာတဲ့ ဘူးသီးကို လကွယ်ညမှာ နက္ခတ်ကြည့် အချိန်ကိုက်ပြီး တစ်ခြမ်းခြမ်းရတယ်၊ ပြီးရင် အိမ်နောက်ဘက်ကွက်လပ်မှာ သချိုင်းရှိရာဘက် မျက်နှာမူပြီး ဘူးအသွင်းခံရမယ့် လက်ဖျံသွေးကို ဖောက်ထုတ်ဖြန်းပြီး အဲ့ဘူးကို စားလိုက်ရတာတဲ့၊ ဘူးသွင်းတယ်ဆိုတာ အဲဒါပဲ"

BURMESE CLASSIC

ကောင်းဆက် ခေါင်းကုပ်ရင်း. .

"ဩော်. . မလွယ်ပါလား၊ ဝင်းနိုင်ရာ"

"ဟုတ်တယ် ကိုကောင်းဆက်၊ ဒါက ဘူးသွင်းတဲ့စုန်း၊ တချို့ကတော့ မွေးကတည်းက ပညာပါလာတဲ့ ဝမ်းတွင်းစုန်းဆိုတာလဲ ရှိသေးသတဲ့"

"ကြောက်စရာကြီးဗျာ"

စုန်းကဝေ ဇော်ဂနီ ဇော်ဂနက် ဆယ့်နှစ်ကြိုးအဆင့်အထိ အမျိုးမျိုးရှိကြောင်း အပင်းသွင်း ပြုစားသည့် ရွာသူက အနိမ့်ဆုံးဖြစ်ပြီး ဆယ့်နှစ်ကြိုးစီးက အမြင့်ဆုံးဖြစ်ကြောင်းတွေ ရှင်းပြသည်။ ထိုအချိန်တွင် ကျော်စိုးနှင့် ဒေါ်ရွှက်ဝါတို့ အမြည်းတွေ ယူလာကြ၏။ သူတို့က ကောင်းဆက်ကို ပုဇွန်ဂဏန်း ငါးရှဉ့်တွေလာရောင်းသော



www.burmeseclassic.com

www.burmeseclassic.com



ကုန်သွယ်စီးပွားဘက်အဖြစ်သာ သိထားကာ ညှိ့ဝတ်ကျေအောင် ပြုစုနေကြခြင်း ဖြစ်သည်။

"အင်း. . ဆရာအဂ္ဂကျေးဇူးနဲ့ ရှင်မိုးရဲ့ရန်ကဝေးပြီး စိတ်ချမ်းသာလိုက်တာ"

"ဟုတ်တယ်နော်အမေ၊ ဟိုညကဆို သားဖြင့် ကြောက်လိုက်တာ မပြောပါနဲ့တော့"

ကျော်စိုးမှာ လူငယ်တွေ ပျော်နေသော်လည်း မရယ်နိုင်၊ လွန်ခဲ့သော နှစ်နှစ်ဆယ်ကျော် မိုးသည်းည တစ်ညမှာ ဘဝပျက် အသက်ဆုံးခဲ့ရသော ရှင်မိုးအား ကံဆိုးမိုးမှောင်ကျအောင် ပြုခဲ့သည့် တရားခံမှာ သူကိုယ်တိုင်ဖြစ်သည် မဟုတ်လား။ နောင်တတွေနှင့် လေးငါးနှစ်လောက် အိပ်မက်ဆိုးတွေမက်ခဲ့ရပြီး ခြောက်ချားမှု ဒဏ်ကို အလူးအလဲ ခံခဲ့ရသည် မဟုတ်ပါလား. . ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၈)

မင်းခန့် စခန်းသို့ တိုးတက်မှု အခြေအနေကို ဖုန်းဆက်သတင်းပို့သည်။ စခန်းမှ ကင်းလှည့်တာ အရှိန်မြှင့်၍ ပစ်မှတ်အုပ်စုကို အမြန်ဆုံး အမိဖမ်းရန် ညွှန်ကြားသည်။ မျက်နှာဖုံးစွပ်အုပ်စုကို အမိဖမ်းဖို့ ရွာခံဦးမြတ်ခိုင်ကိုပဲ အပူကပ်ရ၏။ ဦးမြတ်ခိုင်တလည်း ရွာမှာ အဲသလိုလူစားမျိုး မရှိဟု အခိုင်အမာပြောသည်။ ဒီရွာမှာ တစ်လကျော်နေလာခဲ့ပြီးဖြစ်သည့် မင်းခန့်လည်း ရွာအခြေအနေကို သိနေသဖြင့် ဦးမြတ်ခိုင်ပြောတာ ဖြစ်နိုင်သည်ဟု ခံစားနေ



www.burmeseclassic.com

www.burmeseclassic.com



ရ၏။

"ဒါဆို အဲဒီအုပ်စုက တခြားရွာကပေါ့၊ အဲလို ယူဆလား လေးလေး"

"ဟုတ်တယ် မောင်မင်းခန့်၊ တခြားရွာက ဒါမှမဟုတ် ပုသိမ်အခြေစိုက်ပြီး ပွဲထောင်နဲ့ အလစ်အငိုက် ဝင်လှုပ်ရှားတာလဲ ဖြစ်နိုင်တာပဲ"

"အင်း. . အဲဒီ သုံးသပ်ချက် ကောင်းတယ်၊ ဒီမှာက ရွာစဉ်တွေ ဆက်နေတာဆိုတော့ ရွာအားလုံးနဲ့ ချိတ်ဆက်ပြီး ကင်းလှည့်ဖို့ စီစဉ်တာ ကောင်းမယ်"

"ဟုတ်ပြီ. . အဲဒီကိစ္စ လေးလေး ဆောင်ရွက်လိုက်ပါ့မယ်"

အမှုကိစ္စ တိုင်ပင်ဆွေးနွေးနေစဉ် ခိုင်ဝါ အပြင်မှ ပြန်လာသဖြင့် မင်းခန့်တို့ စကားဖြတ်လိုက်ကြ၏။

"ဖေဖေ မနက် ဆေးသောက်ပြီးပြီလား"

"သောက်ပြီးပြီ သမီး"

အဖေကို ဂရုတစိုက် မေးလိုက်သော်လည်း အကြည့်က မင်းခန့်ဆီမှာ ရောက်နေသည်။ မင်းခန့် မသိကျိုးကျွံ ပြုနေရ၏။

"အစ်ကိုရော ဘာဟင်းလေး စားချင်သလဲ ပြောနော်၊ အားမနာနဲ့"

"ရပါတယ် ခိုင်ဝါရယ်၊ ကျွန်တော် ချေးမများတတ်ပါဘူး၊ အဆင်ပြေတာသာ ချက်ပါ"

"အပဟင်း. . ဒါဆိုလည်း နောက်မှ ညှော်ဝတ်မကျေဘူးလို့ အတင်းမပြောနဲ့နော်"

"ပြောစရာလား ခိုင်ဝါရယ်၊ ညှော်ဝတ်ကျေလွန်းလို့အားနာ



www.burmeseclassic.com

www.burmeseclassic.com



နေတာပါ”

သမီး၏ ဟန်ပန်အမူအရာကိုကြည့်ပြီး ငယ်ရာကကြီးလာသော ဦးမြတ်ခိုင်မှာ ခိုင်ဝါ၏ စိတ်ခံစားမှုကို ရိပ်စားမိ၍ သက်ပြင်းသာ ချလိုက်သည်။

မှန်တာပြောရလျှင် သမီးကို ပုဝါပါးနှင့် ကြက်သားမထုပ်စေချင်တာ ရင်ထဲက စေတနာသာဖြစ်သည်။ မင်းခန့်ကတော့ အနေအထိုင် တည်ကြည်၏။ တာဝန်နှင့် လာသူမို့လားမသိ၊ သမီးအတွက် ရတက်မအေး ဖြစ်နေစဉ်မှာပင်. . .

“ကဲ. . ကျွန်တော် ဘုရားကုန်းက ငါးမွေးကန်ကို သွားလိုက်ဦးမယ်. . လေးလေး”

“အေး. . အေး”

“အစ်ကို ထမင်းပြန်စားနော်၊ ငါးပြေမ ဆီပြန်လေး ချက်ထားမှာ”

“ပြန်စားပါ့မယ် ညီမလေးရယ်”

မင်းခန့် အိမ်နောက်ဘေးဘက်မှ ဆင်း၍ အိမ်တိုင်တွင် ချည်ထားသော လှေကိုဖြုတ်ကာ ထွက်ခဲ့၏။ ထန်းကြိုကုန်း ဘုရားကုန်းတို့မှ ရဲသတင်းပေးများ ရဲကင်းမှ တာဝန်ကျရဲများထံ ဖုန်းနှင့် ဆက်သွယ်ချိန်းဆိုသည်။ နှလုံးရောဂါကြောင့် မကြာခဏ အမောဖောက်တတ်သော ဦးမြတ်ခိုင်ကိုတော့ ထန်းစင်လှေတာဝန်ခံ အဖြစ်သာ ထားလိုက်တော့မည်။

သူ ချိန်းဆိုထားသော ရဲတပ်ဖွဲ့ဝင်နှင့် သတင်းပေးများက သူ့ကို စောင့်ကြိုနေကြ၏။ မင်းခန့်က ရွာစဉ်အလိုက် ကင်းလှည့်ရမည့် နေ့ရက်အချိန်နှင့် နေရာများကို စီစဉ်သတ်မှတ်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



မသက်သာစရာ ကျော်ဇောစာရင်းဝင်များကို ခြေရာခံ စောင့်ကြည့်ရန် ညွှန်ကြားသည်။ အခြေအနေ ထူးခြားသည်နှင့် သတင်းပို့ ချိတ်ဆက်ပြီး ဝိုင်းဝန်းရန် စီစဉ်ကြသည်။

မှူးခင်းကြီးတင်ကာကွယ်ရေးအတွက် ဆောင်ရွက်စရာ ရှိတာတွေ စီစဉ်ညွှန်ကြားပြီး မင်းခန့် ထန်းစင်လှသို့ ပြန်လာခဲ့၏။ ရှင်မိုးကွန်းနားအဖြတ်တွင် နှံ့သာကိုတွေ့လိုက်၍ မင်းခန့် ပြောမပြတတ်အောင် ဝမ်းသာသွားကာ စကားပြောခွင့်ရပြီဟု တွေးကာ လှေကို ထိုးဆိုက်လိုက်၏။ လှေထိုးစိုက်လာတာကို နှံ့သာမြင်ပြီး အပြုံးဖြင့် ကြိုသည်။

"ဘယ်က ပြန်လာတာလဲ ကိုမင်းခန့်"

"ဘုရားကုန်းဘက်မှာ ပုဇွန်ကန်သွားကြည့်တာ၊ အမေ့အတွက် သောက်ရေနဲ့ စားစရာတွေ လာပို့တာလား"

"ဟုတ်တယ် ဒီနေ့ ကျောင်းပိတ်လို့ စောစောထွက်လာခဲ့တာ"

"နှံ့သာ. ."

"ရှင်. ."

"နဖူးစာ ရွာလည်ဆိုတဲ့စကား ကြားဖူးလားဟင်"

"ရှင်. . ဟုတ်ကဲ့"

"ကျွန်တော်ကတော့ အဲဒီစကားအတိုင်း ဖြစ်နေပြီ ထင်တယ်၊ ထန်းစင်လှရောက်မှ ကျွန်တော့်နှလုံးသား သက်ဝင်လှုပ်ရှားလာခဲ့တာပါ၊ ကျွန်တော့်ကို ရူးသွပ်အောင် ပြုစားတဲ့ ရွာသူလေးက နှံ့သာပဲပေါ့"

"ရှင်. ."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် နံ့သာကို ကျွန်တော် ချစ်တယ်၊ မြင်မြင်ချင်းကို ချစ်ခဲ့မိတာပါ"

နံ့သာက အထိတ်တလန့်နှင့် မင်းခန့်အား တစ်ချက်မော့ကြည့်၏။ ဘာမှတော့ တုန့်ပြန်ပြောဆိုခြင်း မရှိ၊ ပြောင်လက်သန့်ရှင်းနေပြီဖြစ်သော ကွန်းကိုသာ အထပ်ထပ်ရှင်းလင်းပြီး စိတ်လှုပ်ရှားမှုကို ထိန်းချုပ်နေ၏။

"နံ့သာ ကျွန်တော့်အပေါ် ဘယ်လိုသဘောထားသလဲ၊ သိပါရစေလားဗျာ"

"ဟို. . ဟိုလေ ကျွန်မ. . ကျွန်မ မသိဘူး၊ မပြောတတ်ဘူး"

"ရင်ထဲက ခံစားချက်အတိုင်းပဲ ပြောပါ"

"ချင်ချင်းကြီးတော့ ဘယ်လိုလုပ် ပြောနိုင်မှာလဲ ကိုမင်းခန့်ရယ်"

"ဒါဆို နံ့သာ စဉ်းစားပေးမယ်ပေါ့၊ ဟုတ်လား"

"ဟုတ်. ."

"အကောင်းဆုံး အဖြေပေးနိုင်မယ်လို့ ကျွန်တော် မျှော်လင့်နေမယ်နော်"

"ဟုတ်. . သွား. . သွားမယ်နော်"

ရည်းစားစကား ပြောခံရတာ ဒါ ပထမဆုံး မဟုတ်သော်လည်း နံ့သာ ရင်ခုန်ရှက်အားပိုစွာဖြင့် အပျိုရိုင်းလေးတစ်ယောက်လို ပြေထွက်သွားသည်။ မင်းခန့် မြတ်နိုးခြင်းများနှင့် တမ်းတမျှော်ငေးရင်း ကျန်ခဲ့၏။

"အင်း. . ခိုင်ဝါချက်ထားတဲ့ ငါးပြေမနဲ့ ထမင်းစားရဦးမှာပါလား"



www.burmeseclassic.com

www.burmeseclassic.com



သေချာမှာလိုက်သည့် အိမ်ရှင်ခိုင်ဝါ စိတ်မဆိုးခင် အိမ်ပြန်ဖို့ မင်းခန့် လှေပေါ် ပြန်တက်ခဲ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၉)

ကျေးရွာအုပ်ချုပ်ရေးရုံးတွင် အစည်းအဝေးတစ်ရပ် ကျင်းပနေသည်။ ခေါင်းစဉ်က နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါဆိုလှေပြိုင်ပွဲ ကျင်းပရေးပင် ဖြစ်သည်။ ထိုအစည်းအဝေးသို့တက်လာသော ဝင်းနိုင်နှင့် ကောင်းဆက်တို့ စကားတပြောပြောနှင့် ပြန်လာကြသည်။

"ဆုကြေးအများဆုံးက ဘယ်လောက်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါက အလှူခံရငွေအပေါ်မှာ မူတည်တာလေ၊ မနှစ်က တော့ ပထမဆု ငါးသောင်းပေးတယ်"

"ဟား. . ငါးသောင်းနဲ့များ ပင်ပန်းလိုက်တာ"

"ရိုးရာဓလေ့လေဗျာ၊ အပျော်ပေါ့"

"အပျော်ပဲလား အလောင်းအစားကော မပါဘူးလား"

"မပါပါဘူး၊ ဒီအတိုင်းပဲ"

ကောင်းဆက်က လှေပြိုင်ပွဲအကြောင်း နှိုက်နှိုက်ချွတ်ချွတ် မေးနေ၍ ဝင်းနိုင် ပြန်ဖြေနေခြင်း ဖြစ်သည်။

"အဲဒီပွဲမှာ လောင်းကြေးဒိုင် ဖွင့်လိုက်ရအောင် လောင်း ကြေးအပေါ်မှာ အကောက်(၂၀%) ယူပြီး အလျော်အစားလုပ်ပေး မယ်. . ဘယ့်နှယ်လဲ"

"ဟား. . ကောင်းတာပေါ့၊ ဒီအတိုင်းနေပူကြီးထဲ ကြည့်နေ မယ့်အစား လောင်းကြေးလေးနဲ့ဆိုတော့ ရင်ခုန်ရတာပေါ့၊ ဘောပွဲ လိုပေါ့ ကောင်းတယ်"

"အဲဒါဆို ရွာထဲ အသံလွှင့်ထားလိုက်ဗျာ"

"စိတ်ချ. . ကိုကောင်းဆက်"

ကောင်းဆက်က ကြုံလာသည့် အခြေအနေပေါ်မှာ တရား တာ မတရားတာ မစဉ်းစားပဲ ဘယ်လိုငွေရှာရမလဲဆိုတာပဲ တွေး နေသူဖြစ်သည်။ ရွာခံ ဝင်းနိုင်ကလည်း ပုလင်းတူဘူးဆို့ဆိုတော့ ကောင်းဆက်၊ စီစဉ်သမျှအားလုံး အကောင်အထည်ဖော်ဖို့ အဆင် သင့်ပင်ဖြစ်နေသည်။

သူတို့ကြောင့် ရွာနီးချုပ်စပ်မှာ လူငယ်တွေ ဆေးစွဲသုံးနိုင်ကြ ဖြစ်သည်။ သုံးစွဲသူတွေ သိသိပ်ကြ၍ ရွာက အုပ်ချုပ်ရေးအဖွဲ့တွေ



www.burmeseclassic.com

www.burmeseclassic.com



မသိကြသေး။

"ညကျ ပစ္စည်းရှာထွက်ရအောင် ခပ်ဝေးဝေးက ရွာတွေ အထိ ဆင်းကြည့်ကြမယ်"

"ကောင်းသားပဲ တွေ့တော့လဲ ဆွဲစိလိုက်ကြတာပေါ့"

"အိုကေဗျာ"

သူတို့ လက်ဝါးချင်းရိုက်သံက ထန်းစင်လှအတွက်တော့ ငှက်ဆိုးထိုးသံသာ ဖြစ်ပေလိမ့်မည်။

ထိုပွဲမှပင် ပြန်လာကြသော ဦးမြတ်ခိုင်နှင့် မင်းခန့်အား ခိုင်ဝါက လက်ဖက်သုပ် ရေနွေးကြမ်းတို့နှင့် ကြိုသည်။ ဦးမြတ်ခိုင် နှလုံးထလာ၍ ဆေးသောက်ပြီး အနားယူဖို့ အခန်းထဲ ဝင်သွား၏။

"အစ်ကို လက်ဖက်စားလေ၊ ပုဇွန်ခြောက်တွေ အများကြီး နဲ့ သုပ်ထားတာ"

"စားပါတယ် ခိုင်ဝါရဲ့"

"ဒါနဲ့ အစ်ကိုရော လုပ်ငန်းလေ့လာတာတွေ အတော်သိ နေပြီလား"

"အင်း. . အရင်ကထက်စာရင်တော့ အတော်သိလာပါပြီ၊ အဲဒါ. . ဒီမှာပဲ မြေကွက်ရှာဖို့ စနည်းနာနေတာ၊ ရောင်းမယ့်သူမရှိ ဖြစ်နေလို့"

"ဟုတ်တယ် အစ်ကိုရဲ့ အကုန်လုံးက အမြင်ကျယ်နေပြီ လေ"

ခိုင်ဝါက သူ့ချုပ်ထည်တွေ ပုံထားကာ မင်းခန့်ကို တစိမ့်စိမ့် ခိုးကြည့်ကာ စကားတွေပြောရင်း သူ့ကို သတိထားမိလာအောင် မာယာသုံးနေသည်။ မင်းခန့်မှာလည်း အိမ်ရှင်ကျေနပ်အောင် အ



www.burmeseclassic.com

www.burmeseclassic.com



လိုက်အထိုက် ဆက်ဆံနေရ၏။

"ဒီရွာမှာ အခြေချဖို့ အစ်ကိုတွေးနေတာလားဟင်"

"ဟင်း . . အဲ . . ဟိုဒင်း စဉ်းစားတုန်းပါပဲ၊ ပုသိမ်မှာ လုပ်ရင်လည်း ရပါတယ်"

"မသိပါဘူး အစ်ကိုရယ်၊ ဒီရွာမှာ အစ်ကို့ကို ဖမ်းစားထားတဲ့ သူများ ရှိနေပြီလားလို့ အဟင်း . . ဟင်း"

ခိုင်ဝါက ရေလာမြောင်းပေး စကားဆိုတာ ဖြစ်သော်လည်း မင်းခန့် စိတ်မလုံသလို ဖြစ်နေ၏။ သူ နှံ့သာကို ချစ်စကားဆိုခဲ့တာ ခိုင်ဝါများ သိသွားလေသလားတွေးပြီး ရှက်နေသည်။ ခိုင်ဝါနှင့် နှံ့သာက အလွန်ရင်းနှီးချစ်ခင်သော သူငယ်ချင်းများမဟုတ်လား၊ ခိုင်ဝါ့ စကားအသွားအလာတွေ မှုမမှန်တော့သဖြင့် ရွာထဲသွားဦးမည်ဟု အကြောင်းပြပြီး မင်းခန့် လစ်ထွက်လာခဲ့တော့၏။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂၀)

ကျောင်းဆင်းလာသော နံ့သာအား ကြိုစောင့်နှင့်နေသောမင်းခန့်က တွေ့တွေ့ချင်း . . .

“နံ့သာ အိမ်ပြန်ရောက်တာနဲ့ ယူစရာရှိတာတွေယူပြီး . . အမေ့ကွန်းကို သွားဦးမှာ မဟုတ်လား”

“ဟုတ်တယ်”

“သိပ်မိုးမချုပ်ပါစေနဲ့၊ မြန်မြန်သွားပြီး မြန်မြန်ပြန်လာခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတွေ ပျောက်တာက ဆက်တိုက်ဆိုသလို ဖြစ်နေတော့ နံ့သာအတွက် စိတ်ပူမိလို့ပါ"

"အင်းပါ. ."

"ဒါနဲ့ ကျွန်တော့်အတွက်အဖြေကော စဉ်းစားပြီးပြီလား နံ့သာ"

"ရှင်. . အဲ. . ကျွန်မ. . ကျွန်မ စဉ်းစားနေပါတယ်၊ ခုထိတော့ ဆုံးဖြတ်လို့ မရသေးပါဘူး"

"စဉ်းစားပါ"

ချစ်အဖြေတောင်းရင်း အတူလျှောက်လာခိုက် ခိုင်ဝါနှင့် ပက်ပင်းဆုံသည်။ မင်းခန့်နှင့် နံ့သာအား အတူယှဉ်တွဲ၍ တွေ့လိုက်ရသည့်အတွက် ခိုင်ဝါ အကြီးအကျယ် မျက်နှာပျက်သွားသည်။ ဟန်ဆောင်ပန်ဆောင်ပင် ပြုံးမပြနိုင်အောင် ဖြစ်နေ၏။

"ဟယ်. . ခိုင်ဝါ ဘယ်လဲ"

"အဲ. . အဖေ. . အဖေ့အတွက် ဆေးသွားဝယ်မလို့"

"ဦးလေး နေမကောင်းဘူးလား"

"ဒီလိုပါပဲဟယ်၊ သွားမယ်နော်"

ဒီလောက်ပဲပြောပြီး မင်းခန့်ကိုပင် နှုတ်မဆက်ပဲ ကသုတ်ကရက်နှင့် ခိုင်ဝါ ထွက်သွားသည်။

"လေလေးတော်တော်ဖြစ်နေလို့လား မသိဘူး၊ သူ့ကြည့်ရတာ ရေးကြီးသုတ်ပြာနဲ့"

"ဟုတ်လိမ့်မယ် နံ့သာ၊ အိမ်အမြန်ပြန်မှပဲ အိမ်မှာ သူတင်ယောက်ထဲရယ်. ."

"ဟုတ်တယ် ကိုမင်းခန့် သွားလိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"နောက်မှ ဆုံမယ်နော်"

မင်းခန့်ကလည်း နှုတ်ဆက်ပြီး အပြေးပြန်သွား၏။ မင်းခန့်၏ ကျောပြင်ကျယ်ကြီးကို လှမ်းကြည့်ရင်း နံ့သာ စိတ်မောကာ ကျန်ခဲ့သည်။

ထိုနေ့ညက ခိုင်ဝါ မင်းခန့်ကို စကားမပြော၊ မေးထူးခေါ်ပြောနှင့်ပင် စောစောစီးစီး အိပ်ယာဝင်သွား၏။

မနက် အိပ်ယာထမှာပင် ဆူညံဆူညံအသံတွေကြောင့် မင်းခန့် ထွက်ကြည့်သည်။ အိမ်အောက်ဆင်းသွားတော့ ဦးမြတ်ခိုင်က မျက်စိမျက်နှာပျက်စွာနှင့် ဆီး၍ပြောသည်။

"ညက ကြာကန်က ကောင်မလေးနှစ်ယောက် ပါသွားပြန်ပြီတဲ့"

"ဗျာ. ."

ထိုစဉ် လူတစ်ယောက် ခြံထဲအပြေးဝင်လာ၏။

"ဦးမြတ်ခိုင် ရုံးကိုခဏလာခဲ့ပါဦး၊ သူခိုးတစ်ယောက် မိထားလို့တဲ့"

"ဟေ. ."

ဆေးခွင့်ယူထားသောရဲလည်း အငြိမ်မနေရ၊ ဦးမြတ်ခိုင် ပြေးထွက်သွား၍ မင်းခန့်လည်း နောက်မှ လိုက်ရတော့၏။ ရပ်ကျေးရုံးရောက်တော့ ထန်းကြိုကုန်းရွာသားတစ်ယောက်အား စစ်ဆေးမေးမြန်းနေတာကို တွေ့ရ၏။

"ဘယ်လိုဖြစ်တာလဲ ဥက္ကဋ္ဌ"

"မနက်လင်းမှ သူများအင်းထဲဝင်ပြီး ငါးခိုးလို့"

ဦးမြတ်ခိုင်က ဖမ်းမိထားသူအား သေချာကြည့်၏။ ထိုချာ



www.burmeseclassic.com

www.burmeseclassic.com



တိတ်မျက်လုံးကို အနိုင်နိုင် ဖွင့်ထားရသည်။ အတော်မှုးနေဟန်နှင့် ထိုင်လျက်ကပင် ယိုင်တိုင်တိုင် ဖြစ်နေ၏။ ဦးမြတ်ခိုင်က အနံ့ခံကြည့်ရင်း. .

"အရက်နံ့လည်း မရဘူး၊ ဒီကောင် ဘာသုံးထားတာလဲ"

"ဆေးခြောက်တို့ ဘာတို့ဖြစ်မှာပေါ့၊ ရှာကြည့်ပါလား"

ဦးမြတ်ခိုင်နှင့် မင်းခန့်တို့ ချာတိတ်၏ ဘောင်းဘီအိတ် အကျီအိတ်တွေထဲ နှိုက်ရှာကြည့်ကြသည်။ ဘောင်းဘီအိတ်ထဲမှ ပလတ်စတစ်အထုပ်တစ်ထုပ် စမ်းမိ၍ မင်းခန့် နှိုက်ယူလိုက်၏။ ပလပ်စတစ်အထုပ်ထဲတွင် ဆေးပြားတွေ တွေ့ရ၍ စစ်ဆေးကြည့်ရာ. .

"လေးလေး. . ဒဗလူပိုင်တွေ"

မင်းခန့်ထံမှ ဆေးပြားတွေ ဦးမြတ်ခိုင် လှမ်းယူကြည့်ပြီးနောက်. . .

"မင်းခန့် အမှုက နှစ်မှုဖြစ်နေပြီ၊ ကဲ. . ပြောစမ်း ချာတိတ် ဒီဆေးတွေ ဘယ်ကရတာလဲ၊ ဘယ်သူ့ဆီက ဝယ်တာလဲ"

ချာတိတ်က လုံးဝပြန်မဖြေ၊ မှုးပြီး ခေါင်းငိုက်စိုက် ကျနေ၏။ တကယ်မှုးနေတာလား၊ ဟန်ဆောင်နေတာလား ဆိုတာတော့ မကွဲပြား၊ ရပ်ကျေးဥက္ကဌရော၊ ဦးမြတ်ခိုင်ပါ စိုးရိမ်သွားကြ၏။ သူတို့ရွာမှာ ဒီလိုဆေးပြားမိတာ ပထမဆုံး အကြိမ်ဖြစ်၍လည်း စိုးရိမ်မကင်း ဖြစ်နေသည်။

"ဟော့ကောင် ဒါတွေ ဘယ်ကဝယ်တာလဲ၊ ထန်းစင်လှနဲ့ ထန်းကြိုကုန်းမှာ ဒါတွေကို ဘယ်သူက ဖြန့်ရောင်းနေတာလဲ"

အဖြေက လုံးဝမရ၊ ဥက္ကဌနှင့် ဦးမြတ်ခိုင်တို့ ခေါင်းချင်း ဆိုင်ကြရပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ရွာမှာ ဒါမျိုး တစ်ခါမှ မကြုံဖူးဘူး၊ ဘယ်လိုလုပ်ကြမလဲ"

"ဒါ သိပ်အန္တရာယ်ကြီးတဲ့အလုပ်၊ ဘယ်တုံးက စရောင်းနေကြတာလဲမသိဘူး၊ ဒီတစ်မျိုးထဲလား. . တခြားဘာတွေကော ရောင်းနေကြပြီလဲ"

"ငမူးက ဇက်ကျိုးနေပြီ၊ ဒီကောင် အမူးပြေမှ ပေါ်အောင် စစ်ရမယ်"

လူကြီးတွေ စုပြီး ဆွေးနွေးနေကြစဉ် ငမူးက သူ့ရှေ့စားပွဲပေါ် ချထားသော ဆေးပြားထုပ်ကို လှမ်းယူကာ အားလုံးကို မျိုချလိုက်၏။

"ဟာ. . ဟော့ကောင်"

မင်းခန့် လှမ်းမြင်၍ ပြေးဝင်တားသော်လည်း မမီတော့၊ မူးချင်ယောင် ဆောင်နေသူက အားလုံးကို ဝါးစားပစ်သည်။ စောင့်ကြည့်နေစဉ် အတွင်းမှာပင် ပါးစပ်ထဲမှ အမြှုပ်တစီစီထွက်လာကာ လဲကျသွားတော့သည်။

"ဟာ. . တော်တော် ဒုက္ခပေးတဲ့ကောင်ပဲကွာ၊ ကဲ. . လုပ်ကြပါဦးဟ၊ ဆေးရုံပို့ရအောင်. . လုပ်. . လုပ်"

အားလုံး ငမူးအား ဝိုင်းသယ်ကာ ပွဲထောင်နှင့် ပုသိမ်ဆေးရုံပို့ရန် ပြင်ဆင်ကြ၏။ သို့သော် ထန်းစင်လှရေပိုင်နက် မကျော်ခင်မှာပင် အသက်ပျောက်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂၁)

ထန်းစင်လှုနှင့် ထန်းကြိုကုန်း ဟိုဘက်ကမ်းနှင့် ဒီဘက်ကမ်းမှ ရွာနှစ်ရွာ ပူးပေါင်းကျင်းပသော ဝါဆိုလှေပွဲကို ရိုးရာမပျက် ဆင်နွှဲမည့်နေ့ကို ရောက်လာခဲ့ပြီ။ ပွဲဝတ်နေသော ရွာသူရွာသားအားလုံး ထိုပွဲကိုဆင်နွှဲဖို့ အားတက်သရော ဖြစ်နေကြပြီ။ ချောင်းကမ်းနှစ်ဖက်မှာ ခါတော်မှီ ဈေးဆိုင်တွေ အလျှိုလျှိုပေါ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



အကြံကြီးသည့် ကောင်းဆက်နှင့် ဝင်းနိုင်တို့လည်း ဒိုင်ဖွင့်ပြီး သိုသိုသိပ်သိပ် လောင်းကြေးလက်ခံနေကြသည်။ ဦးမြတ်ခိုင်နှင့် ရပ်ကျေးဥက္ကဋ္ဌ အဖွဲ့လည်း ပြိုင်ပွဲကို အားပေးရန်နှင့် လုံခြုံရေးတာဝန်ယူရန် ရောက်နေကြပြီ။ မင်းခန့်လည်း ဦးမြတ်ခိုင်နှင့် ပါလာ၏။ ထိုစဉ် လူအုပ်ထဲတွင် နှံ့သာကို လှမ်းမြင်လိုက်၍ မင်းခန့် ထိုနေရာသို့ ပြေးသွားလိုက်သည်။

"နှံ့သာ လှေပြိုင်ပွဲလာ အားပေးတာလား"

"ဪ. . ဟုတ်တယ် ကိုမင်းခန့်၊ အတော်ပဲ ကျွန်မလည်း အဖော်မပါတာနဲ့"

စကားအသွားအလာအရ အခြေအနေကောင်း၍ မင်းခန့် အားတက်သွားသည်။

"ပွဲစဖို့ လိုပါသေးတယ်၊ မုန့်ဟင်းခါး သွားစားရအောင်"

"ကောင်းသားပဲ ကိုမင်းခန့် ဒါနဲ့ ခိုင်ဝါရော"

"အင်း. . လှေပြိုင်ပွဲအမီ လာအပ်ထားတဲ့ အပ်ထည်တွေ မပြီးလို့ ဆိုလားပဲ"

"ဪ. . အင်း. . ဟုတ်တာပေါ့၊ ပွဲတော်ရက်ကိုး"

ပွဲဈေးတန်းမှ မုန့်ဟင်းခါးဆိုင်မှာ နှစ်ကိုယ်ယှဉ်တွဲပြီး မုန့်စားခွင့်ရသည့် မင်းခန့် အခွင့်အရေးကို အမိအရ အသုံးချ၏။

"ဒီလိုနေ့မှာ ချစ်သူနဲ့ လက်တွဲပြီး လျှောက်လည်ခွင့်ရရင် သိပ်ကောင်းမှာပဲနော်"

"အသားလိုလို့ အရိုးတောင်းတာလား၊ ဒါ မုန့်ဟင်းခါးဆိုင်လေ. . ဟင်းရည်ပဲ တောင်းလို့ရမှာပေါ့"

"အဟင်း. . နှံ့သာကလည်း နောက်တတ်သားပဲ၊ ကဲ. .



www.burmeseclassic.com

www.burmeseclassic.com



ပြောပါဦး ကျွန်တော် ပျော်ရတော့မှာလား နှံ့သာ”

“သိပ်မစောလွန်းဘူးလား ကိုမင်းခန့်ရယ်”

“ကျွန်တော်က အဒေါ်ရှင်မိုးရဲ့ ကွန်းရှေ့မှာ သစ္စာထားပြီး မေတ္တာစကား ဆိုခဲ့တာပါ နှံ့သာ၊ ကျွန်တော့်အချစ်က မှတ်ကျောက် တင်ခံနိုင်ပါတယ်၊ မေတ္တာ မတုန့်ပြန်နိုင်ဘူးဆိုလဲ၊ အားမနာနဲ့ ပွင့် ပွင့်လင်းလင်းသာပြော ကျွန်တော် ဒီရွာက ထွက်သွားလိုက်မယ်”

“အဲလိုလုပ်စရာ မလိုပါဘူး ကိုမင်းခန့်”

“ဗျာ. . ဟာ. . ဒါ. . ဒါဆို”

စကားကျွံသွားသည့်နှံ့သာ ပြာပြာသလဲ ဖြေရှင်းသည်။

“အဲ. . ကျွန်မပြောတာ အဲလိုမဟုတ်ဘူး၊ ကျွန်မကြောင့် တော့ ရွာကထွက်သွားစရာ မလိုဘူးလို့ ပြောတာပါ”

“နှံ့သာရယ် ခံစားနေရတဲ့သူကို ညှင်းရက်တယ်နော်”

နှံ့သာလည်း ရှက်ရွံ့စွာနှင့်ပင် ခေါင်းငုံ့ထား၏။ မင်းခန့်အ ပေါ် ငြင်းစရာမရှိသော်လည်း တစ်ရွာသားဆိုသည့် အချက်ကြောင့် အဖြေပေးဖို့ တွန့်ဆုတ်နေခြင်း ဖြစ်၏။ ပြုံမလို ညှို့မှိုင်းနေသော မင်းခန့်မျက်နှာကို မြင်ရတော့လည်း တင်းထားသမျှ အရည်ပျော်ကျ တော့မလို ဖြစ်နေ၏။

“ပြောပါနှံ့သာ ကျွန်တော် ရွာကထွက်သွားရမလား”

“ဟင့်အင်း. . ဟင့်အင်း. . မပြုန်နဲ့”

“ဒါဆို ကျွန်တော့်ကို”

နှံ့သာက ရှက်ပြုံးလေးနှင့် ခေါင်းညိတ်လိုက်သည်။ မင်းခန့် မျက်နှာ ဝင်းပသွား၏။

“ကျွန်တော် ပျော်လိုက်တာ နှံ့သာရယ်. . ၊ နှံ့သာကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ဘဝ ပြီးပြည့်စုံသွားပြီ သိလား”

ကိုယ့်ကြောင့် လူတစ်ယောက် ဒီလောက် ပျော်သွားတာကို မမြင်ဖူးသေးသော နှံ့သာလည်း ဝမ်းသာကြည်နူး ပီတိထူးကို ခံစားလိုက်ရ၏။ သူတို့ တစ်ယောက်လက်တစ်ယောက်တွဲကာ ပြိုင်ပွဲကို ပျော်ရွှင်စွာ အားပေးကြသည်။

လှော်တက်တစ်တက်၊ သုံးတက်နှင့် ငါးတက်ဟူ၍ ပြိုင်ပွဲအမျိုးအစား ခွဲခြားထားသည်။ လှေဦးတွင် အပြာရောင် အလံငယ် စိုက်ထူးထားသော လှေနှင့် အနီရောင်အလံ စိုက်ထားသော လှေတို့ ပြိုင်ကြရခြင်းဖြစ်ပြီး အနီရောင်လှေကို ကိုယ်စားပြုသည်က ထန်းစင်လှ၊ အပြာကို ကိုယ်စားပြုသည်က ထန်းကြိုကုန်းဖြစ်သည်။

ထို့အတွက် ရွာနှစ်ရွာ၏ ပြိုင်ဆိုင်မှုက ပြင်းထန်သလို အားပေးမှုကလည်း ဝက်ဝက်ကွဲနေ၏။ ထိုအနေအထားကို ဆီလောင်းပြီး မီးတိုက်သူက ကောင်းဆက်နှင့် ဝင်းနိုင်တို့ ဖြစ်သည်။ လောင်းကြေးနှင့်မို့ အနိုင်မခံ အရှုံးမပေး အားထုတ်ပြိုင်ဆိုင်ကြသလို နှစ်ရွာလုံးမှ တတ်နိုင်သူများကလည်း ကိုယ့်ရွာဘက်က ပုံအောလောင်းကြသည်။ ဝင်းနိုင်တို့ အကောက်(၂၀%)အသားတင် ဖြတ်ယူကြသလို ထန်းစင်လှရွာဘက်မှ ဝင်လောင်းပြီး နှစ်ပွဲနိုင်ထား၍လည်း ပျော်မဆုံး ဖြစ်နေကြ၏။

နှစ်ရွာလုံး နေ့စဉ် လှေနှင့် အသက်မွေးကြ၍ လှေလှော်ခြင်းအတတ်နှင့် ရင်းနှီးပြီးသား ဖြစ်သော်လည်း ထန်းကြိုကုန်း အရှုံးများနေသဖြင့် နှစ်ဖက်ရွာသားတွေကြားမှာ အခြေအနေတင်းမာနေသည်။

သမီးရည်းစားဖြစ်စ မင်းခန့်နှင့် နှံ့သာလည်း နေပူကြီးထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ပွဲလောက် အားပေးပြီးနောက် အေးအေးဆေးဆေးစကားပြော လို၍ ရှင်မိုးကွန်းဘက်သို့ ထွက်လာခဲ့ကြသည်။ ကွန်းသို့ရောက်သည် နှင့် မင်းခန့်က. .

"အမေရှင်မိုး၊ အမေ့သမီးရဲ့အချစ်ကို ကျွန်တော် ရခဲ့ပါပြီ၊ ဒါကြောင့် သင့်တော်တဲ့အချိန်မှာ လက်ထပ်ပြီး နှံ့သာကို သေတပန် သက်တဆုံး မြတ်နိုးစွာ တာဝန်ယူ စောင့်ရှောက်သွားပါ့မယ်လို့ ကတိ ပေးပါတယ်၊ တမလွန်က အမေရှင်မိုး စိတ်အေးပါတော့ အမေ"

မိခင်ရှေ့မှာ တိုင်တည်သစ္စာဆိုလိုက်သော မင်းခန့်၏ အပြု အမူကြောင့် နှံ့သာ ပြောမပြတတ်အောင် စိတ်လှုပ်ရှား ကြည်နူးသွား ကာ ပီတိမျက်ရည်များပင် ဝေ့လာလေ၏။

"ကဲ. . အမေရှင်မိုးကိုတော့ ခွင့်တောင်းပြီးပြီ၊ ကိုယ့်မိဘ တွေဆီ ဖုန်းဆက်အကြောင်းကြားဖို့ပဲ ရှိတော့တယ်"

"အို. . ကိုမင်းခန့်ကလည်း ရှက်စရာကြီး ပြီးတော့လည်း အသိပေးဖို့ စောပါသေးတယ်"

"မပြောစေချင်သေးဘူးလား"

"အင်း. ."

"ဒါဆိုလည်း နှံ့သာသဘောဗျာ. . နှံ့သာသဘော"

နှစ်ယောက်သား သဘောကျစွာ ရယ်လိုက်ကြ၏။ ကွန်း အနီး သစ်တုံးကြီးပေါ်တွင် ထိုင်နေကြသော ချစ်သူနှစ်ဦး တိတ်ဆိတ် ငြိမ်သက်သည့် ဝန်ကျင်၏ ဖမ်းစားမှုအောက်မှာ မိန်းမောတွေဝေ နေသည်။ တစ်ရွာလုံး လှေပြိုင်ပွဲဆီ ရောက်နေ၍လည်း ဒီနေရာ လူသူလေးပါး ကင်းရှင်းနေ၏။ မချင့်မရဲဖြစ်လာသည့် မင်းခန့်က အသားချင်းထိအောင် တိုးကပ်ထိုင်လိုက်ပြီး အရဲစွန့်ကာ နှံ့သာ



www.burmeseclassic.com

www.burmeseclassic.com



ပုခုံးလေးကို ဖက်လိုက်သည်။

နှံ့သာ ရှန်းကန်ခြင်း မပြုသဖြင့် မင်းခန့်က နှံ့သာလိမ်းကျံထားသည့် နှံ့သာ၏ ပါးလေးကို အနမ်းချွေလိုက်၏။ ထိုအခိုက်တွင်မှ အချိန်ကိုက်ရောက်လာတာက ခိုင်ဝါဖြစ်သည်။ အလုပ်ပြီး၍ လှေပွဲသို့လိုက်ပြီး မင်းခန့်ကိုရှာကာ ပျော်လိုက်မည်ဟု တွေးလာသမျှ စိတ်ကူးအိပ်မက်တွေ တစ်စစီ ကျိုးပဲ့ကြေပျက်သွားခဲ့ရပြီ။

(ဟင်. . နှံ့သာ ကောင်မ၊ ဘယ်အချိန်ထဲက ထကြွသောင်းကျန်းပြီး အမိဖမ်းလိုက်တာလဲ မသိဘူး၊ နမ်းတဲ့အဆင့်တောင် ရောက်နေပြီဆိုမှတော့ သွားပြီပေါ့၊ မခူးရက် မချွေရက်နဲ့ အရိပ်တကြည့်ကြည့် ထားထားတဲ့ ငါ့ရဲ့သဲဦးပန်းကိုမှ နင်က လုယူရဲတယ်ပေါ့၊ ဘုတ်လား. . . )

မနာလိုဝန်တိုမှုတွေ ဆုံးရှုံးရပြီဆိုသည့် အသိတွေနှင့် ခိုင်ဝါ ပေါက်ကွဲကာ ရူးမတတ်ဖြစ်နေ၏။ ချစ်စခင်စ ချစ်သူနှစ်ဦးကတော့ လှမ်းမကမ်းမှ ရပ်ကြည့်နေသည့် ခိုင်ဝါ့အား လုံးဝသတိမပြုမိကြ၊ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ကြည်နူးမဆုံး ဖြစ်နေကြသည်။ တစ်ကမ္ဘာလုံးမှာ သူတို့နှစ်ယောက်ထဲ ရှိသလို အထင်ရောက်နေလေ၏။

ပေါက်ကွဲဒေါသများနှင့် ခိုင်ဝါ ဆောက်တည်ရာမရ ပြန်လှည့်ထွက်သွားသည်။ လက်ရှိအနေအထားကို သူ ဘယ်လိုမှ လက်ခံနိုင်၊ မင်းခန့်နားမှ နှံ့သာအား ဘယ်လိုဖယ်ရှား မောင်းထုတ်ရမလဲဆိုတာပဲ ဦးနှောက်ပေါက်ထွက်မတတ် စဉ်းစားနေ၏။ မင်းခန့်သည် သူ့အတွက်သာ ဖြစ်ရမည်၊ မင်းခန့်၏ ဇနီးဆိုတာ ခိုင်ဝါပဲဖြစ်ရမည်။ ထိုသို့တွေးရင်း ခိုင်ဝါ စိတ်နှင့်လူနှင့် မကပ်ပဲ ခြေဦးတည့်ရာ



www.burmeseclassic.com

www.burmeseclassic.com



လျှောက်သွားနေတော့သည်။

ထိုအချိန်တွင် လှေပွဲ၌ ရန်ဖြစ်နေသည်။ ရန်ပွဲက လောင်းကြေးကိစ္စ စကားများရာမှစ၏။ ရပ်ရွာလူကြီးများ စုံစုံညီညီ ရှိနေ၍ ဝိုင်းဝန်းကြပ်မတ်ကြသဖြင့် ရန်ပွဲတာရှည်ခြင်း မရှိတော့။ အကြောင်းရင်းကို စစ်ဆေးတော့မှ ဝင်းနိုင်တို့ လောင်းကြေးဒိုင်ကိုင်သည့်အဖြစ် ပေါ်ပေါက်ခဲ့သည်။

ထုံးစံမရှိသည့်အဖြစ်ကို ညှိသည်နှင့်ပေါင်းပြီး ကျူးလွန်ခဲ့သည့် ဝင်းနိုင်အား အပြင်းအထန် သတိပေးပြီးနောက် နောင် မလုပ်ရန် ခံဝန်ပါထိုးစေခဲ့၏။ ဘယ်လိုပဲဖြစ်ဖြစ် ကောင်းဆက်တို့ အကောက်ရငွေ၊ လောင်းကြေးနိုင်ငွေများနှင့် အောင်ပွဲခံခဲ့တာကတော့ အသေအချာပင်ဖြစ်သည်။ ထို့အတွက်. . နှစ်ပင်လိမ် သုံးပင်လိမ် သောက်စားပျော်ပါး အောင်ပွဲခံဖို့ လှေပွဲမှ ပြန်လာခဲ့၏။ ထိုအခိုက် ခေါင်းငိုက်စိုက်ချလျှက် လျှောက်လာနေသော ခိုင်ဝါနှင့် ဆုံမိကြခြင်း ဖြစ်သည်။

"ဟဲ့. . ခိုင်ဝါ နင်တစ်ယောက်ထဲလား"

အာရုံတွေ လွင့်နေသည်မို့ အနားကပ်၍ ခေါ်သံကြားမှ ပတ်ဝန်းကျင်ကို ခိုင်ဝါ သတိပြုမိတော့သည်။ သူ့အနားမှာ ဝင်းနိုင် နှင့် သုံးလေးယောက် ဝိုင်းနေ၏။ ဝင်းနိုင်ကိုမြင်မှ ခိုင်ဝါ အကြံ ကောင်းရသွားသည်။ နံ့သာကို ဆွဲခေါ်သွားနိုင်တာက ဝင်းနိုင်ပဲ ဖြစ် သည်မဟုတ်လား။

"ဟယ်. . ဝင်းနိုင် အတော်ပဲ နင့်ကို သတင်းထူး ပေးစရာ ရှိတယ်၊ အကူအညီလည်း တောင်းရမယ်၊ နင်တို့အခု ဘယ်က ပြန် လာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"လှေပွဲကလေ"

"အေး. . နင်က အဲဒီလို အပျော်ကြူးနေ နင့်ဟာမ ပါသွား ပြီ"

"ငါ့ဟာမ ဘယ်သူလဲ"

"နံ့သာ. ."

"ဟင်. . နံ့သာ ဘာဖြစ်လို့လဲ၊ ဘယ်သူနောက် ပါသွားတာ လဲ"

"ဘယ်သူရှိရမလဲ ငါ့အိမ်မှာတည်းနေတဲ့ မြို့သား မင်းခန့်နဲ့ပေါ့၊ သူ့အမေ ကွန်းရှေ့မှာ ဖြစ်ချင်တိုင်း ဖြစ်နေကြတာများ မြင်ရတဲ့ သူတောင် ရှက်တယ်"

"ဘာ. . ဘာပြောတယ်၊ ငါ့ရဲ့ နံ့သာနဲ့ မြို့သား ဖြစ်နေကြပြီ ဟုတ်လား"

"ဟုတ်တယ် နင် ဒီလိုပဲ လွှတ်ပေးလိုက်တော့မှာလား"

"ရမလား ငါ အသက်ရှင်နေသရွေ့ နံ့သာကို ဘယ်သူမှမယူရဘူး၊ ငါ ခွင့်မပြုဘူး"

သူ့လှည့်ကွက်ထဲဝင်လာသော ဝင်းနိုင်ကြောင့် ခိုင်ဝါ အားတက်သွား၏။ ဝင်းနိုင်လို မိုက်ကန်းကန်းကောင်က နံ့သာကို လက်လွှတ်မှာမဟုတ်၊ ဘယ်လိုနည်းပဲသုံးသုံး နံ့သာကို အပိုင်သိမ်းသွားလျှင် မင်းခန့်က သူ့အတွက် ဖြစ်လာမည်၊ ထို့အတွက် ဝင်းနိုင်စိတ်ကို ထပ်ပြီးမီးပြင်းတိုက်ပေးလိုက်ပြန်သည်။

"ပြောနေရုံနဲ့ မပြီးဘူး ဝင်းနိုင်၊ မြို့သားကို လျှော့မတွက်နဲ့ သိရဲ့လား"

ဝင်းနိုင် အရှူးမီးဝိုင်းသလိုဖြစ်ပြီး ခေါင်းကုတ်ကာ အကြံ



www.burmeseclassic.com

www.burmeseclassic.com



ထုတ်နေ၏။ ကောင်းဆက်ကိုလည်း အကူအညီ တောင်းသလို ကြည့်၏။ ကောင်းဆက်က ဝင်းနိုင်အား လက်တို့ခေါ်ကာ မလှမ်းမကမ်းသို့သွားပြီး တီးတိုးပြောဆို အကြံပေးနေသည်။ ခဏကြာတော့ ပြုံးရွှင်သော မျက်နှာထားနှင့် ဝင်းနိုင် ပြန်ရောက်လာကာ. .

"အကြံရပြီ ခိုင်ဝါ၊ နင် နံ့သာကို ရအောင်ခေါ်ထုတ်ခဲ့၊ ငါ ခိုးပြေးမယ်"

"ဘာ. . အဲသလို အသာတကြည် လိုက်လာရအောင် နံ့သာက အရူးလား"

"ခိုင်ဝါရယ် ငါပြောတာ ဆုံးအောင်နားထောင်ပါဦး၊ ငါ ဆေးပြားတစ်ပြား ပေးလိုက်မယ်၊ အဲဒါကို တစ်ခုခုနဲ့ရောပြီး သူ့ကိုတိုက်၊ ငါးမိနစ်အတွင်း မထူနိုင်အောင် မူးလာလိမ့်မယ်၊ အဲဒီတော့မှ ဆေးခန်းပို့ပေးမယ်ဆိုပြီး လှေနဲ့ခေါ်လာခဲ့၊ ငါတို့ ချောင်းဝက ပွဲထောင်နဲ့စောင့်နေမယ်၊ သူ အမူးပြေရင် ငါ့မယားဖြစ်နေလောက်ပြီ၊ ကဲ. . ဘယ်လိုလဲ နင်လုပ်ရဲလား"

ဝင်းနိုင် အစီအစဉ်က ရေပက်မဝင်အောင် ကောင်းနေ၍ ခိုင်ဝါ ကျေနပ်သွားသည်။ အချစ်နှင့် စစ်မှာ မတရားတာမရှိ ဆိုစကားနှင့်အညီ သင့်မသင့်ကို မချင့်ချိန်နိုင်တော့၊ အချစ်နတ် ဖမ်းစားခံရ၍ သူငယ်ချင်းအပေါ် သစ္စာဖောက်ရန် အဆင်သင့်ဖြစ်နေပြီ။

"ဘာလို့ မလုပ်ရဲရမှာလဲ"

"အိုကေ. . ဒါဆို ဆေးတစ်ပြားယူသွား"

ဝင်းနိုင်က ဝန်းကျင်ကို အကဲခတ်ပြီး ဆေးတစ်ပြားအား သိုသိပ်စွာ ထုပ်ပေးသည်။

"ကောင်းပြီ မနက်ဖြန် တနင်္ဂနွေဆိုတော့ အဆင်ပြေတယ်



www.burmeseclassic.com

www.burmeseclassic.com



မနက်ဆယ်နာရီလောက် နင်တို့ အသင့်စောင့်နေ၊ သူ့ကို လွှေနဲ့တင်ခေါ်လာတာနဲ့ ငါ ဖုန်းဆက်လိုက်မယ်”

“ကောင်းတယ်. . ကျေးဇူးပဲ ခိုင်ဝါ၊ အဟင်း. . ငါ မိန်းမရရင် ကောင်းကောင်းကျေးဇူးဆပ်မယ် သိလား”

“မလိုပါဘူးဟာ သွားမယ်၊ ငါ စိတ်ချနေမယ်နော်”

“အေးပါ. . ခိုင်ဝါရယ်၊ နင်သာ ပိုင်အောင် လုပ်ခဲ့စမ်းပါ”

ဒေဝဒတ်နှင့် အဇာတသတ်တို့ မဟာမိတ်ဖွဲ့သလို အကုသိုလ် ဘက်တော်သားတွေ လက်ဝါးချင်း ရိုက်မိကြပြီ၊ နို့သာ ရှောင်နိုင်ပါ့မလား ဆိုတာတော့. . .။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂၂)

လောကတွင် ကောင်းမှုနှင့်မကောင်းမှု ကုသိုလ်နှင့် အကုသိုလ်၊ အဆိုးနှင့်အကောင်း ဒွန်တွဲနေတာ ဓမ္မတာသာဖြစ်၏။ ကိလေသာနှင့်နွယ်သည့် အချစ်စိတ်ကြောင့် အသိစိတ် ကန်းသွား သည့် ခိုင်ဝါမှာ အကုသိုလ်ဘက်တော်သားအဖြစ် ခံယူကာ မကောင်း မှုကို ကျူးလွန်နေပြီ ဖြစ်သည်။ နံ့သာကြိုက်သော မုန့်လက်ဆောင်းထဲ ဝင်းနိုင် ပေးလိုက်သည့်ဆေးကို အမှုန့်ကြိတ်ထည့် ဖျော်စပ်၍ ကြွ



www.burmeseclassic.com

www.burmeseclassic.com



ကြွပ်အိတ်ထဲထည့်ကာ အိမ်မှထွက်လာခဲ့၏။ ငယ်ပေါင်းသူငယ်ချင်းကို ဒုက္ခပေးဖို့ သူ နည်းနည်းလေးမှ နောက်မတွန့်တော့. . .။

"နံ့သာရေ. . နံ့သာ"

"ဟေ. . ခိုင်ဝါပါလား၊ ရှိတယ် သမီး သူငယ်ချင်းက နောက်ဖေးမှာ"

"ဟုတ်လား အဘက ဘယ်သွားမလို့လဲ"

ဝတ်ဖြူစင်ကျယ်နှင့် လွယ်အိတ်လွယ်ထားသည့် ဘသံဒိုင်အား ခိုင်ဝါက မေးလိုက်သည်။

"အဘ ဆေးသွားကုမလို့ကွဲ့၊ တောင်ပိုင်းက မယ်မြလေ သွေးဆုံးကိုင်ပြီး အိပ်ယာထဲ လဲနေလို့"

"ဪ. . ဟုတ်ကဲ့. . ဟုတ်ကဲ့"

"တက်သာသွား ခိုင်ဝါရေ၊ အဘလည်း သွားဦးမယ်"

"ဟုတ်. . အဘ. . "

အနေအထားက ခိုင်ဝါ့အတွက် အလေးသာနေသည်။

ဘသံဒိုင်ရှိနေလျှင် လုပ်ရကိုင်ရ အတော်ခက်နေဦးမည်ဖြစ်သည်။ ခိုင်ဝါ အိမ်ပေါ်တက်ပြီး နောက်ဖေးသို့ တန်းဝင်လာခဲ့၏။ နံ့သာက ထမင်းဟင်းတွေ ချက်ပြုတ်နေသည်။

"နံ့သာ. . "

"ဟယ် ခိုင်ဝါ လာလည်တာလား၊ အတော်ပဲဟယ် ငါလည်း ပျင်းနေတာ"

"အေး. . သတိရလို့ လာလည်ရင်း နင့်အတွက် မုန့်လက်ဆောင်း ယူလာတာလေ"

"ဟုတ်လား. . အားကိုးရတဲ့ သူငယ်ချင်းပဲ၊ အမေမာပြေ



www.burmeseclassic.com

www.burmeseclassic.com


သောက်ရတာပေါ့"

နို့သာက ချက်ချင်းပင် ငါးကြင်းကွက်ဖန်ခွက်ထဲ လှယ်ထဲ့ကာ မြည်းကြည့်သည်။ ဒါကိုကြည့်ရင်း ခိုင်ဝါ ရင်တုန်ပန်းတုန်ပင် ဖြစ်လာ၏။ သူငယ်ချင်းအတွက် စိတ်ပူ၍တော့မဟုတ်၊ မုန့်လက်ဆောင်းကို အကုန်မသောက်မှာ စိုးရိမ်ခြင်းပင် ဖြစ်သည်။ နို့သာက ဟင်းအိုးမတူးအောင်မွှေရင်း တစိမ့်စိမ့် သောက်နေသည်။

(သောက်. . ကုန်အောင်သောက်လိုက် နို့သာ၊ အဲဒါမှ နင်က ဝင်းနိုင်မယားဖြစ်မှာ"

ခိုင်ဝါက မလိုတမာပြုံးရင်း နို့သာ မုန့်လက်ဆောင်းသောက်တာကို အရသာခံ ကြည့်နေ၏။

"နင်ရော သောက်လေ"

"အမလေး. . အိမ်မှာ အများကြီးရယ်၊ နင့်လောက်လည်း မကြိုက်ပါဘူး"

"ဒါဆိုလည်း ပြီးရော ငါကတော့ ကြိုက်တယ်၊ ခဏလေးနော် ဟင်းအိုးကျက်တော့မှာ ပြီးမှ အိမ်ရှေ့ထွက် စကားပြောကြတာပေါ့၊ အေးဆေးပဲ မဟုတ်လား"

"အေးပါ. . လုပ်. . လုပ်၊ ဒီနေ့ ငါလည်း နားတယ်"

နို့သာက ဟင်းအိုးကို နံနံပင်အုပ်၍ မီးလျှော့သည်။ ပြီးတော့ မုန့်လက်ဆောင်းကို တစ်ခါတည်းမော့ကာ ဆေးကြောသိမ်းဆည်းနေ၏။ ခိုင်ဝါလည်း မုန့်လက်ဆောင်း ကုန်သွားတာ မြင်ရမှ စိတ်ဒုန်းဒုန်းချနိုင်တော့သည်။ ဘာတွေ ဆက်ဖြစ်လာမလဲဆိုတာ မကြာခင်မှာ သိရတော့မည်ဖြစ်၏။

"လာ. . သူငယ်ချင်း အိမ်ရှေ့ထွက်ကြမယ်"


www.burmeseclassic.com

www.burmeseclassic.com



နှံ့သာက ခိုင်ဝါ့ခါးကိုဖက်ပြီး အိမ်ရှေ့သို့ ခေါ်လာ၏။ နှံ့သာ တစ်ယောက် မင်းခန့်နှင့် ချစ်သူတွေ ဖြစ်သွားသည့်အကြောင်း သူ့ကို ကြွားတော့မည်ဟု ခိုင်ဝါ မျှော်လင့်နေသည်။ သို့သော် နှံ့သာက ထိုအကြောင်းကို စကားမဟ၊ မနေနိုင်တော့သဖြင့် ခိုင်ဝါ စကား အစ်ကြည့်သည်။

"နှံ့သာ. . နင် အပျိုကြီးပဲ၊ လုပ်တော့မှာလား"

"အဟင်း. . ဟင်း. . အပျိုကြီးတော့ မလုပ်ပါဘူးဟယ်"

"ဒါဆို ရည်းစားရနေပြီပေါ့. . ဟုတ်လား"

"အဲဒါလည်း ကမ်းမမြင် လမ်းမမြင်ပါ ခိုင်ဝါရယ်"

သိုသိပ်လွန်းလှသည့် နှံ့သာ၏ အဖြေကြောင့် ခိုင်ဝါ နှုတ်ခမ်းတွန့်ရုံပြုံးရင်း စိတ်ထဲက. .

(နင် မသိစေချင်လို့ လျှို့ဝှက်ထားပေမယ့် ငါက သိပြီးသား အဲဒီကိစ္စကြောင့်လည်း ဒုက္ခရောက်တော့မယ် သိရဲ့လား)

စကားပြောနေစဉ်မှာပင် နှံ့သာနားထင်ကို နှိပ်နေတာ သတိပြုမိ၏။ ဆေးစွမ်းပြပြီးပြီလားမသိ၊ ထို့အတွက် ခိုင်ဝါ့ရင်ထဲ လှိုက်ခနဲနေအောင် ဝမ်းသာသွားသည်။

"ဘယ်လိုဖြစ်တာလဲ မသိဘူး၊ ခေါင်းမူးလိုက်တာ ခိုင်ဝါ ရယ်"

"ဟင်. . ခေါင်းမူးတယ် ဟုတ်လား၊ သွေးများတိုးလို့လား နှံ့သာ"

"သွေးတိုး မရှိပါဘူးဟယ်၊ အမလေး မူး. . မူးတယ် ခိုင်ဝါ မူးလိုက်တာ ဘယ်လိုမှ မနေနိုင်ဘူး၊ လုပ်ပါဦး ခိုင်ဝါရယ်"

"ငါလည်း ဘာမှမလုပ်တတ်ဘူး နှံ့သာရဲ့၊ ဆေးခန်းသွား



www.burmeseclassic.com

www.burmeseclassic.com



မလား၊ ဒီအချိန်ဆို ကျန်းမာရေးမှူး ရှိတယ်လေ”

“အေးဟယ် ငါ ဘယ်လိုမှ မခံနိုင်တော့ဘူး လိုက်ပို့ပေးပါ၊ ဒီနေ့မှ ဘသံဒိုင်ကလည်း အပြင်ထွက်သွားတယ်”

“စိတ်မပူပါနဲ့ သူငယ်ချင်းရယ်၊ လာ. . ငါ့ကိုတွဲ လှေနဲ့ပဲ ဆေးခန်းသွားကြတာပေါ့”

ခိုင်ဝါ နံ့သာကို တွဲထူရင်း အားရပါးရ ပြုံးလိုက်သည်။

“အမလေး. . ချာချာကို လည်နေတာပဲ၊ လုပ်ကြပါဦး ကယ်ကြပါ”

“စိတ်အေးအေးထား. . နံ့သာ၊ ဟိုကိုအရောက် ဆယ့်ငါးမိနစ်လောက်ပဲ ကြာမှာပါ၊ ငါ့ကို အားပြုထား ဟုတ်ပြီလား”

ခိုင်ဝါ ကျေနပ်အားရစွာနှင့် နံ့သာအားတွဲကာ အိမ်ပေါ်မှ ဆင်းလာခဲ့၏။ လှေနားရောက်တော့ နံ့သာ ခြေတရွတ်ဆွဲနေပြီ၊ မျက်လုံးလည်း တဝက်သာ ပွင့်တော့သည်။ အဘသံဒိုင် ပြန်မလာခင် ခိုင်ဝါ လှေကိုဖြုတ်၍ လှော်ခတ်လာခဲ့၏။ နံ့သာက လှေဝမ်းထဲမှာ လဲလျောင်းရင်း ငြိမ်သက်နေသည်။ နောက် ဆယ်မိနစ် ဆယ့်ငါးမိနစ်လောက်ဆိုလျှင် နံ့သာတစ်ယောက် ဝင်းနိုင်လက်ထဲသို့ ရောက်တော့မည်။

ထိုအဖြစ်ကိုတွေးပြီး ခိုင်ဝါ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေ၏။ ဒီနေ့ ဒုက္ခတွေ ဘာကြောင့်ကြုံရသလဲဆိုတာ နံ့သာသိအောင် ပြောပြချင်စိတ် ပေါက်လာသည်။ မလုပ်သင့်တာကို လုပ်ပြီးမှတော့ မပြောသင့်တာ ပြောဖို့လည်း ဝန်မလေးတော့။

“ဟင်း. . ဟင်း. . ဟင်း. . နံ့သာ ဒီနေ့ ဘာကြောင့် မူးနေတာလဲဆိုတာ မသိချင်ဘူးလား”



www.burmeseclassic.com

www.burmeseclassic.com



"ဘာ. . ဘာလဲ ခိုင်ဝါရယ်၊ ဘာတွေပြောနေတာလဲ"

"ငါ့အချစ်ကို လုယူတဲ့အတွက် ဒီလိုမျိုး ခံစားရတာ နှံ့သာ သိရဲ့လား"

"ဟင်. ."

"ကိုမင်းခန့်ဆိုတာ ငါ့အတွက် ငါ့ဘဝရဲ့ အရှင်သခင်၊ ငါ့ရဲ့ အိမ်ဦးနတ်ကို ဖြတ်ခုတ်ခဲ့လို့ နင် အခုလို ဝေဒနာတွေ ခံစားရတာ"

"ဟင်. . ခိုင်ဝါ. . နင်. . နင် ဘာတွေပြောနေတာလဲ"

"ဒါပေမယ့် နင် ဘာမှမပူနဲ့ သိလား၊ နောက် နာရီဝက် တစ်နာရီလောက်ဆို နင်က ဝင်းနိုင်ရဲ့မယား ဖြစ်တော့မှာလေ၊ ဟား ဟား. . ဟား. . ဟား"

ကြားလိုက်ရသော စကားကြောင့် ကမ္ဘာကြီး ပျက်သွားတာ ကြုံရသလို နှံ့သာ ခံစားလိုက်ရ၏။ မထူနိုင်အောင် မှုးနေသည့်ကြား က နှံ့သာ လူးလဲထကာ သူငယ်ချင်းဖြစ်သူ ခိုင်ဝါ့အား မယုံနိုင်စွာနှင့် ကြည့်မိသည်။

"ခုတော့ ပွဲသိမ်းသွားပြီ၊ နင်သာ ဝင်းနိုင်မယား ဖြစ်သွားရင် ကိုမင်းခန့်က အလိုလို ငါ့အတွက် ဖြစ်သွားပြီပေါ့၊ မဟုတ်ဘူးလား နှံ့သာ၊ ဟား. . ဟား. . ဟား. . ဟော ဟိုမှာ ဝင်းနိုင်တို့ ပွဲထောင် လာနေပြီ၊ နင် လိုက်သွားတော့ နှံ့သာ သိလား၊ ဟား. . ဟား. . ဟား . . ဟား"

"ရက်စက်လိုက်တာ ခိုင်ဝါရယ်"

"နင်က ငါ့ရဲ့ ကိုမင်းခန့်ကို သွေးဆောင်ဖြားယောင်း လုယူခဲ့ တာကိုး အဲဒီအတွက် ပြန်ပေးဆပ်ရတာ တန်ပါတယ်ဟာ. . ဟဲ. . ဟဲ. . ဟဲ"



www.burmeseclassic.com

www.burmeseclassic.com



ဝင်းနိုင်တို့ ပဲ့ထောင်က စက်သတ်၍ ခိုင်ဝါတို့လှေနား ကပ်လာသည်။ နံ့သာ လှည့်ကြည့်တော့ ရှမ္မက်လွှမ်းနေသော ဝင်းနိုင်၏ အဆီပြန် မျက်နှာကြီးကို တွေ့ရ၏။ သူတို့အဖွဲ့က နံ့သာအား လှမ်းဆွဲကာ ပဲ့ထောင်ပေါ် ပြောင်းရွှေ့ဖို့ ကြိုးစားနေကြပြီ၊ မချစ်မနှစ်သက်သူကို အောင့်အည်းသည်းခံ ပေါင်းသင်းနေရတာထက် သေသွားတာကမှ ပိုကောင်းဦးမည်ဟု နံ့သာ စိတ်ပိုင်းဖြတ်လိုက်၏။ ထို့အတွက် ပိုင်းဆွဲနေကြသည့် ဝင်းနိုင်တို့လက်ထဲမှ အားကုန်ရုန်းကန်ကာ လှေပေါ်မှ နောက်ပြန်လှန်ချလိုက်တော့လေသည်။

"ဗွမ်း. ."

"ဟယ်. . နံ့သာ"

"နံ့သာ. . နံ့သာ. . ဒုက္ခပါပဲ"

ထင်မထားသည့် နံ့သာ၏ တုန့်ပြန်မှုကြောင့် ခိုင်ဝါနှင့် ဝင်းနိုင်တို့ အလွန်အမင်း တုန်လှုပ်သွားကြသည်။ ဝင်းနိုင်လည်း ဒိုင်ဗင်ထိုးဆင်းသွား၏။

လှေနှင့် ပဲ့ထောင်ပေါ် ကျန်ခဲ့သူများ စိုးရိမ်ကြီးစွာနှင့် ရေထဲငုံ့ကြည့်နေကြသည်။ ရေက နောက်ကျိနေသဖြင့် ထွင်းဖောက်၍ ဘာကိုမှ မမြင်ရ၊ ငါးမိနစ်ခန့်အကြာမှာ ဝင်းနိုင် မောမောပန်းပန်းနှင့် ပြန်ပေါ်လာသည်။

"ဝူး. . ဖလူး. . လူး. . မတွေ့ မတွေ့တော့ဘူး၊ အောက်မှာ နံ့သာကို မတွေ့ဘူး"

"ဟင်. . ဘယ်. . ဘယ်လိုလုပ်ကြမလဲ၊ ပြဿနာတွေတက်ကုန်တော့မှာပဲ. . ထပ်. . ထပ်. . ရှာကြည့်ပါဦး ဝင်းနိုင်ရယ်"

ခိုင်ဝါ တိုက်တွန်း၍ ဝင်းနိုင် နောက်တစ်ကြိမ် ရေထဲ ငုပ်



www.burmeseclassic.com

www.burmeseclassic.com



သွားပြန်သည်။ ထိုအချိန်တွင် နှံ့သာမှာ အလွန်မှုးဝေနေသဖြင့် ရေကူးပြီး ထွက်ပြေးမည့်အကြံကို အကောင်အထည် မဖော်နိုင်တော့ဘဲ ဖြစ်နေ၏။ အဆုတ်ထဲတွင်လည်း လေက တဖြည်းဖြည်းနည်းလာသည်မို့ အသက်ဆက်အောင့်ထားဖို့ အလွန်ခက်ခဲလာသည်။ ထိုအခါမှ အလန့်တကြားနှင့် ရေပေါ်ပြန်တက်ဖို့ ကြိုးစားရှာသည်။

သို့သော် ရေအောက်ရှိ သစ်ငုတ်များ နွယ်ပင်များနှင့် ငြိနေ၍ ပြန်မတက်နိုင်တော့။ ရုန်းလေကန်လေ အောက်ဆီဂျင်ကုန်လေ ဖြစ်နေတော့၏။ ပါးစပ်နှင့် နှာခေါင်းမှ လေပူပေါင်းတွေ မှုတ်ထုတ်မှု ရပ်တန့်သွားသည်နှင့် နှံ့သာ အသက်ပျောက်သွားတော့သည်။ ရေထဲတွင် မမြင်မကမ်းနှင့် လိုက်စမ်းကာ ရှာဖွေနေသော ဝင်းနိုင်လည်း မောပန်းလှသဖြင့် ရေမငုပ်နိုင်တော့ဘဲ ပြန်တက်လာခဲ့၏။

"ဟူး. . ဟား. . မောလိုက်တာ"

"နှံ့သာကို မတွေ့ဘူးလား ဝင်းနိုင်"

"အေး. . ဘယ်လိုမှ ရှာမတွေ့ဘူးဟ၊ အောက်မှာလည်း ရေကနောက်နေတော့ ဘာမှမမြင်ရဘူး"

"ဒါ. . ဒါဆို ဘယ်လိုလုပ်ကြမလဲ၊ သူ့အိမ်ကို ငါ ဘယ်လိုပြောရမှာလဲ"

"ဒီလိုလုပ် နင်လည်း ရေထဲဆင်းလိုက် တစ်ကိုယ်လုံး ရေစိုအောင်လုပ်၊ ပြီးတော့. . လှေမှောက်ပြီး နှံ့သာ ရေနစ်သွားတယ်လို့ ပြော"

လောလောဆယ်မှာ ဝင်းနိုင်ပြောတာက အကောင်းဆုံး ဖြစ်နေ၍ ခိုင်ဝါ ရေထဲခုန်ချလိုက်သည်။ ဝင်းနိုင်တို့က လှေကိုပါ ရေစိုအောင် မှောက်ပစ်လိုက်ကြသည်။ ပြီးမှ ပြန်လှန်၍ ခိုင်ဝါကို တက်



www.burmeseclassic.com

www.burmeseclassic.com



စေပြီး . . .

"ကဲ ခိုင်ဝါ နင့်အပြောအဆိုက အခရာကျနေပြီနော်၊ နှံ့သာဗိုက်အောင့်ပြီး မူးလာလို့ ဆေးခန်းအပို့မှာ လှေမှောက်ပြီး ရေနစ်သွားတယ်လို့ပြော . . သွား . . သွားတော့"

ခိုင်ဝါ ရင်ခုန်သံ ဖရိုဖရဲနှင့် လှေကို နောက်ကြောင်းပြန်လှည့်ကာ လော်ခတ်သွား၏။ ဝင်းနိုင်တို့လည်း ပတ်ဝန်းကျင်ကို အကဲခတ်ပြီး ရင်သိမ့်တုန်အဖြစ်အပျက်အား သိမြင်သူရှိမရှိ ရှာဖွေကြည့်သည်။ ဘယ်သူမှ မမြင်လိုက်ဟု သုံးသပ်ပြီး ထိုနေရာမှ ကိုယ်ယောင်ဖျောက်ထွက်သွားကြတော့၏။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၃)

အခင်းဖြစ် ချောင်းကမ်းနှစ်ဖက်မှာ သတင်းကြားပြီး ရောက်လာကြသည့် လူအုပ်ကြီးက ကမ်းလုံးညွတ်မျှ ဖြစ်နေ၏။ နှင်းမောင်နှင့် ဘသံဒိုင်တို့၏ စိုးရိမ်ပူပန်စိတ်က ငယ်ထိပ်တက်ဆောင့်နေပြီဖြစ်သည်။ မင်းခန့်လည်း အရူးတစ်ပိုင်း ဖြစ်နေရှာကာ ဦးမြတ်ခိုင်က ငိုယိုနေသော ခိုင်ဝါအား. .

"လေှမှောက်တာ ဘယ်နေရာမှာလဲ သမီး"



www.burmeseclassic.com

www.burmeseclassic.com



ခိုင်ဝါက ချောင်းကမ်းနှစ်ဘက်ကို သေချာကြည့်လိုက်ပြီး နောက်. . .

"ဒီနေရာပါပဲ အဖေ"

"ကဲ. . . ဒီနေရာပဲဟေ့၊ သေချာရှာကြစမ်း"

လှေခြောက်စင်းပေါ် အသင့်နေရာယူထားသော ရွာသားများ. . လက်ထဲမှ ပိုက်များကို ပစ်ချလိုက်ကြ၏။ နံ့သာအား ရေထဲမှ ဆယ်ယူဖို့ ကြိုးစားကြခြင်းဖြစ်သည်။ မင်းခန့်နှင့်အခြားသုံးယောက်ကလည်း ချောင်းထဲခုန်ဆင်းကာ ရေငုပ်ပြီး ရှာဖွေကြသည်။

ကျော်စိုးတို့ မိသားစုအားလုံးလည်း လာကြည့်ကြသည်။ ခိုင်ဝါက ငိုမဆုံး ဖြစ်နေသလို ဝင်းနိုင်မှာလည်း မျက်နှာဆီးရွှက်လောက်သာ ရှိတော့၏။

နံ့သာ ခုလိုအဖြစ်မျိုးကြုံရတာ သူနှင့် ခိုင်ဝါကြောင့် မဟုတ်လား၊ အကြံပေး ကောင်းဆက်က ဝင်းနိုင် ပုခုံးကို အားပါပါဖြစ်ညှစ်ရင်း တီးတိုးသတိပေးသည်။

"ဟေ့လူ ခင်ဗျား ဒီလောက်ရုပ်ပျက်ဆင်းပျက်ဖြစ်နေရင် အားလုံး ရိပ်မိပြီး ပေါ်ကုန်လိမ့်မယ်"

ထိုအချိန်တွင် ရေထဲမှ ဘွားခနဲ ပေါ်လာသည်က မင်းခန့်ဖြစ်၏။ အနီးဆုံးလှေဆီ ကူးသွားပြီး လှေနံရံကိုကိုင်၍နားကာ အသက်ဝဝ ရှူနေသည်။ လှေပေါ်မှ ဘသံဒိုင်က. .

"မောင်မင်းခန့်. . မင်း တအားမောနေပြီ၊ မငုပ်နဲ့တော့"

"ကျွန်တော် မကျေနပ်သေးဘူးအဘ ဆက်ရှာချင်သေးတယ်"

ပြောပြောဆိုဆို မင်းခန့် ရေထဲ ငုပ်သွားပြန်သည်။ ချစ်သူ



www.burmeseclassic.com

www.burmeseclassic.com



ရည်းစားဖြစ်ပြီး တစ်ရက်မျှသာ ရှိသေးချိန်မှာ ကွဲကွာရမှာကို မင်းခန့် မခံစားနိုင်ဘဲ သွေးရူးသွေးတန်း ဖြစ်နေလေ၏။ ဖြစ်စအချိန်မှ ခုထိ ဆိုလျှင် နှစ်နာရီ သုံးနာရီခန့် အချိန်တွေ ကုန်ခဲ့ပြီ ဖြစ်သည်။ နံ့သာအား အသက်ရှင်လျက် ပြန်တွေ့ဖို့ မျှော်လင့်ချက်ကတော့ မရှိသလောက် နည်းပါးနေခဲ့ပြီ။

လှေပေါ်မှ ပိုက်သမားတွေလည်း ပိုက်များကို ပြန်ဖော်လိုက်ကြ၏။ ပိုက်ထဲ ဘာမှပါမလာသည်မို့ နေရာလွှဲပြီး ထပ်ပစ်ကြပြန်သည်။ မင်းခန့်လည်း ရေငုပ်ရလွန်း၍ မျက်လုံးများနီရဲပြီး အမောဆို့နေပြီ ဖြစ်သည်။

"မောင်မင်းခန့် . . မင်း ထပ်မငုတ်နဲ့တော့၊ အဆုတ်က မခံနိုင်တော့ဘူး၊ ဒုက္ခတွေ ရောက်ကုန်လိမ့်မယ်၊ တက် . . တက် . . လှေပေါ်တက်တော့"

မင်းခန့်လည်း အမှန်ပင် ခြေကုန်လက်ပမ်းကျနေပြီဖြစ်၍ သက်လျှော့ကာ လှေပေါ်တက်ထိုင်ပြီး ချောင်းရေပြင်ကိုကြည့်ရင်း ဖြေမဆည်နိုင်အောင် ဖြစ်နေလေ၏။ ပိုက်သမားများ နေရာပြောင်း၍ ကွန်ပစ်ကာ ဆက်လက်ရှာဖွေကြသည်။ အခြား လှေသမားများကလည်း ထိုးဝါးများနှင့် ရေထဲထိုးကာ စမ်းသပ်ရှာဖွေလျက်ရှိသည်။

ရွာသူရွာသားတွေ ပါးစပ်ဖျားမှာတော့ အမေရော သမီးပါ ချောင်းမှာ အသက်ဆုံးရတာ ကျိန်စာသင့်တာများလားဟု တီးတိုး ပြောဆိုနေကြ၏။ ထိုစကားတွေကြားပြီး ကျော်စိုး မျက်စိမျက်နှာ ပျက်နေသလို ဝင်းနိုင်လည်း ကျီးကြည့်ကြောင်ကြည့်နှင့် ဂဏာမငြိမ် ဖြစ်နေ၏။ ကြာလျှင် ဒုက္ခတွေ့တော့မည်မို့ ကောင်းဆက်က ချော့မော့ကာ အားလုံးကို အိမ်သို့ ပြန်ခေါ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရှာနေကြသည့် အဖွဲ့များမှာလည်း မှောင်စပျိုးတွင် လက်လျှော့ပြီး လှေများသိမ်းကာ လူစုခွဲ ပြန်ကုန်ကြတော့သည်။ ထိုညက မင်းခန့် လုံးဝ အိပ်မပျော်၊ အရက်တွေ တစ်ခွက်ပြီး တစ်ခွက်သောက်ရင်း မချိတင်ကဲ ငိုနေခဲ့၏။ ထိုအဖြစ်ကိုကြည့်ပြီး ခိုင်ဝါ နောင်တရမိသည်။

ပြာလဲ့လဲ့ ကောင်းကင်က ကြည်လင်တောက်ပနေသည်။ လောကကြီးကတော့ မနေ့ကအတိုင်းပင် မပြောင်းမလဲ အကောင်းပကတိ ရှိနေဆဲဟု ပြောလို့ရသည်။ ပြောင်းလဲနေတာက ထန်းစင်လှရွာသားများသာ ဖြစ်၏။

မနက်လင်းသည်နှင့် ချောင်းထဲမှာ လူတွေပြည့်နေပြီ၊ နှံ့သာကို ပြန်တွေ့ရမလား၊ သို့မဟုတ် အလောင်းပဲ ပေါ်နေပြီလားအတွေးနှင့် ချောင်းရိုးတစ်လျှောက် ရှာဖွေနေဆဲ. . .။

ဘသံဒိုင်ကလည်း မတွေ့တွေ့အောင်ရှာမည်ဟု စိတ်ပိုင်းဖြတ်ထားပုံရ၏။ သူ့အစီအစဉ်နှင့်သူ ပြင်ဆင်နေသည်။ ချောင်းကမ်းပါးတွင် ကန်တော့ပွဲများ ပြင်ဆင်ကာ ဆိုင်ရာပိုင်ရာများကို ပင့်ဖိတ်ပြီး သူ့အခိဋ္ဌာန်နှင့်သူ တိုင်တည်နေ၏။ နှင်းမောင်နှင့် မင်းခန့်တို့မှာတော့ ဘသံဒိုင် လုပ်ကိုင်နေသည်ကိုတစ်လှည့် ချောင်းရေပြင်ကိုတစ်လှည့် ကြည့်နေမိကြသည်။ ဘသံဒိုင်က သာသနာစောင့်နတ်၊ ချောင်းစောင့်နတ်တို့အပြင် ရှင်မိုးကိုပါ တိုင်တည်ကာ နှံ့သာအား တွေ့အောင်ရှာပေးဖို့ အကူအညီတောင်းလိုက်၏။

ထို့နောက် ငှက်ပျောတုံးကို လှီးဖြတ်ထွင်းဖောက် ပြုလုပ်ထားသော ငှက်ပျောဖောင်လေးကိုယူကာ ချောင်းစပ်သို့ဆင်းပြီးရေထဲမျှောလိုက်သည်။ ရွာသားအပေါင်းတို့မှာလည်း ဘာတွေဖြစ်လာ



www.burmeseclassic.com

www.burmeseclassic.com



လေမလဲ အတွေးနှင့် စိတ်ဝင်တစား စောင့်ကြည့်နေကြ၏။ ဘယ်ဒိုင်မည်သို့ တိုင်တည်အမိန့်ပေးလိုက်သည်မသိ။

ကံကြီးကုန်းတွင်လည်း ထူးခြားဖြစ်စဉ်တွေ ရှိလာသည်။ ဆရာအဂ္ဂက ရှင်မိုး၏ဝိညာဉ်ကို ဖမ်းချုပ်ပိတ်လှောင်ထားခဲ့တာကြာပြီ၊ သူ့အိမ်အတွင်း အရိုးခေါင်းဆယ်လုံးနှင့် ဝိုင်းပတ်ထားသည့် စည်းအတွင်း ရှင်မိုးဝိညဉ်ရှိသည့်အိုးလေး ရှိနေသေးသည်။ အစောင့်အရှောက်များနှင့် ကာထားသည့်သဘောဖြစ်၏။ သို့သော်လည်း ထိုအိုးလေးက တဆတ်ဆတ် တုန်ခါလာသည်။ ဆရာအဂ္ဂအိပ်ပျော်နေ၍ ထိုအဖြစ်ကို မသိလိုက်၊ တဆတ်ဆတ် တုန်ခါနေသည့် အိုးလေးမှာ အက်ကွဲရာတစ်ခု ပေါ်လာ၏။

ထိုအက်ကွဲရာမှ အခိုးအငွေ့တချို့ စိမ့်ထွက်လာသည်။ တစ်မိနစ်ခန့် စိမ့်ထွက်လာပြီးနောက် အိုးလေး ပြန်ငြိမ်သွားတော့သည်။ ထိုအဖြစ်အပျက်နှင့် တစ်ပြိုင်တည်းဆိုသလို ငှက်ပျောဖောင်လေးမှာ စက်တပ်ကစားစရာ မော်တော်တစ်စီးလို ရေလယ်ကို ဆန်တက်ခါ ပြေးလွှားနေ၏။ ထိုအခိုက် သာယာကြည်လင်နေသောကောင်းကင်မှာ ရုတ်ချည်းဆိုသလို မိုးမှောင်ကျလာကာ လျှပ်ပန်းလျှပ်နွယ်များ ပြိုးပြက်ဝင်းလက်လာသည်။

ထူးထူးခြားခြား အဖြစ်အပျက်တွေကြောင့် ကမ်းလုံးညွှတ်ရှိသတ်လည်း အသည်းတယားယား ရင်တမမဖြစ်နေသည်။ ထိုစဉ်ငှက်ပျောဖောင်လေးရှိရာ ရေပြင်တွင် ဝဲဂယက်တစ်ခု ပေါ်ထွက်လာ၏။ ထိုဝဲဂယက်က ငှက်ပျောဖောင်လေးကို ရေနက်ထဲသို့ စုပ်ယူဆွဲခေါ်သွားသည်။ ငှက်ပျောဖောင်လေး မြုပ်သွားပြီးနောက် ချောင်းထဲတွင် အချိန်အခါမဟုတ် လှိုင်းတွေထန်လာသည်။ ထိုလှိုင်း



www.burmeseclassic.com

www.burmeseclassic.com



နှင့်အတူ မည်းမည်းသဏ္ဌာန်တစ်ခု လျင်မြန်စွာ ကူးခတ်လာနေတာ မြင်ကြရသည်။ မျက်စိလျင်သူ တချို့က. .

"ရှင်မိုး. . အဲဒါ. . ရှင်မိုး၊ ရှင်မိုးရဲ့ ဆံပင်ရှည်ကြီးတွေ"

ဘသံတိုင် တိုင်တည်အကူအညီတောင်း၍လားမသိ၊ ရှင်မိုး ပြန်လည်ထွက်ပေါ်လာခဲ့ပြီဖြစ်သည်။ တအံ့တဩ ကြည့်နေကြစဉ်မှာပင် ဆံပင်တွေ ရေထဲငုပ်လျှိုး ပျောက်ကွယ်သွား၏။ သိပ်မကြာခင်မှာပင် ချောင်းရေပြင်က ပွက်ပွက်ထလာ၏။

"ဟာ. . ရေတွေပွက်ထလာပြီ"

ထိုရေပွက် ငြိမ်သက်သွားပြီးနောက် လူတစ်ယောက် မှောက်လျက်အနေအထားနှင့် ပေါ်လာသည်။ စောင့်ကြည့်ပရိသတ်ထံမှ ဟာခနဲ ဟင်ခနဲ အာမေဋိတ်သံတွေ ဆူညံသွား၏။ အားလုံးမင်သက်နေစဉ် ဦးစွာလှုပ်ရှားလိုက်သည်က မင်းခန့် ဖြစ်၏။ အလောင်းရှိရာ မင်းခန့် ခပ်သွက်သွက်ပင် ရေကူးသွားလိုက်၏။

ထိုအခါမှ ဒေလှသမားတွေလည်း သတိဝင်လာကာ ထိုနေရာသို့ ဦးတည်လှော်ခတ်သွားကြသည်။ အရင်ဆုံးရောက်သွားသည့် မင်းခန့်က ပေါ်လာသည့်အလောင်းကို ပက်လက်ဖြစ်အောင် ဆွဲလှန်လိုက်သည်။

"ဟင်. . နံ့သာ. . နံ့သာ. . ဖြစ်မှဖြစ်ရလေ နံ့သာရယ်"

မင်းခန့် ဒေါသံနက်ကြီးနှင့်. .

အနားရောက်လာသော လှေသမားများက နံ့သာ၏ ချွံ ကြွင်းကို ဝိုင်းဝန်းဆယ်ယူကာ လှေပေါ် ဆွဲတင်ကြသည်။ မင်း လည်း အလောင်းတင် လှေနံရံကို တွဲခိုလျက် ကမ်းစပ်သို့ ပြန်လာ လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"အံ့ဩစရာ ကောင်းလိုက်တာဟယ်၊ သူ့အမေရှင်မိုးက နံ့သာရဲ့အလောင်းကို ရှာပေးတာ"

"အေးလေ. . ဒီလောက် ကွန်ပစ်ပြီး ရှာတာကို မတွေ့တဲ့ဟာကို"

ထိုနေ့က အဘသံဒိုင်၏ သီလ သမာဓိ ပညာ၊ ဝိညာဉ်ရှင်မိုး၏ အနန္တမေတ္တာနှင့် နံ့သာလေး၏ ဆိုးဝါးလှသည့် ကံကြမ္မာအကြောင်း ထန်းစင်လှ ရွာသူရွာသားတွေ ပြောမဆုံး ဖြစ်နေလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂၄)

ကံဆိုးလွန်းလှသည့် နံ့သာ၏အသုဘကို သူတို့ အိမ်ခြံဝင်းအတွင်းမှာပင် ပြင်ဆင်ထား၏။ အထူးအဆန်း ဘာတွေဖြစ်ဦးမလဲ သိချင် စပ်စုချင်စိတ်နှင့် သတင်းလာမေးကြသဖြင့် နံ့သာတို့အိမ်ပေါ်နှင့် ခြံဝင်းအတွင်း ခြေချစရာမရှိအောင် စည်ကားနေသည်။ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းမှ ဆရာမဖြစ်၍ ဆရာသော်နှင့် သံဃာများ ကြွလာကာ အချိန်ပြည့် နေပေးကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးမြတ်ခိုင်နှင့် သမီးခိုင်ဝါလည်း ရောက်ရှိနေသည်။ မင်းခန့်ကတော့ အလောင်းပြန်ရသည့် အချိန်မှစပြီး ခိုင်ဝါတို့အိမ်သို့ မပြန်တော့၊ အလောင်းစင်ကုတင်ဆင်တာကအစ အလောင်းပြင်ဆင်တာ ကုတင်အောက် ကျောက်ဖရုံသီးထားတာတွေကို သူပဲ ဒိုင်ခံလုပ်နေသည်။ ရေထဲ တစ်ရက်လောက်ကြာခဲ့သည်မို့ နှံ့သာ၏ အသားအရေက ပြာနှမ်းနေခဲ့ပြီ၊ မင်းခန့်မှာ အလောင်းပြင်ထားသည့် ကုတင်အနီး ထိုင်ကာ ချစ်သူကို မျက်နှာမလွှဲစတမ်း ငေးကြည့်နေရှာ၏။ ခိုင်ဝါလည်း ပန်းအိုးများ ကန်တော့ပွဲများ ပြင်ဆင်ရင်း နှံ့သာအား လှည့်မကြည့်ရဲအောင် မလုံမလဲ ဖြစ်နေလေသည်။

ထိုအချိန်တွင် ဝင်းနိုင်တို့အဖွဲ့ နာရေးသတင်းမေးရအောင် ရောက်လာကြသည်။ ခြံဝင်းအဝမှာပင် ဝင်းနိုင် ရုပ်ပျက်ဆင်းပျက် ဖြစ်ကာ ပြန်လှည့်ထွက်မလို လုပ်သေး၏။ ကောင်းဆက်က ဝင်းနိုင် ပုခုံးကိုဖက်၍ သတိပေး၏။

"စိတ်ထိန်းမှပေါ့၊ မူပျက်နေရင် ရိပ်မိသွားမယ်"

ဝင်းနိုင် မာန်တင်းကာ ကိုယ့်စိတ်ကိုယ်ထိန်း၍ ဝင်လာခဲ့၏။ အသားတွေ ပြာနှမ်းနေတာကလွဲလျှင် နှံ့သာ လှနေဆဲပင်ဖြစ်၏။ အလောင်းကို အဝတ်အစား သန့်သန့်ဝတ်ပေးကာ ပြင်ဆင်ထားသလို ငွေလေ့ထုံးတမ်းအရ ခြေမနှစ်ချောင်းကိုပူးပြီး ကြိုးနှင့် ချည်နှောင်ထားသည်။ လက်နှစ်ဖက်ကိုယှက်၍ ကြာပန်းတစ်ပွင့် ထည့်ကာ ဘုရားကို ပူဇော်နေဟန်လည်း ပြုလုပ်ပေးထား၏။

ဝင်းနိုင်တို့အဖွဲ့ နှံ့သာအား နောက်ဆုံးနှုတ်ဆက်သလို စိတ်မကောင်းစွာ ကြည့်နေကြသည်။ မင်းခန့်က ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ နှံ့သာကိုသာ မမှိတ်မသုန် စိုက်ကြည့်နေရှာ၏။ ထိုအချိန်တွင်



www.burmeseclassic.com

www.burmeseclassic.com



ပိတ်ထားသော နံ့သာ၏မျက်ဝန်းထောင့်မှ မျက်ရည်တွေ စီးကျလာတာကို မင်းခန့် တွေ့မြင်သွားသည်။

"ဟင်. . နံ့သာ. . နံ့သာ ငိုနေတယ်"

တအံ့တသြပြောလိုက်သော မင်းခန့် အသံကြောင့် အားလုံး ရုတ်ရုတ်သည်းသည်းဖြစ်ကာ ဝိုင်းအုံလာကြ၏။ သေချာကြည့်ကြတော့လည်း မျက်ရည်ကျလာတာကို အားလုံး မြင်ကြရသည်။ ခိုင်ဝါနှင့် ဝင်းနိုင်လည်း တိုးဝှေ့ကာ နံ့သာအား ကြည့်ကြသည်။ ထိုအချိန်တွင်မှ နံ့သာ ထလာလေ၏။ လှဲနေရာမှ ထိုင်လျက်ဖြစ်သွားသလို မျက်လုံးတွေလည်း ပွင့်လာသည်။

"အောင်မယ်လေး အလောင်းကြီး ထလာတယ်"

"သရဲ. . သရဲ"

ဝိုင်းအုံနေသောလူတွေ ထိတ်လန့်တုန်လှုပ်စွာ အော်ဟစ်ပြီး အလန့်တကြား ထွက်ပြေးကြ၏။ အဆိုးဆုံးကတော့ ဝင်းနိုင်နှင့် ခိုင်ဝါတို့ပင် ဖြစ်သည်။ တွေ့သမျှလူတွေကို တွန်းတိုက်တိုးဝှေ့ကာ အလုအယက် ထွက်ပြေးကြ၏။ မင်းခန့်က ဝမ်းသာပျော်ရွှင်နေသည်။ ကုတင်ပေါ် တက်၍ နံ့သာ၏ ပုခုံးကိုကိုင်ကာ တတွတ်တွတ် မေး၏။

"နံ့သာ. . နံ့သာ မသေဘူးနော်၊ ဝမ်း. . ဝမ်းသာလိုက်တာ နံ့သာရယ်"

အခြေအနေကို ထိန်းသိမ်းသည့်အနေနှင့် ဆရာတော်နှင့် ဘသံဒိုင်တို့ အနားသို့ ရောက်လာသည်။ မင်းခန့်အား နှစ်သိမ့်ဖျောင်းဖျ ပြောဆိုကြ၏။

"ဒကာလေး. . လူဆိုတာ သေမျိုးလေ၊ သေပြီးသားလူဟာလည်း ဘယ်တော့မှ ပြန်ရှင်လာမှာ မဟုတ်ဘူး၊ အသိစိတ်ထိန်းပြီး



www.burmeseclassic.com

www.burmeseclassic.com



အမှန်ကို အမှန်အတိုင်း လက်ခံလိုက်ပါ"

"သူ. . သူ ထထိုင်နေတယ်လေ ဆရာတော်ရဲ့၊ မျက်လုံးလည်းဖွင့်ပြီး ငိုလည်းငိုနေတယ်"

ဆရာတော်က ခေါင်းရမ်းတာတောင် မင်းခန့် အားတက်သရော ဖြစ်နေသေးသည်။

"ဒါ. . ဖြစ်လေ့ဖြစ်ထရှိတဲ့အတိုင်း အကြောဆွဲလို့ ထထိုင်သလို ဖြစ်တာပါ မောင်မင်းခန့်၊ မဟုတ်တာတွေ တွေးမနေနဲ့"

ဘသံဒိုင်က သေချာရှင်းပြရင်း နှံ့သာ၏ လက်ပြင်ကြောနှင့်ညှပ်ရိုးခွက်ထဲ နှိုက်၍ နှိပ်နယ်ဖြေလျှော့ပေးလိုက်သည်။ ထိုအခါမှ နှံ့သာ မူလအခြေအနေအတိုင်း ပြန်ဖြစ်သွားသည်။ ထိုအချိန်တွင် မှာထားသောအခေါင်းကို သုဘရာဇာတို့ လာပို့သည်နှင့် အခေါင်းထဲသို့ ပြောင်းရွှေ့ထည့်ထားလိုက်ကြသည်။

ထို့နောက် သက်ပျောက်ဆွမ်းသွပ်ရန် စီစဉ်ပြင်ဆင်ကြ၏။ သပိတ်ထဲဆွမ်းနှင့် ဟင်းကိုရောထည့်ကာ ထုံးတမ်းအတိုင်း ဆက်ကပ်သည်။ ဆရာတော်တို့က နှံ့သာအတွက် သက်ပျောက်တရားချီးမြှင့်ပြီး ပရိတ်တရားတော်များ ရွတ်ဖတ်ကာ ဘဝကူးကောင်းနိုင်ဖို့ ကူညီသည်။

ထိုအချိန်တွင် အလန့်တကြားထွက်ပြေးရင်း ရွာပြင်တစ်နေရာရောက်ပြီး အမောဖောက်နေသော ဝင်းနိုင်တို့ ပင်ပန်းနွမ်းနယ်စွာ အနားယူနေကြ၏။ ခိုင်ဝါက တသိမ့်သိမ့်ရှိုက်ငိုရင်း တတွတ်တွတ်ပြောဆိုနေသည်။

"ဘယ်လိုလုပ်ကြမလဲ ဝင်းနိုင်၊ သူ သတိရလာပြီဆိုရင် ငါတို့အကြောင်းတွေ ထုတ်ပြောတော့မှာပေါ့၊ အဲဒါဆိုငါတို့ လူသတ်မှုနဲ့



www.burmeseclassic.com

www.burmeseclassic.com



အဖမ်းခံရမှာ ဘယ်လိုလုပ်မလဲ"

"ခင်ဗျားတို့ စိုးရိမ်ရမှာ တစ်ခုပဲရှိတယ်"

"ဘာများလဲ ကိုကောင်းဆက်"

"သူ ကျွတ်မှာမဟုတ်ဘူး၊ ခင်ဗျားတို့ကို တစ်ခုခု တုန့်ပြန်လိမ့်မယ်လို့ ထင်နေတယ်"

"ဟင်. . သူ ခြောက်လှန့်ပြီး လက်စားချေမယ်လို့ ပြောတာလား"

"ဟုတ်တယ်"

ဝင်းနိုင်နှင့် ခိုင်ဝါတို့ နေစရာမရှိအောင် ကြောက်လန့်သွားကြသည်။

ကောင်းဆက်က. .

"ဆရာအဂ္ဂရှိတယ်လေ၊ နံ့သာရဲ့ ဝိညာဉ်ကို အချိန်မီ ဖမ်းချုပ်ထားဖို့ လိုလိမ့်မယ်"

"ဟာ. . ဟုတ်သားပဲ၊ ဆရာတစ်ယောက်လုံး ရှိနေတဲ့ဟာ၊ ဒီမယ် ခိုင်ဝါ ဘာမှမပူနဲ့ ငါကြည့်စီစဉ်လိုက်မယ်၊ နင်သာ ဣန္ဒြေမပျက်စေနဲ့"

ခိုင်ဝါအား နှစ်သိမ့်ရင်း ဝင်းနိုင်တို့ ပွဲထောင်ယူဖို့ အိမ်ပြန်သွားကြသည်။ အချိန်က သူတို့အတွက် သေရေးရှင်ရေးတမျှ အရေးကြီးနေပြီ ဖြစ်သည်။ အချိန်မဆိုင်းဘဲ စီစဉ်စရာရှိတာ စီစဉ်ပြီး ကံကြီးကုန်းသို့ တက်သုတ်ရိုက် ခရီးနှင်ကြ၏။

ဒါတောင် ကံကြီးကုန်းသို့ မှောင်ရီပျိုးမှ ရောက်သွားကြ၏။ ဆရာအဂ္ဂကို အဆင်သင့်ပင်တွေ့၍ အကျိုးအကြောင်း ရှင်းပြကာ အကူအညီတောင်းရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မနေ့က သေတာ"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"သချိုင်းမြေနဲ့စေး ခူးထားတာ ရှိတယ်၊ ဂဝံရုပ်လုပ်ပြီး စီမံရမှာ အကုန်အကျတော့ များမယ်နော်"

"သူ့ကိုသာ ချုပ်နှောင်ထားပေးပါ ဆရာ၊ ဘယ်လောက်ကုန်ကုန် ပြဿနာမရှိပါဘူး"

ဆရာအဂ္ဂ သဘောကျသွားကာ ခေါင်းတညိတ်ညိတ်နှင့် လုပ်စရာရှိတာ လုပ်တော့၏။ ဆရာအဂ္ဂက ခူးထားသော သချိုင်းမြေစေးနှင့် ဆံပင်ဖားလျားချထားသည့် ထိုင်နေသော မိန်းမရုပ်တစ်ရုပ်ကို စိတ်ရှည်လက်ရှည် ပြုလုပ်နေသည်။ အရုပ်ကို အင်္ကျီအစုံအလင်နှင့် ဒွါရကိုးပေါက်လုံးပါအောင် ရုပ်လုံးဖော်ရသည်။ မျက်စိ၊ နား၊ နှာခေါင်း ပါးစပ်နှင့် မိန်းမအင်္ဂါစပ်အပြင် စအိုပေါက်ပါ ဖောက်ပေးရ၏။

အရုပ်ပီပြင်သွားသောအခါ အပေါ်ယံတင်းအောင် ခဏလောက် မီးဖုတ်လိုက်သေးသည်။ ကြက်လည်လှီး၍ ရလာသည့်သွေးနှင့် စိမ်ထားသော အပ်ချည်ကြိုးကို ထိုအရုပ်အား ရစ်ပတ်တုပ်နှောင်သည်။ ပြီးတော့ မီးနေသည် ထမီစုတ်နှင့် ထုပ်သိမ်းထားသည့် ဓားမြှောင်တစ်ချောင်းကို ထုတ်ယူသည်။

အားလုံး အဆင်သင့်ဖြစ်သည်တွင် ခေါစာခွက်ပြင်၍ ထမင်းဖြူဆုပ် သားစိမ်းငါးစိမ်းတို့နှင့် ကျွေးမွေးကာ သရဲခေါ်ပြန်သည်။ ဝင်းနိုင်နှင့် ကောင်းဆက်တို့လည်း ဆရာအဂ္ဂလုပ်နေသမျှကို အသည်းတထိတ်ထိတ်နှင့် စောင့်ကြည့်နေကြ၏။

ထိုအချိန်တွင် အမွှေးအမှင်မရှိ ပြောင်တလင်းခါနေသော



www.burmeseclassic.com

www.burmeseclassic.com



လူသဏ္ဍာန် သတ္တဝါတစ်ကောင် ဝုန်းခနဲ ပေါ်လာ၏။

"အောင်မလေးဗျ. . သရဲ. . သရဲ"

ဝင်းနိုင်နှင့် တပည့်နှစ်ယောက် အလန့်တကြား အော်ဟစ်ကာ ဆရာအဂ္ဂနောက်တွင် ဝင်ပုန်းကြသည်။ သရဲက ခေါင်းခွက်ထဲမှ သားငါးအစိမ်းတွေကိုသာ အာရုံထားပြီး စားသောက်နေ၏။ မသတီစရာရုပ်နှင့် ထိုသရဲကိုကြည့်ရင်း ဝင်းနိုင် အန်ချင်နေသည်။ ထို့နောက်ကြိုးချည်ထားသည့် ဂဝံရုပ်ကို အစီအရင်မားနှင့် ချိန်ရွယ်ပြီး ရင်ဝသို့ ထိုးစိုက်လိုက်၏။ ဆရာအဂ္ဂ၏ တဲထဲတွင် ထူးထူးခြားခြားဘာမှမဖြစ်သော်လည်း နံ့သာတို့အိမ်တွင်မူ အဆန်းတကြယ်ကိစ္စတွေ ဖြစ်လာနေ၏။

သက်ပျောက်ဆွမ်းသွပ် တရားနာသည့် အစီအစဉ် ပြီးသွားသည့်နောက် ဆရာတော်တို့နှင့်အတူ ဘသံဒိုင်ပါ ပရိတ်နှင့် ပဌာန်းတရားများ ရွတ်ဖတ်နေကြသည်။ ထိုသို့ရွတ်နေစဉ်မှာပင် လေတိုက်သံများကြားရပြီး ခွေးတွေအူကာ ကျီးတွေပြုလာ၏။ လေက အတော်ထန်လာသဖြင့် မင်းခန့် စိုးရိမ်လာသည်။ လေထဲ အခေါင်းလွင့်ပါသွားမလား၊ တွေးနေစဉ်မှာပင် ဝုန်းခနဲ အသံနှင့်အတူ အလောင်းစင်ကုတင်ပေါ်မှ အခေါင်းကြီးအောက်သို့ ပြုတ်ကျသွားတော့၏။

အခေါင်းမှ အဖုံးပါ လွင့်ထွက်သွားသလို နံ့သာလည်း အခေါင်းထဲမှ ထွက်ကျသွားသည်။ ထိုအဖြစ်ကြောင့် အသည်းငယ်သူတွေ အော်ဟစ်ပြီး အသုဘအိမ်ထဲမှ ထွက်ပြေးကြတော့သည်။ မင်းခန့်၊ နှင်းမောင်နှင့် ဘသံဒိုင်တို့ နံ့သာအား သယ်မကာ ကုတင်ပေါ် ပြန်တင်ကြရ၏။ ထိုအချိန်တွင် ဆရာအဂ္ဂက မွေးသရဲအား အမိန့်တွေပေးနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"သွား… အဲဒီဝိညာဉ်ကို ဖမ်းခေါ်လာခဲ့"

မွေးသရဲက နီးရာပြတင်းပေါက်မှ ခုန်ထွက်သွား၏။ ဆရာအဂ္ဂက မားကို ကြက်သွေးခွက်ထဲသို့ ထိုးနှစ်စိမ်ပြီး အရုပ်၏ ရင်ဝကို ပြန်ထိုးကာ မားဦးနှင့် မွှေနေပြန်သည်။ ထိုသို့ပြုလုပ်လိုက်သည်နှင့် နှံ့သာ၏ ရုပ်အလောင်းထဲမှ ဝိညာဉ်မှာ အော်ဟစ်ညည်းညူကာ တိုးထွက်သွား၏။ ကုတင်ပေါ် ကျန်ခဲ့သော ရုပ်အလောင်း၏ ရင်ဝမှာလည်း သွေးတွေ စိမ့်ထွက်လာကာ အဝတ်အစားတွင် အနီရောင် အကွက်ကြီး ဖြစ်လာတာကို မြင်လိုက်ကြရသည်။

အခေါင်းကို ပြန်လည်ပြင်ဆင်နေသော မင်းခန့်တို့လည်း ထိုအဖြစ်ကြောင့် အံ့အားသင့်ကာ စိုးရိမ်မကင်း ဖြစ်နေကြရသည်။ ဘသံဒိုင်က…

"ဒါ သွေးရိုးသားရိုးမဟုတ်ဘူး၊ အောက်လမ်းနဲ့ စီရင်ပြီး သမီးရဲ့ဝိညာဉ်ကို အနှောက်အယှက် ပေးနေကြတာ"

ဘသံဒိုင်က မင်းခန့်အား နှံ့သာ၏ ခေါင်းရင်းတွင် ပွဲတစ်ပွဲ ပြင်စေသည်။ ကုတင်ပတ်လည်မှာ ဖယောင်းတိုင်တွေစိုက်ပြီး မီးထွန်းခိုင်း၏။ သူကိုယ်တိုင်က အမွှေးတိုင်တစ်ထုပ်ကို မီးညှိ၍ ဘုရားပူဇော်သလို လက်ဝါးနှစ်ဖက်နှင့် ညှပ်ကိုင်ကာ အလောင်းစင် ကုတင်ရှေ့တွင် တင်ပလ္လင်ခွေထိုင်လျက် ရွတ်ဖတ်တော့၏။

နှံ့သာတို့ အိမ်ခြံဝင်းအတွင်း မမြင်ရသော အဖြစ်အပျက်များ ပေါ်လာတော့သည်။ ဆရာအဂ္ဂ၏ မွေးသရဲရောက်လာကာ နှံ့သာ၏ ဝိညာဉ်အား အတင်းအဓမ္မ ဆွဲခေါ်နေသည်။ နှံ့သာလည်း အားကုန်ရုန်းကန်နေ၏။ ထိုအဖြစ်အပျက်များကို သာမန်လူတို့ မြင်တွေ့ခဲ့လျှင်တော့ ကဝေမျက်ကွင်းဆေးကို မျက်လုံးနှစ်လုံးတွင် ကွင်းထား



www.burmeseclassic.com

www.burmeseclassic.com



မှသာ မြင်တွေ့နိုင်မည်ဖြစ်သည်။

ဘသံဒိုင်က နံ့သာကို ရည်စူးမေတ္တာပို့ကာ ရွတ်ဖတ်ပေးနေသည့်အတွက် မွေးသရဲ ထင်တိုင်းကျဲ၍မရ ဖြစ်နေ၏။ ဘသံဒိုင် ပရိတ်ရွတ်နေသလို ဆရာအဂ္ဂလည်း အယုတ်တမာ စကားလုံးတွေ ဖောဖောသီသီသုံးကာ မွေးသရဲအား တွန်းအားပေးနေသည်။ ပရိတ်ကို အကြိမ်ကြိမ် ရွတ်ဖတ်နေသည့်အစွမ်းကြောင့် နံ့သာအား ဖမ်းချုပ်နေသောသရဲမှာ လွင့်ထွက်သွားကာ ဆရာအဂ္ဂရှေ့သို့ တလိမ့်ခေါက်ကွေး ပြန်ရောက်သွား၏။

"အောင်မလေးဗျ. . ."

ဝင်းနိုင်တို့အုပ်စု အလန့်တကြားအော်ဟစ်ကာ ပြေးပုန်းကြရသည်။ အခြေအနေမကောင်းတာကိုသိသော ဆရာအဂ္ဂ အင်းတစ်ချပ်အား မီးရှို့ပြာချ၍ ထိုပြာကို ရေနှင့်ဖျော်ကာ သရဲအား လှမ်းပက်လိုက်သည်။

"သွား. . ရအောင် ခေါ်ခဲ့"

သရဲ ပျောက်ကွယ်သွားပြန်သည်။ ဆရာအဂ္ဂက ကြိုးချည်ဂဝံရုပ်အား ဓားနှင့် မွှန်းသည်။ ထိုသို့ပြုလုပ်လိုက်ရာ နံ့သာ၏ဝိညာဉ်မှာ အော်ဟစ်လူးလိမ့် ညည်းတွားနေရ၏။ ထိုအချိန်တွင် သရဲပြန်ရောက်လာကာ နံ့သာ၏ ဆံပင်ကို ချုပ်ကိုင်တုပ်နှောင်ပြီး ဆွဲခေါ်တော့သည်။ နံ့သာ အားအင်ချိနဲ့သလိုဖြစ်နေ၍ ဆွဲခေါ်ရာသို့ တရွတ်တိုက် ပါသွားတော့၏။

ထိုအချိန်တွင် ကွက်တိရောက်ရှိလာသူကား ရှင်မိုးပင် ဖြစ်သည်။ သမီးဖြစ်သူအား နှိပ်စက်ကလူ ပြုနေတာမြင်တော့ ဒေါသူပုန်ထသွားကာ ခေါင်းကိုခါရမ်း၍ ဆံနွယ်များကို ပစ်လွှင့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သရဲ၏လည်ပင်းအား ဆံနွယ်များ ရစ်ပတ်သွားစဉ် ရှင်မိုးက ကိုယ်ကို နောက်သို့ခါရမ်းလိုက်ရာ သရဲ လွင့်ထွက်သွား၏။ ရှင်မိုးက ဆံနွယ် များနှင့် ရစ်ပတ်ချုပ်နှောင်ထားစဉ် နှံ့သာက လူတွေရန်ဖြစ်သလိုပင် ထိုးနှက်ရိုက်ပုတ်သည်။ ဝိဇ္ဇာဥ်စွမ်းအားများကို အသုံးမချတတ် သေး။

ဘသံဒိုင်နှင့် ဆရာတော်တို့ကလည်း နှံ့သာအတွက် မေတ္တာ ပို့ပြီး ပရိတ်တရားတော်များကို အဆက်မပြတ်ရွတ်ဖတ်နေကြ၏။ ထိုအစွမ်းများကို သရဲမခံစားနိုင်တော့ပဲ ထွက်ပြေးတော့လေသည်။

နှံ့သာတို့ အိမ်ဝန်းကျင်တွင်လည်း ကျီးပြို့သံတို့ ခွေးအူသံတို့ တိတ်ဆိတ်ငြိမ်သက်သွား၏။ နှံ့သာအလောင်းအား စောင့်ကြည့်နေ သော မင်းခန့်မှာ နှံ့သာ အဝတ်အစားတွင် စွန်းထင်းနေသော သွေး ကွက်များ ပျောက်သွားတာ မြင်လိုက်ရ၏။

အခြေအနေ အေးဆေးသွားပြီဖြစ်၍ မင်းခန့်က အခေါင်း တို ခိုင်မာအောင် ပြန်လည်ပြုပြင်ပြီး ဘသံဒိုင်နှင့် နှံ့သာအား အ ခေါင်းထဲ ပြန်ထည့်ကြသည်။ နှံ့သာ သရဲဖြစ်ပြီး ခြောက်လှန့်သည့် သတင်းက ပြန့်နေပြီမို့ အသုဘအိမ်တွင် လူနည်းနည်းသာ ရှိတော့ သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂၅)

ရာသီဥတုက သာယာကြည်လင်နေ၏။ မိုးသားတို့လည်း ကင်းစင်နေသည်။ နံ့သာ၏ နောက်ဆုံးခရီးစဉ် အသုဘပို့ အခမ်းအနားစတင်ဖို့ ပြင်ဆင်နေကြပြီ။ တီးလိုက်သည့် ကြေးစည်သံက ဆိုနှင့်ကျောက်တွဲစရာကောင်းလွှန်းနေ၏။ အချိန်အခါ ကျလာပြီမို့ အခေါင်းကို ထမ်းလိုက်ကြသည်။ ထုံးတမ်းဓလေ့အတိုင်း ရေအိုးခွဲပြီးသည်နှင့် အိမ်ထဲမှထွက်ခဲ့ကြ၏။

နံ့သာ၏ နောက်ဆုံးခရီးကို ရွာလုံးကျွတ်နီးပါး လိုက်ပါပို့



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ကြသည်။ မင်းခန့်က နံ့သာ၏ခက်ပုံကိုတိုင်ပြီး ရွေးဆုံးမှ ဖြစ်သည်။

သချိုင်းရောက်တော့ သရဏဂုံတင်ကာ အလောင်းမြေချ လိုက်တော့သည်။ နံ့သာမရှိတော့လျှင် မင်းခန့်ကို ပိုင်ဆိုင်ခွင့်ရမည် ဟု အသေတွက်ထားသော ခိုင်ဝါလည်း မင်းခန့်အား ချော့မော့ကာ အိမ်သို့ပြန်ခေါ်ခဲ့သည်။

အိပ်ရေးပျက်၍ တစ်နေကုန် အိပ်နေခဲ့သည့် မင်းခန့်မှာ ညစာစားပြီးချိန်မှာ လုံးဝအိပ်လို့မရတော့။ အိပ်မရသည့် အတူတူ လျှေနှင့်ကင်းထောက် စနည်းနာထွက်လာခဲ့၏။ ရေထဲ တက်စိုက် လျှော်ခတ်ရင်း သည်ချောင်းကို စိတ်နာနေမိသည်။ ချောင်းက သူ့ ချစ်သူ၏ အသက်ဇီဝိန်ကို နှုတ်ယူခဲ့သည့်ချောင်း မဟုတ်လား။

ညဘက်ငါးဖမ်းထွက်သူ မရှိသလောက် ဖြစ်နေသည်။ မင်းခန့် စိတ်နှင့်ကိုယ် မကပ်ဘဲ လှေဦးတည့်ရာ လှော်ခတ်လာခဲ့ရာ ရွာသချိုင်းအနီးသို့ ရောက်လာခဲ့၏။ ဒီမြေ ဒီကွင်း ဒီဝန်းကျင်မှာ သူ့ချစ်သူနံ့သာ ထာဝရလှဲလျောင်း အိပ်စက်အနားယူနေပြီ ဖြစ်သည်။

ထိုအသိကြောင့် လွမ်းဆွတ်သတိရမှုတို့ လှိုက်တက်လာပြီး သုမ်းမျှော်ကြည့်မိသည်။ ထိုအခါမှ သချိုင်းမြေမှာ နေရာကွက်ပြီး မီးပွင့်တွေလင်းလက်နေတာ သတိပြုမိသည်။ ညကြီးအချိန်မတော် သချိုင်းမှာ ဘယ်သူတွေ ဘာလုပ်နေကြပါလိမ့်။ ရဲတစ်ယောက်ပီသ စွာ မသင်္ကာစရာတွေ့သည်နှင့် သချိုင်းသို့ ဦးတည်လှော်ခတ်လိုက် ၏။ သချိုင်းတွင် မီးလင်းနေခြင်း၏ အဓိကလက်သည်မှာ ဝင်းနိုင်တို့ အုပ်စုနှင့် ဆရာအဂ္ဂတို့ ရောက်နေကြခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဝင်းနိုင်တို့မှာ နံ့သာ၏ဝိညာဉ်ကို နှိပ်ကွပ်ဖမ်းချုပ်ထားနိုင်မှ အနေချောင်မည်မို့ အကုသိုလ်ဘက်တော်သားနှင့် အောက်လမ်းဘုရင်တို့ ပူးပေါင်းမိကြခြင်း ဖြစ်သည်။ ထို့အတွက် ညဆယ်နာရီလောက်ကတည်းက သချိုင်းထဲဝင်လာကာ နံ့သာ၏ အခေါင်းကို ပြန်ဖော်ယူနေကြခြင်း ဖြစ်သည်။ ဝင်းနိုင် တပည့်များက ကျင်းကို ပြန်တူးပြီး အခေါင်းကိုဆွဲထုတ်သည်။ ဆရာအဂ္ဂက ထိုကျင်းရှေ့မှာ စည်းသုံးတန်ချကာ စီစဉ်စရာရှိတာတွေ ကို ဆောင်ရွက်နေသည်။

အခေါင်းအဖုံးကို လှန်လိုက်သည့်အခါမှာတော့ အပုပ်နံ့က မခံမရပ်နိုင်အောင် လှိုက်တက်လာသည်။ အပုပ်နံ့ ခံနိုင်ရန် ပါလာသော အဝတ်များနှင့် နှာခေါင်းထိပ်ထိ စီးထားလိုက်ကြသည်။

အသက်ရှင်စဉ်က ချစ်လှပါချည်ရဲ့ဆိုပြီး အတင်းကပ်ခဲ့သော ဝင်းနိုင်တစ်ယောက် နှာခေါင်းပိတ်ပြီး အော့အန်နေ၏။ ဆရာအဂ္ဂက ခေါင်ရမ်းပန်းများကို နံ့သာပေါ်သို့ ကျဲချကာ ဂါထာတွေ ရွတ်နေ၏။ ခဏအကြာတွင် ခေါင်းတလားထဲမှ နံ့သာ၏အလောင်းက ငုပ်တုပ်ထထိုင်လာတော့သည်။

"အောင်မလေးဗျ. . သရဲ. . သရဲ"

"ဟော့ကောင်တွေ တိတ်စမ်း၊ မင်းတို့ကြောင့် အားလုံးလူသိကုန်လိမ့်မယ်"

ဆရာအဂ္ဂက အင်းချထားသော ဓားတစ်ချောင်းကို နံ့သာထံသို့ ပစ်ပေးလိုက်သည်။ ထိုင်လျက်သားဖြစ်နေသော နံ့သာအလောင်းမှာ အသက်ဝင်လာကာဓားကို လှမ်းယူကောက်ကိုင်လိုက်၏။ ထိုအချိန်တွင် သချိုင်းထဲရောက်နေသော မင်းခန့်မှာ ဒေါသမထိန်းနိုင်တော့ပဲ. .



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်တွေ . . ဒါ ဘာလုပ်နေတာလဲ"

အရေးအကြီးဆုံး အချိန်ရောက်မှ အဖျက်ဝင်လာသည့်အတွက် ဆရာအဂ္ဂ ဒေါပွသွားကာ . .

"အဲဒီကောင်ကို ထိန်းထားလိုက် ဒီမှာအလုပ်ပြီးတော့မယ်"

"ဟုတ်ကဲ့ ဆရာကြီး"

ဝင်းနိုင်က တပည့်တွေကို ထပ်ဆင့်အမိန့်ပေး၏။မကြောက်မရွံ့ တိုးဝင်လာသည့် မင်းခန့်အား ဝိုင်းထားလိုက်ကြသည်။ ရှေ့လူတ ဟန်ပြတိုက်ခိုက်လိုက်၍ မင်းခန့်ပြန်လည်ခုခံစဉ် နောက်မှလူက ဇက်ပိုးကို ဝါးရင်းတုတ်နှင့် ရိုက်ချလိုက်လေ၏။

မင်းခန့် သတိလစ်လဲကျသွားစဉ် အားလုံးဝိုင်း၍ ကန်ကျောက်ထိုးကြိတ်ကြပြန်သည်။ အခြေအနေကိုကြည့်ကာ လက်လွန်သွားမှာစိုး၍ ဝင်းနိုင်ဝင်ဟန့်ရသည်။

"ဟော့ကောင်တွေတော်ပြီ လက်လွန်သွားမယ်"

ထိုစဉ် ဆရာအဂ္ဂကလည်း နံ့သာအား အမိန့်ပေးစေခိုင်းနေ၏။ နံ့သာလည်း အဂ္ဂအမိန့်ကို မလွန်ဆန်နိုင်သလို ကိုင်ထားသည့်ဓားနှင့် သူ့ဝဲဘက် ရင်အုံအား သူ့ကိုယ်သူ ထိုးစိုက်လိုက်သည်။ ထိုမှနှင့်ရပ်မသွားဘဲအောက်သို့ အရှည်လိုက်ခွဲချလိုက်ပြန်သည်။ ညှီညစ်ညစ်သွေးပုပ်တွေ စီးကျယိုစီမ့်လာ၏။

"ဟုတ်ပြီ ကောင်းတယ် အထဲကိုနှိုက်ပြီး နှင့်နှလုံးကို ဆွဲထုတ်လိုက်စမ်း"

အဂ္ဂက စေခိုင်းပြန်သည်။ အလောင်းကောင်နံ့သာမှာ ဓားဇက်ရာအပေါက်ထဲ လက်နှိုက်သွင်းရင်း သူ့နှလုံးသူ ဆွဲနှုတ်ဖြုတ်ယူလိုက်၏။ အဂ္ဂ သဘောကျသလို ပြုံးလိုက်ရင်း. .



www.burmeseclassic.com

www.burmeseclassic.com



"ပေး . . အဲဒီနှလုံးကို ဒီဘက်လှမ်းပစ်လိုက်"

နံ့သာအလောင်းကြီးက အဂ္ဂစေခိုင်းသည့်အတိုင်း သူ့နှလုံးကို ပစ်ပေးလိုက်၏။ အဂ္ဂ ထိုနှလုံးကိုဖမ်းယူကာ အိုးတစ်လုံးထဲထည့်လိုက်သည်။

"အောင်ပြီကွ . . အောင်ပြီ၊ ကဲ . . ပြန်ကြမယ်ဟေ့"

အဂ္ဂတို့အဖွဲ့ ပစ္စည်းတွေသိမ်းဆည်းပြီးပြန်ဖို့ ပြင်ဆင်နေချိန်တွင် ဝိညာဉ်နံ့သာက မင်းခန့်အား သတိရလာအောင် ပြုစုနေ၏။ နံ့သာမှာ သူ့အလောင်းကို မြင်သွားသည်တွင် ရင်ပွင့်ပြီး နှလုံးမရှိတော့တာကိုမြင်၍ ဒေါသထွက်ကာ သူ့ကိုယ်ထဲသို့ ပြန်တိုးဝင်လိုက်သည်။

ဝင်းနိုင်တို့အဖွဲ့ ပွဲထောင်ပေါ်တက်သူတက် ပစ္စည်းသယ်သူသယ်နှင့် ပြန်ဖို့ပြင်ဆင်နေကြစဉ် အလောင်းကြီးမှာ အခေါင်းထဲမှထွက်လာလေပြီ။

"ဟာ . . ဟာ . . ဟိုမှာ အလောင်းကြီးထလာပြီ"

အဂ္ဂလည်း လွယ်အိတ်ထဲမှ အင်းတစ်ချပ်ထုတ်ယူကာ နံ့သာထံသို့ ပစ်ပေါက်လိုက်၏။ ဝုန်းခနဲအသံနှင့်အတူ အင်းထိမှန်ခံလိုက်ရသော ရင်ကွဲအလောင်းကြီးမှာ အုန်းခနဲ ပစ်လဲကျသွားသည်။ ဝင်းနိုင် ပွဲထောင်ကို လီဘာကုန်တင်ကာ မောင်းထွက်သွားတော့သည်။

တဖြည်းဖြည်းဝေး၍ ပွဲထောင်စက်သံပျောက်သွားသည်နှင့် ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားသည်။ အင်းတိုက်ခံရ၍ ခန္ဓာကိုယ်ထဲမှ လွင့်ထွက်သွားသော ဝိညာဉ်နံ့သာမှာ အားပြည့်အောင် အနားယူပြီးမှသာ ပြန်ထနိုင်တော့၏။ နံ့သာပြန်ထနိုင်သည်



www.burmeseclassic.com

www.burmeseclassic.com



နှင့် မင်းခန့်ရှိရာသို့ ရောက်သွားသည်။ မင်းခန့်က သတိမရသေး။ သုသာန်မြေမှာ သက်ရှိလူသားတစ်ဦး လဲကျနေတာ မဖြစ်သင့်သည့် အနေအထားမို့ မင်းခန့်အား ပွေ့ချီလိုက်သည်။

ပြီးတော့ လေထဲရှပ်တိုက်မျောလွင့်ရင်း လှေရှိရာသို့ ရွေ့လျားသွား၏။ လှေဝမ်းထဲမှာ အသာအယာချထားလိုက်သည်။ နှံ့သာက လှေကိုဖြုတ်ပြီး လှော်တက်ကောက်ကိုင်ကာ လှော်ခတ်၍ ထွက်လာခဲ့၏။ လရောင်ဆမ်းသည့် ချောင်းရေပြင်တွင် လှေကလေးက တလူးလူးတလိမ့်လိမ့်၊ ထိုမြင်ကွင်းကို မြင်မိသူရှိလျှင် အကြောက်လွန်ပြီး သွေးပျက်သွားနိုင်သည်။ မင်းခန့်က လှေဝမ်းထဲလဲလျောင်းကာ သတိလစ်နေသည့်မို့ တက်တစ်ချောင်း သူ့ဘာသာလှော်ခတ်ကာ လှေက အလိုလိုခရီးနှင်သည်ကိုသာ မြင်တွေ့ရမည်ဖြစ်သည်။

တရွေ့ရွေ့လှော်လာသည့်လှေလေး ခိုင်ဝါတို့အိမ်အရောက်မှာ ရပ်တန့်သွားသည်။ တက်က အလိုလို နံ့ထဲစိုက်ဝင်သွားပြီး လှေကြိုးကလည်း တက်မှာချည်နှောင်လျက်သား ဖြစ်သွားသည်။ ထို့နောက်မှာတော့ လှုပ်ရှားမှုအားလုံး ရပ်တန့်ငြိမ်သက်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂၆)

ဓိဝသာ ရေနစ်သည့်အချိန်မှစပြီး အဖြစ်အပျက်တွေက တစ်နေ့တစ်မျိုး မရိုးနိုင်အောင်ဆိုသလို ဆက်လက်ဖြစ်နေသည်။ အခုလည်း တံငါသည်လာပြောသဖြင့် သချိုင်းရှိရာချောင်းစပ်မှာ အလောင်းတစ်လောင်း လာပစ်သွားကြောင်း သတင်းကပြန့်ပြီး မစည်ကားအပ်သည့်အရပ်မှာ လူစည်နေပြန်ပြီ။

ထိုသတင်းကြောင့် ဒဏ်ရာသက်သာပြီး သတိရနေပြီဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည့် မင်းခန့်နှင့် ဦးမြတ်ခိုင်တို့ သွားကြည့်ဖို့ ပြင်ဆင်ကြသည်။ ခိုင်ဝါကလည်း တစ်ယောက်ထဲ မနေရဲဟုအကြောင်းပြသဖြင့် လေ့ဖြင့် သုံးယောက်ထွက်လာခဲ့ကြ၏။

ညက မင်းခန့် အိမ်ပြန်ရောက်လာပုံကလည်း မပောင့်ဆန်လျက်ရှိသည်။ တစ်ရေးနိုး အပေါ့ထသွားသည့် ဦးမြတ်ခိုင်ကတွေ့ပြီး သတိရအောင်ပြုစုကာ အိမ်ပေါ်ခေါ်လာခဲ့ခြင်းဖြစ်၏။ အလောင်းလာပစ်သွားကြောင်း သတင်းကြားသည်နှင့် ညကအဖြစ်နှင့် ပတ်သက်လိမ့်မည်ဟု မင်းခန့် တွက်ဆထားပြီးဖြစ်သည်။ ထိုအကြောင်းကို ဦးမြတ်ခိုင်အား တီးတိုးအသိပေးထား၏။

သချိုင်းရောက်တော့ လူတွေအတော်များနေတာတွေ့ရသည်။ မြင်တွေ့ပြီးသူများ အပြောအရ အလောင်းလာပစ်သွားတာ မဟုတ်ဘဲ၊ နံ့သာ၏အလောင်းပေါ်ပြီး ကမ်းစပ်ရောက်နေခြင်း ဖြစ်ကြောင်းသိရ၏။

သတင်းကြားပြီး နှင်းမောင်နှင့် ဘသံဒိုင်တို့လည်း ရောက်လာကြသည်။ တရားခံအစစ်ဖြစ်သည့် ဝင်းနိုင်တို့အုပ်စုလည်း သတင်းနားစွင့်ဖို့ ရောက်နေကြ၏။ မင်းခန့် လက်ကိုအတင်းဆွဲပြီး ကပ်လိုက်နေသည့် ခိုင်ဝါ့အား ဝင်းနိုင်က ကွက်ကြည့်ကွက်ကြည့် လုပ်နေသည်။

မင်းခန့်က ညက အိပ်မပျော်၍လေ့လျှောက်စီးစဉ် မီးရောင်မြင်ပြီး သချိုင်းသို့ သူသွားခဲ့ကြောင်း လူတစ်စု အလောင်းဖော်ပြီး မဟုတ်တာလုပ်နေတာတွေ့ရကြောင်း၊ မျက်နှာတွင် အဝတ်များအုပ်ထားကာ အရိုက်ခံလိုက်ရ၍ ဘယ်သူဘယ်ဝါဆိုတာ မသိရကြောင်း ဝင်ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



အားလုံးက မင်းခန့်ပြောတာ လက်မခံ၊ နှံ့သာ၏အလောင်းတွင် နှလုံးမရှိတော့၍ သရဲသဘက်များက ဖေါက်စားပြီး ပစ်ထားတာဖြစ်ကြောင်း ပြောကြသည်။ အမြင်တွေက တစ်ယောက်နှင့်တစ်ယောက် မတူကြ၊ အငြင်းအခုန်တွေ ဖြစ်နေကြသည်။

နှင်းမောင်နှင့် ဘသံဒိုင်ကတော့ နှံ့သာလေးသေပြီးတာတောင် ကောင်းကောင်းအနားမယူရသဖြင့် စိတ်မကောင်းဖြစ်ကာ တရားခံ ဖေါ်ထုတ်ပေးရန် တောင်းဆိုသည်။

ဦးမြတ်ခိုင်က အလောင်းမှနှလုံးကို ဘာကြောင့်ထုတ်ယူတာလဲဆိုတာ အတိအကျ သိရအောင် အလောင်းကို ပုသိမ်ဆေးရုံပို့၍ မှုခင်းဆရာဝန်နှင့် စစ်ဆေးရန် အကြံပေးသည်။

သို့သော် လာရောက်ကြည့်ရှုသည့် ဆရာတော်နှင့်ဘသံဒိုင်တို့က သေပြီးမှတော့ ဘာမှထူးမှာမဟုတ်သည့်အပြင်၊ သေသူအေးအေးဆေးဆေး မနေရသည့်အတွက် ဘဝကူးမကောင်းမှာစိုးပြီး ကန့်ကွက်ကြသည်။ နောက်ဆုံးတော့ နှံ့သာ၏ မိသားစုဝင်နှင်းမောင်နှင့် ဘသံဒိုင်တို့ဆန္ဒအရ နှံ့သာကို ဒီမှာပဲပြန်မြှုပ်ရန် ဆုံးဖြတ်လိုက်ကြသည်။

ရွာစွန်မှာပဲနေသည့် သုဘရာဇာကလည်း သူ့အပေါ် အမှုပတ်မှာကြောက်ပြီး ငိုကြီးချက်မ ဖြစ်နေရာမှ၊ ဒီမှာပဲ ပြန်မြှုပ်မည်ဆို၍ ဝမ်းသာသွားရှာသည်။ ထို့အတွက် ရွာသားတွေ ဝိုင်းကူညီကာ နှံ့သာအား ဒုတိယအကြိမ် မြေမြှုပ်လိုက်ကြသည်။

ဒီကိစ္စ သွေးရိုးသားရိုးမဟုတ်မှန်းသိသော်လည်း မိသားစုဆန္ဒကို အတိုက်အခံမလုပ်လို၍ မင်းခန့် ဘာမှမပြောသာတော့၊ အသက်ပျောက်သည့်တိုင် အေးအေးမနေရသည့် ချစ်သူ့အတွက်



www.burmeseclassic.com

www.burmeseclassic.com



သာ စိတ်မကောင်း ဖြစ်နေရတော့၏။

ခိုင်ဝါက ကျေကွဲနေသည့် မင်းခန့်အား နှစ်သိမ့်ပေးသလိုလို နှင့် အနီးကပ် ဖြားယောင်းနေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂၇)

လူရှင်းရာ ရွာပြင်တောစပ်ထဲတွင်. . .

"ကဲ. . ပြော ဘာပြောစရာရှိလို့လဲ"

"နင် မင်းခန့်နဲ့ ဘာလို့တွဲနေရတာလဲ ခိုင်ဝါ"

"ငါ့ကိစ္စလေ. . နင်နဲ့ ဘာဆိုင်လို့လဲ "

"ငါ သူ့ကိုမသက်ာဘူး ခိုင်ဝါ၊ သူဘာလဲဆိုတာ ဘယ်သူမှ သေချာမသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ဟာသူ ဘာဖြစ်ဖြစ် ငါ့ကိုလာမတားနဲ့"

"ငါတို့လုပ်တဲ့ကိစ္စတွေ သူ မသိဘူးထင်နေလား ခိုင်ဝါ၊ ရဲကို သတင်းပေးလိုက်ရင် ဘယ်လိုလုပ်မလဲ"

"တော်စမ်းပါ မဖြစ်နိုင်တာတွေ လာမပြောနဲ့"

"နင် သူ့ကို ကြိုက်နေတာမလား"

ဝင်းနိုင်က ရုတ်တရက်လှမ်းအဖက်တွင်. . .

"နင် မယုတ်မာနဲ့နော်၊ ဟဲ့အကောင်. . လွှတ် ငါ့လက်ကို လွှတ်စမ်း၊ နင် ခွေးကျင့်ခွေးကြံ မကြံနဲ့နော်"

"မရတော့ဘူး ခိုင်ဝါ. . နင့်ရဲ့ အထိအတွေ့ကို ငါ အရမ်း ခိုက်သွားပြီ"

ဝင်းနိုင်က ခိုင်ဝါ့အား နမ်းရှိုက်ဖို့ကြိုးစားသည်။ ခိုင်ဝါ အင်အားရှိသရွေ့ထုတ်ပြီး ရုန်းကန်၏။ အခွင့်အရေးကို ဝင်းနိုင် လက်လွှတ်မခံဘဲ သူ့လိုဘပြည့်အောင် အစွမ်းအားထုတ်တော့သည်။

ယောကျ်ားအားကို ကြာရှည်မခုခံနိုင်တော့ဘဲ ခိုင်ဝါမှာ ဝင်းနိုင်ပြုသမျှ နုနေရတော့၏။ ခိုင်ဝါ ဝင့်လိုက်ပြီ၊ မချစ်မနှစ်သက်သူ၏ အနိုင်အထက်ပြုကျင့်မှုကို အလိုမတူဘဲ လိုက်လျောနေရပြီဖြစ်သည်။ မျိုးနှင့်ရိုးနှင့် တဏှာရူးခဲ့သည့် ရာဂဘီလူး ဝင်းနိုင်က အစွမ်းကုန် ယုတ်မာနေသည်။

"အခုလိုနေရမှ နင့်ကိုငါ တအားချစ်သွားပြီဟာ၊ အဖေတို့ကိုပြောပြီး လက်ထပ်မယ် သိလား"

ဝင်းနိုင်က ချစ်တယ်. . လက်ထပ်မယ်ဟု နှစ်သိမ့်ပြောဆိုပြီး ကာမကိုအကြိမ်ကြိမ် ရယူသည်။ နောက်ဆုံးမှာ ခိုင်ဝါ အနှုန်းတကယ်ပင် သတိလစ်သွားလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဝက်သာရှိသည့်လက တိမ်မည်းညိုကြားမှ ပြူထွက်လာသည်။ အလင်းရောင် အပြည့်အဝ မပေးနိုင်သည့်အတွက် ညက လကွယ်ညကဲ့သို့ပင် မှောင်မည်းနေ၏။ ခိုင်ဝါတစ်ယောက် လုံးဝ အိပ်မပျော်နိုင် ဖြစ်နေ၏။ အဖေနှင့် မင်းခန့်က နံ့သာ၏ ရက်လည် အတွက် ကူညီဖို့ ထွက်သွားကြ၍ အိမ်မှာ ခိုင်ဝါတစ်ယောက်တည်း ဖြစ်နေသည်။

နေ့ခင်းကဖြစ်ခဲ့သည့် အဓမ္မကျင့်ခံရမှုအတွက် သူ ဖြေမပြေနိုင်အောင်ဖြစ်ကာ ငိုရတာလည်း မောလှပြီဖြစ်သည်။ ဝင်းနိုင် ဘယ်လိုပဲ တာဝန်ယူမည်ပြောပြော သူ လက်မခံနိုင်၊ သူ့ အပျိုစင်ဘဝသည် မင်းခန့်အတွက် ဖြစ်၏။ ခုတော့ ပန်းဦးကို အဓမ္မဆွတ်ခူးသွားသူက ဝင်းနိုင် ဖြစ်နေသည်။ မင်းခန့်ကလည်း သူ့ကို ယောင်လို့မှ လှည့်မကြည့်၊ ထို့အတွက် ခိုင်ဝါ အပယ်ခံတစ်ယောက်လို ခံစားနေရသည်။ လောကကြီးထဲ မနေချင်တော့အောင်ပင် ဖြစ်နေ၏။

ချစ်သူငယ်ချင်းအပေါ် သစ္စာဖောက်ခဲ့ရာမှ အသက်ဆုံးသည်အထိ ဖြစ်ခဲ့ရပြီး ထိုဝဋ်ကြွေးတွေကို ဘဝမကူးပဲ ခံစားပေးဆပ်နေရပြီ၊ ဖြစ်ခဲ့သမျှတွေကို ခိုင်ဝါ နောင်တရမဆုံး ဖြစ်နေ၏။

မခံစားနိုင်တော့သည့်အဆုံး ခိုင်ဝါ ဆုံးဖြတ်ချက်တစ်ခုကို ပြတ်သားစွာချလိုက်ပြီး အိမ်ထဲမှ ထွက်လာခဲ့သည်။ အိမ်နောက်ဖေးဘက် လှမ်းကြည့်မိရာ လှိုင်းကြက်ခွပ်များပေါ် လရိပ်ထင်နေတာ မြင်ရ၏။ ခိုင်ဝါ ဖြည်းဖြည်းချင်းလျှောက်သွားရင်း ချောင်းထဲသို့ ဆင်းလာခဲ့သည်။ လျှောက်လာရင်းနှင့်ပင် ရေက ရင်စို့အထိ ရောက်လာ၏။

နံ့သာ အသက်ဆုံးခဲ့ရသည့် ဒီချောင်းရေမှာပင် သင့်သေဖို့



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ခဏအတွင်းမှာပင် အဆုတ်ထဲ ရေပြည့်သွားသည် ထင်၏။ မွန်းကြပ်ပြီး မနေနိုင် မထိုင်နိုင်ဖြစ်ကာ လူးလွန့်ရုန်းကန်မိသည်။ သို့သော် သူ ရေပေါ် ပြန်မတက်နိုင်တော့၊ သူ နောက်ဆုံးသတိရမိတာ နှံ့သာပဲ ဖြစ်သည်။ နှံ့သာကို မြင်ယောင်ပြီးနောက် ခိုင်ဝါ သတိလစ်သွား၏။

ထိုအချိန်မှာပင် သူ့တစ်ကိုယ်လုံး မြောက်တက်သွားပြီး ရေပေါ်ပေါ်လာ၏။ ပေါ်လာရုံမျှမက သူ့ကို ပုခုံးပေါ် မှောက်ရက် တင်ထမ်းကာ ရေတွေအန်ထွက်အောင် လုပ်ပေးသည်။ ရေတွေအန်ပြီးမှ ကမ်းစပ်တွင် ချထား၏။ ပြီးတော့ ပါးစပ်ချင်းတေ့ကာ အဆုပ်ထဲ လေမှုတ်သွင်းပေးပြန်သည်။ ထိုအခါမှ ခိုင်ဝါ သတိပြန်ရပြီး အသက်ရှူနိုင်တော့၏။ သူ သတိရလာပြီး အနီးအနားသို့ စူးစမ်းကြည့်ရာ အထိတ်တလန့် ဖြစ်သွားသည်။

"ဟင်. . နှံ့. . နှံ့သာ. . "

နှံ့သာ၏ ဝိညာဉ်က ကိုယ်ထင်ပြနေသဖြင့် ခိုင်ဝါ ထိတ်လန့်ချောက်ချားသွား၏။

"သူငယ်ချင်းရယ်. . ငါ့ကို ခွင့်လွှတ်ပါနော်၊ ကိုမင်းခန့်ကို ချစ်မိလို့ နင့်အပေါ် မလုပ်သင့်တာတွေ လုပ်ခဲ့မိတာပါ"

"ဒါတွေဟာ အတိတ်ဘဝက ငါ့ရဲ့ ဝဋ်ကြွေးတွေပါ။ ဘယ်သူ့ကိုမှ အပြစ်မတင်ပါဘူး၊ နင် ဘာလို့ ရေထဲဆင်းပြီး သေကြောင်းကြံရတာလဲ"

"သူငယ်ချင်းရယ် နင်က သရဲဘဝ ရောက်တာတောင် စိတ်ထားဖြူစင်တုန်းပဲနော်၊ သူတော်ကောင်းကို စော်ကားမိလို့ ခုလို ငါခံစားရတာ"



www.burmeseclassic.com

www.burmeseclassic.com



"နင် ဘာဖြစ်ခဲ့လို့လဲ ခိုင်ဝါ"

"ငါ့. . ငါ့ကိုလေ ဝင်းနိုင် စော်ကားလိုက်တယ်၊ ငါ့ခန္ဓာကိုယ် မသန့်ရှင်းတော့ဘူး၊ အဲဒါကြောင့် သေကြောင်းကြံမိတာ"

ထိုအခိုက် သမီးတစ်ယောက်ထဲမို့ စိတ်မချ၍ ပြန်လာသော ဦးမြတ်ခိုင်တစ်ယောက် လှေတစ်စီးဖြင့် သမီးကို လိုက်ရှာနေသည်။

"ခိုင်ဝါ. . ခိုင်ဝါရေ သမီး"

အိမ်နှင့် မလှမ်းမကမ်း ချောင်းစပ်တွင် တစ်ယောက်ထဲ ငိုယိုကာ စကားပြောနေသည့် ခိုင်ဝါ့ကို တွေ့လိုက်ရ၍ ဦးမြတ်ခိုင် စိတ်ထင့်သွားသည်။ သို့နှင့် ထိုနေရာသို့ အမြန် လှော်ခတ်လာခဲ့၏။

"ကဲ. . ခိုင်ဝါ၊ ဘာမှမပူနဲ့၊ အဲဒီလူယုတ်မာကို ငါ လက်စားချေမယ်၊ နင်လည်း မဟုတ်တာတွေ မလုပ်နဲ့တော့၊ ငါ သွားပြီ"

"အေး. . အေးပါ နံ့သာရယ်"

ဦးမြတ်ခိုင်က နံ့သာကို မမြင်ရသဖြင့် တစ်ယောက်ယောက်ကို နှုတ်ဆက်သလို လက်ပြနေသော သမီးကို နားမလည်နိုင် ဖြစ်ရသည်။ လှေကို ဆိုက်ကပ်ပြီး ခိုင်ဝါ့ထံ ပြေးသွား၏။

"သမီး. . သမီး ဘာလို့ ဒီကို ရောက်နေတာလဲ၊ တစ်ကိုယ်လုံး ရေတွေလည်းစိုလို့ ဘာတွေဖြစ်နေတာလည်း သမီးရယ်"

ခိုင်ဝါ အဖေကို ဖက်ငိုသည်။ ဦးမြတ်ခိုင် ချော့မော့နှစ်သိမ့်၏။ သူ့စိတ်သူ ထိန်းနိုင်သွားတော့မှ အဖြစ်အပျက်အစုံကို ဖွင့်ဟဝန်ခံလိုက်သည်။ နံ့သာသေရတာ သူနှင့် ဝင်းနိုင်တို့ကြောင်းဖြစ်ကြောင်း ဝန်ခံသည်။ အဖေရှက်ပြီး သွားသတ်မှာစိုး၍ ဝင်းနိုင်စော်ကားသည့် အကြောင်းကိုတော့ ထိန်ချန်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒုက္ခပါပဲ သမီးရယ်၊ အဲဒါ လူသတ်ဖို့ ကြံစည်မှုမြောက်တယ်၊ ဘယ်လိုလုပ်ကြမလဲ"

"ဘယ်သူမှမပြောပါနဲ့ အဖေရယ်၊ သမီးလည်း နောင်တတွေ ရနေပါပြီ၊ ကြောက်လည်း အရမ်းကြောက်နေတယ်၊ ဒါကြောင့် ရေထဲဆင်းပြီး သတ်သေတာ၊ နံ့သာ လာကယ်လို့ပေါ့"

"ဟင်. ."

"ဟုတ်တယ် နံ့သာလည်း မကျွတ်ဘူး အဖေ"

အကြောင်းစုံသိပြီးနောက် သားအဖနှစ်ယောက် အိမ်ပြန်လာခဲ့ကြသည်။ ဝိညာဉ်က ဝင်းနိုင်ကို လက်စားချေမည်ဆို၍ အခြေအနေစောင့်ကြည့်ရန် ဆုံးဖြတ်လိုက်တော့၏။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂၈)

ပန်းကလေးရှာဖို့ ထွက်သွားသည့် တပည့်များကိုစောင့်ရင်း ဝင်းနိုင်နှင့်ကောင်းဆက်တို့ အရက်သောက်နေကြသည်။

"ဒီည. . ကောင်မလေးတစ်ယောက်ယောက် ရလာရင်ကောင်းမယ်ဗျာ"

"အဟဲ. . ဟဲ. . ခင်ဗျားလည်း စိတ်ဆာနေပြီ ထင်တယ်"

"ဒါပေါ့ဗျာ. . ဒါပေါ့"



www.burmeseclassic.com

www.burmeseclassic.com



စားရင်းသောက်ရင်း အရက်ကုန်သွားသဖြင့် ထပ်ဖြည့်ရန် ဝင်းနိုင် အရက်ပုလင်းကို လှမ်းယူလိုက်၏။ သို့သော် ပုလင်းကို မကိုင်မိ၊ ပုလင်းက တဖြည်းဖြည်း မြောက်တက်လာကာ အလိုလိုပင် ခွက်ထဲ အရက်ဖြည့်ပေးနေ၏။ ထိုအဖြစ်ကြောင့် ဝင်းနိုင် မျက်လုံး ပြူးသွားကာ အမူးပြေသွားသည်။ ပုလင်းက လေထဲမြောက်နေရင်း နှင့်ပင် ကောင်းဆက်ခွက်ထဲ ထပ်ဖြည့်ပေးနေပြန်သည်။

ဒါ သွေးရိုးသားရိုးမဟုတ်တာ နှစ်ယောက်လုံး ရိပ်မိကြသဖြင့် ကျေချင်းကပ် ရပ်လိုက်ပြီး အိမ်ထဲရှာကြည့်ကြသည်။ ဘာကိုမှ မတွေ့ရ၊ အရင်တစ်ခါလို ဆံနွယ်ရှည်ကြီးတွေ ဝင်လာမလား အ တွေးနှင့် ကြမ်းကြားတွေ ပြတင်းပေါက်တွေကို အသေအချာ ကြည့် နေမိသည်။ ထိုအချိန်တွင် နှံ့သာက ထုတ်တမ်းကို ခြေထောက်ချိတ် ၍ ဇောက်ထိုးတွဲလောင်းကြီး ပေါ်လာသည်။

"အောင်မလေး. . သရဲ. . သရဲ"

ဝင်းနိုင်နှင့် ကောင်းဆက်တို့ အိမ်ထဲမှထွက်ပြေးဖို့ တံခါး ပေါက်ဆီသို့ အလုအယက် ပြေးကြသည်။ ဝိညာဉ်နှံ့သာက သူတို့ ဆက်ဦးပြီး တံခါးဝဆီသို့ ရောက်နေ၏။

"ဟင်. . နှံ့. . နှံ့သာ၊ ငါ့. . ငါ့ကို မခြောက်ပါနဲ့၊ ခွင့်လွှတ်ပါ တောင်းပန်ပါတယ်"

နှံ့သာက ကြောက်မက်ဖွယ် ပြုံးပြလိုက်ပြီး ဝင်းနိုင်အား သက်ပြန်လွှဲရိုက်လိုက်သည်။ ဝင်းနိုင် တလိမ့်ခေါက်ကွေး လွင့်ထွက် သွား၏။ ကောင်းဆက်လည်း ကြောက်လွန်းလှသဖြင့် ဒူးတဆတ် ဆတ် တုန်နေပြီ၊ ဝုန်းဒိုင်းကျဲ ဆူညံသံများကြောင့် ဦးကျော်စိုးနှင့် ဒေါ်ရွက်ဝါတို့ အိမ်ပေါ်ထပ်မှ ပြေးဆင်းလာကြ၏။



www.burmeseclassic.com

www.burmeseclassic.com



နံ့သာ၏အာရုံက ကျော်စိုးဆီ ရောက်သွား၏။ သူ့လက်နှစ်ဖက်ကို ဆန့်တန်းလိုက်သည်တွင် ကျော်စိုး မြောက်တက်သွားကာ လှေကားပေါ်မှ ပြုတ်ကျလာလေသည်။ ဒေါ်ရွက်ဝါ၏ အလန့်တကြား အော်ဟစ်သံက ပွက်လောညံသွား၏။ ကျော်စိုး လဲကျနေရာမှ ကုန်းထလိုက်ပြီး. . .

"ရွက်ဝါ ဘုရားစင်ပေါ်က ပရိတ်ရေပုလင်း သွားယူစမ်း"

ဒေါ်ရွက်ဝါ အိမ်ပေါ်ပြန်ပြေးတက်သွား၏။ နံ့သာက လက်တစ်ဖက်စီခွဲ၍ မြှောက်လိုက်သည်တွင် ဝင်းနိုင်နှင့် ကျော်စိုးတို့သားအဖ ကြမ်းပြင်အထက် တစ်ပေခွဲခန့်တွင် လေထဲ၌ မျက်နှာချင်းဆိုင် ဖြစ်သွားသည်။ နံ့သာ သူ့လက်နှစ်ဖက်ကို လက်ခုပ်တီးသလို အရှိန်နှင့် ရိုက်လိုက်ရာ သားအဖနှစ်ဦးသား မျက်နှာချင်းဆိုင် ဝင်တိုက်မိကြ၏။ ဒေါ်ရွက်ဝါ ပရိတ်ရေပုလင်းယူပြီး ပြန်လာသော အချိန်မှာ နံ့သာက မရှိတော့။

ထိုအချိန်တွင် ဘသံဒိုင် အိပ်ပျော်နေရာမှ လန့်နိုးလာ၏။ နံ့သာက အိပ်မက်ပေး၍ လန့်နိုးလာခြင်းဖြစ်သည်။ အိပ်မက်ထဲတွင် နံ့သာက သူ့ကို ခိုင်ဝါက ဆေးခတ်ပြီး မူးအောင်လုပ်ကာ ဝင်းနိုင် ခိုးပြေးလို့ရအောင် လှေနှင့်ခေါ်သွားတာဖြစ်ကြောင်း သူတို့ရန်က လွတ်အောင် ရေကူးထွက်ပြေးဖို့ ကြိုးစားရင်း သေခဲ့ရတာဖြစ်ကြောင်း ပြောပြသည်။

ထိုအိပ်မက်ကြောင့် ဘသံဒိုင် စိတ်မချမ်းမသာ ဖြစ်သွားသည်။ ဒီအတိုင်းဆို မြေးလေးလည်း သူ့အမေလိုပဲ မကျွတ်မလွတ် ဖြစ်နေမှာ သေချာသည်။ ထိုအဖြစ်ဆိုးမှ နံ့သာ လွတ်မြောက်အောင် ကူညီပေးရန် ဆုံးဖြတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဘသံဒိုင် ထိုသို့ဆုံးဖြတ်ပြင်ဆင်နေစဉ် ဒေါ်ရွက်ဝါမှာ လင်နှင့်သားအပြင် ကောင်းဆက်ကိုပါ သတိရအောင် ပြုစုပေးနေရသည်။ သတိရလာသောအခါ အကြောက်လွန်နေသည့် ဝင်းနိုင်က

"အဖေ သားကြောက်တယ် . . ကြောက်တယ်၊ နံ့သာက သားကို သတ်မှာ"

အဲဒါဆိုလည်း ဟိုဆရာကြီးဆီသွားပြီး အကူအညီတောင်းပေါ့"

"ဟုတ်တယ်သား အဲလိုလုပ်မှဖြစ်မယ်၊ အို့ . . ကြာပါတယ် အခုပဲ သွားလိုက်ကြ"

အရေးပေါ် အခြေအနေဖြစ်နေ၍ ဝင်းနိုင်လည်း အချိန်မဆွဲတော့ဘဲ ကောင်းဆက်ကို အဖော်ခေါ်ကာ ပွဲထောင်နှင့် ထွက်သွားတော့၏။ တချိန်တည်းမှာပင် ဘသံဒိုင်မှာလည်း သချိုင်းသို့ ထွက်လာခဲ့၏။ နံ့သာ၏ မြေပုံအနီးတွင် စည်းတား၍ နံ့သာအား မေတ္တာပို့ကာ ဖိတ်ခေါ်လိုက်သည်။

နံ့သာ မြေပုံထဲမှ တိုးထွက်လာကာ ဘသံဒိုင်အား ကိုယ်ထင်ပြသည်။ ပရိတ်ချည် စည်းဝိုင်းအပြင်ဘက်မှာနေ၍ ဘသံဒိုင်အား ငိုမဲ့မဲ့နှင့် ကြည့်နေရှာသည်။ ဘသံဒိုင်လည်း ဘဝမကူးနိုင်ရှာသည့် မြေးမလေးအား ကြေကွဲစွာကြည့်ရင်း . . .

"သမီးလေး နံ့သာ သမီး ဘာဖြစ်ချင်လဲ၊ အဘိုး ဘာကူညီရမလဲ"

"သမီး လူ့ပြည်ကို ပြန်လာချင်တယ် အဘိုး၊ ဒီမှာနေရတာ အဆင်မပြေဘူး"

"သမီးရယ် သေသွားပြီ ဆိုမှတော့ ဘယ်လိုလုပ် လူ့ဘဝကို



www.burmeseclassic.com

www.burmeseclassic.com



ပြန်လာလို့ ရတော့မှာလဲ၊ ဒီ့ထက်မြင့်တဲ့ ဘဝရောက်အောင်ပဲ ကူညီနိုင်မှာ"

သမီး မကျေနပ်ဘူးအဘိုး၊ ဒီဘဝရောက်အောင်လုပ်ခဲ့တဲ့ ဝင်းနိုင်ကို လက်စားချေချင်တယ်၊ အဲလိုမလုပ်ရဘဲ ဘယ်ကိုမှ မသွားနိုင်ဘူး"

"အာဃာတတွေ ထားနေလို့ အကျိုးမရှိပါဘူး သမီးရယ် ဝင်းနိုင်နဲ့ ခိုင်ဝါပေါင်းပြီး သမီးကို မကောင်းကြံတယ်ဆိုတာ တကယ်ပဲလား"

"ခိုင်ဝါကတော့ နောင်တတွေ ရနေပါပြီ၊ သူလည်း ဝင်းနိုင်ဖျက်ဆီးတာကို ခံလိုက်ရတယ်လေ၊ သူ့ကိုသနားလို့ လွှတ်ပေးထားတာ"

"ဩော်. . ဝဋ်လည်တယ်ဆိုတာ တကယ်ပါလား၊ ကြောက်စရာ ကောင်းလိုက်တာ"

"အဘိုး သမီးကို ဒီမှာနေလို့ မရအောင် လုပ်တဲ့သူတွေရှိတယ်၊ ခဏခဏလာပြီး နှောက်ယှက်ကြတယ်"

"ဟုတ်လား . . တော်တော် ဘာရေးမဲ့တဲ့ ကောင်တွေပဲ"

ထိုစဉ် အဂ္ဂမှာလည်း အလုပ်တွေရှုပ်နေ၏။ ဖော့က်သည်လိုဖြစ်နေသော ဝင်းနိုင်တို့ရောက်လာပြီး နှံ့သာ ခြောက်လှန့်နှိပ်စက်ခံရကြောင်းပြောကာ ခိုမ်နင်းခိုင်းပြန်သည်။ ဒီကိစ္စ တစ်ယောက်ထဲ လုပ်ရမည်မို့ ဝင်းနိုင်တို့အား ပြန်လွှတ်လိုက်၏။

နံ့သာ၏ အလောင်းမှ ထုတ်ယူလာခဲ့သော နှလုံးထည့်ထားသည့်အိုးကို ထုတ်ယူလိုက်သည်။ လုပ်စရာရှိတာတွေလုပ်ပြီး အရှိန်ညီးနည်းတော့ စိတ်ထင့်နေ၏။ ရှင်မိုးဝိညာဉ်ကို ချုပ်ချထား



www.burmeseclassic.com

www.burmeseclassic.com



သည့် အိုးလည်းကွဲကာ အစီအရင်တွေ ပျက်သွားပြီဖြစ်သည်။ ရှင်မိုး လွှတ်သွားပြီးမှ နောက်ထပ်ဝိညာဉ်တစ်ခုက ထပ်နှောက်ယှက်နေပြန် သည်။

ပိုမိုထက်မြက်သည့် အစီအရင်လုပ်ရန် အစိမ်းသေမ ပေါင် ရှီးပေါ်တွင် ဆေးဖယောင်းတိုင် ထွန်းလိုက်၏။

ကဝေဝိညာဉ်နှုတ် အင်းတစ်ချပ်ကို ဆေးဖယောင်းတိုင်မီး နှင့် ပြာချပြီး နံ့သာ၏နှလုံးပေါ် ဖြူးလိုက်၏။ ထိုနှလုံးကို ခေါ်စာ ခွက်ထဲထည့်ပြီး မွေးသရဲကို ခေါ်ပြန်သည်။ သရဲက ရောက်လာပြီး ထိုနှလုံးကို မြိန်ရေယှက်ရေ စားသောက်ပစ်၏။ ကျွေးတာစားပြီး ခိုင်းတာလုပ်ရမှာ ဓမ္မတာမို့ သရဲက အဂ္ဂအမိန့်ကို စောင့်နေ၏။

"အသေသတ်ခဲ့ ကြားလား. . သွားတော့"

မွေးသရဲလည်း ခေါင်းတညိတ်ညိတ်လုပ်ရင်း ပျောက်ကွယ် သွားသည်။ ထိုအချိန်တွင် ရွာသချိုင်းမှာလည်း ထူးခြားတာတွေ ဖြစ်လာသည်။

တော်လဲသံလို အသံကြီးမြည်ဟီးကာ မြေကြီးတွေ သိမ့်သိမ့် တုန်ပြီး မှုလေတွေတိုက်လာ၏။

"မြေအောက်ခန်းကို သူတို့ လာကြပြန်ပြီ အဘိုး"

ဝန်းကျင်ကို လေ့လာအကဲခတ်ပြီး အဘိုးဇော်ဂျီက အဆောင် တစ်ခုကို ထုတ်ယူကာ နံ့သာရှေ့သို့ ချပေးလိုက်သည်။

"ဒီအဆောင်ကိုယူပြီး အန္တရာယ်တွေကို ရင်ဆိုင်လိုက်သမီး၊ အားလုံးပြီးရင်တော့ သမီးသွားချင်တဲ့နေရာကို သွားရမယ် မနံ့သာ"

"ဟုတ်ကဲ့ပါ အဘိုး"

နံ့သာက အဆောင်လက်ဖွဲ့ကို ကောက်ကိုင်လိုက်ပြီး အန္တ

www.burmeseclassic.com



ရာယ်ကို အသင့်စောင့်ကြိုနေလိုက်၏။ ဘသံဒိုင်ကတော့ ပရိတ်ချည်စည်းဝိုင်းထဲမှပင် မေတ္တာပို့ပေးနေရှာသည်။ အဂ္ဂစေလွှတ်လိုက်သောသရဲ ရောက်လာပြီး နံ့သာကို ဖမ်းချုပ်ဖို့ ကြိုးစားသည်။ နံ့သာကိုထိမိကိုင်မိသည်နှင့် သရဲမှာ အမြှောက်နှင့် ပစ်ခံရသလို မီးပွင့်ပြီး လွင့်လွင့်ထွက်သွား၏။

အဂ္ဂမှာလည်း တပည့်အောင်နိုင်ရေးအတွက် တွန်းအားပေးသလို ဂါထာတွေ မပြတ်ရွတ်ပြီး အရိုးခေါင်းခွံတစ်ခုအား လက်ဖျံရိုးတစ်ချောင်းနှင့် တဒေါက်ဒေါက်ခေါက်နေသည်။ ထိုသို့အားပေးနေ၍လား မဆိုနိုင်၊ အကြီးအကျယ် ထိခိုက်ဒဏ်ရာရသွားသည့်မွှေးသရဲမှာ လူးလဲပြီး ပြန်ထလာကာ နံ့သာအား ရင်ဆိုင်ပြန်သည်။

နံ့သာကလည်း သူ့အဘိုးပေးထားသည့် အဆောင်တန်ခိုးနှင့် အစွမ်းတွေထက်နေသည်။ သူ့ကို သတ်ပို့လာသော သရဲမှာနံ့သာ၏လက်အတွင်း မိသွားပြီး မလှုပ်နိုင် မရုန်းနိုင် ဖြစ်နေ၏။ နံ့သာကလည်း အသာစီးရခိုက် အပြတ်နှိမ်နင်းမည်ဟု စိတ်ပိုင်းဖြတ်ပြီး မွှေးသရဲ၏ဂုတ်ကို လှမ်းချိုးပစ်လိုက်သည်။

နံ့သာ၏လက်ထဲ ခေါင်းကြီး ပြုတ်ကျန်နေခဲ့သည့်အတွက် မွှေးသရဲ၏ ခေါင်းမပါသောခန္ဓာကိုယ်ကြီးမှာ သချိုင်းမြေထဲယောက်ယက်ခတ် ပြေးလွှားနေတော့၏။ နံ့သာက ခေါင်းပြတ်ကြီးကို မြေကြီးပေါ် ပစ်ချပြီး ဖနှောင့်နှင့် သုံးချက် ပေါက်လိုက်သည်။

ပြေးလွှားနေသော ခေါင်းပြတ်သရဲ၏ တစ်ကိုယ်လုံး မီးဟုန်းဟုန်း တောက်လောင်ကာ ပြာကျပျောက်ကွယ်သွားတော့၏။ အသံဗလံတွေ တိတ်ဆိတ်ငြိမ်သက်သွားသဖြင့် ဘသံဒိုင် မေတ္တာပို့ရာမှ မျက်စိဖွင့်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သချိုင်းမြေတစ်ခုလုံး ငြိမ်သက်နေ၏။ ညည့်ငှက်တို့ အော်မြည်သံ လေတိုးသံမှလွဲ၍ တခြားဘာသံမှ မကြားရ၊ ဘယ်ဒိုင်လည်း မြင်အပ်မမြင်အပ် နှစ်ရပ်များစွာ သတ္တဝါတို့အား မေတ္တာပို့ အမျှဝေရင်း သချိုင်းအတွင်းမှ တည်ငြိမ်စွာ ထွက်လာခဲ့တော့၏။

www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂၉)

ည က တိတ်ဆိတ်မှောင်မည်း ငြိမ်သက်နေသည်။ ကံကြီးကုန်းရွာမှ အဂ္ဂတဲအတွင်းမှာတော့ မီးရောင်လင်းနေသည်။ အဂ္ဂ အနားမယူနိုင်သေး၊ တပည့်ဖြစ်သူ မွေးသရဲ အချိန်တန်သော်လည်း ပြန်ရောက်မလာသဖြင့် စိတ်ပူနေ၏။ နံ့သာ ဘာများစွမ်းလို့ ဒီလောက်ကြာနေရတာလဲဟုတွေးရင်း မွေးသရဲကို ထပ်မံပံ့ပိုးကူညီပေးနိုင်ရန် အင်းတစ်ချပ် ထုတ်ယူလိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင် ချိုးချိုးချွတ်ချွတ်အသံဖျတ္တ ကြားလိုက်ရသည်။ အဂ္ဂ အပြင်သို့ လှမ်းကြည့်လိုက်၏။ တစုံတယောက် ဖြတ်သွားသလို မျိုး စပါးလင်ပင်တန်းတွေ လှုပ်ခတ်သွားတာ မြင်ရသဖြင့် အဂ္ဂ စိတ်အေးသွား၏။

"ငါ့ကောင် ပြန်လာပြီပဲ တော်သေးတာပေါ့"

သို့သော် အဂ္ဂ အထင်နှင့်အမြင် ပါစင်အောင် လွဲသွား၏။ ရောက်လာတာက တပည့်မဟုတ်ဘဲ နံ့သာဖြစ်နေ၏။ သက်တမ်းနုဝိညာဉ်က သူ့တဲထဲအထိဝင်လာပြီဖြစ်၍ အဂ္ဂ အနည်းငယ် စိုးရိမ်သွား၏။ လွယ်အိတ်ထဲမှ တစ္ဆေခြေချုပ်မန်းကွင်းကို အလောတကြီး ရှာဖွေနေရသည်။

နံ့သာက ဟားတိုက်ရယ်မောရင်း ညာလက်ဝါးနှင့် လေထုကို တွန်းထုတ်လိုက်၏။ ထိုလေအရှိန်က ဖယောင်းတိုင် ထွန်းထားသော အစိမ်းသေမပေါင်ရိုးကို တွန်းလှဲလိုက်သလို ဖြစ်သွားလေသည်။ ချက်ချင်းဆိုသလိုပင် ကြမ်းခင်းကို မီးစွဲလောင်တော့သည်။ အဂ္ဂမှာ ဝိညာဉ်နှင့်ဖို့နေနေသာသာ အိမ်မီးမလောင်အောင် အရင်ကြိုးစားနေရ၏။ သို့နေရောက် ရှုပ်ပွနေသဖြင့် မီးက ဟိုပစ္စည်းဒီပစ္စည်းတွေကို ကူးစက်လောင်ကျွမ်းပြီး မနိုင်မနင်း ဖြစ်လာသည်။

သရဲတွေမွေးပြီး လိုသလိုခိုင်းစေနိုင်သည့် အဂ္ဂ မီးကိုမနိုင်တော့ဘဲ အိမ်ပြင်သို့ ထွက်ပြေးရတော့၏။ နံ့သာလည်း သဘောကျစွာ ရယ်မောရင်း နောက်မှလိုက်သွားသည်။ သို့သော် နံ့သာဘာမှထပ်မလုပ်ရသေးခင်မှာပင် ဆရာအဂ္ဂလည်ပင်းကို ဆုပ်ကိုင်ရင်း အော်ဟစ်နေ၏။ သေချာကြည့်လိုက်တော့ အခြား ဝိညာဉ်တစ်ခုက ဆရာအဂ္ဂအား ဆံပင်ရှည်ကြီးနှင့် ရစ်ပတ်ချုပ် နှောင်ထား



www.burmeseclassic.com

www.burmeseclassic.com



တာ မြင်တွေ့ရသည်။ ထိုဝိညာဉ်က ခေါင်းကို ငုံ့ရမ်းပြီး ခါထုတ်လိုက်ရာ ဆရာအဂ္ဂ ချောင်းထဲသို့ ဝုန်းခနဲ ပြုတ်ကျသွား၏။

နံ့သာလည်း ထိုအဖြစ်ကို တအံ့တသြ ငေးကြည့်နေမိသည်။ သူ့ဘက်က ဝင်ကူကာ အောက်လမ်းဆရာကို နှိမ်နင်းနေတာက လည်း အမျိုးသမီး ဝိညာဉ်တစ်ခု ဖြစ်နေသည်။ ချောင်းရေထဲမှာ ကူးခတ်ပြီး လွတ်လမ်းရှာနေသည့် ဆရာအဂ္ဂကို ထိုဝိညာဉ်က အလွတ်မပေး၊ ဆံနွယ်များကို လိုသလိုစေခိုင်းကာ အဂ္ဂပါးစပ်ထဲ ဆံပင်များ ထိုးသွင်းလိုက်ပြန်သည်။ အလွန်ရှည်လျားသည့် ဆံပင်တွေ ဗိုက်ထဲတိုးဝင်လာသည်မို့ ဆရာအဂ္ဂမှာ လွန်စွာခံရခက်ပြီး အော်ဟစ်ညည်းညူကာ ဗိုက်ကိုနှိပ်နေရသည်။

ထိုသို့ အားရအောင်နှိပ်စက်ပြီးမှ အဂ္ဂကို ဆံပင်များနှင့် ရစ်ပတ်ပြီး ရေအောက်သို့ ဆွဲခေါ်သွား၏။ ဝေဒနာမျိုးစုံအပြင် ရေမွန်းသည့်အဖြစ်ကိုပါ ကြုံရသည့်အဂ္ဂ ဘာဂါထာကိုမှ မရွတ်နိုင်တော့ဘဲ သေပွဲဝင်သွားရှာသည်။

အောက်လမ်းဆရာ သေသွားပြီမို့ နံ့သာလည်း ကိုယ့်ပိုင်နက်ကို ပြန်လာခဲ့၏။ သူ့ဘက်က ကူညီခဲ့သော ဝိညာဉ်အား မတွေ့ရတော့။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၀)

ဇင်ဝါ့ကို စိတ်ငြိမ်ဆေး အိပ်ဆေးတွေတိုက်ပြီး နားခိုင်းထားရသည်။ အကြောက်တရားတွေ နောင်တတရားတွေ လောင်မြိုက်ပြီး ကပေါက်တီကပေါက်ချာစကားတွေ ပြောပြောနေ၍ စောင့်ကြည့်ရသည့် အခြေအနေ ရောက်နေပြီ ဖြစ်၏။ ညဆယ့်တစ်နာရီကျော်သည့်တိုင် ဦးမြတ်ခိုင် မအိပ်နိုင်သေး၊ မေ့စက်အနားယူနေသည့် သမီး၏မျက်နှာလေးကို ဂရုဏာသက်စွာ ကြည့်နေခိုက် ဖုန်း



www.burmeseclassic.com

www.burmeseclassic.com



မြည်လာ၏။

ခိုင်ဝါ နိုးသွားမှာစိုး၍ အိမ်ရှေ့ထွက်ကာ ဦးမြတ်ခိုင် ဖုန်းပြောသည်။ အလွန်နွားပါပြီး အအိပ်ဆတ်သော မင်းခန့် နိုးသွားကာ ခြင်ထောင်ထဲမှ ထွက်လာ၏။ ဖုန်းက ဘုရားကုန်းရဲကင်းမှ တာဝန်ကျ ရဲက လှမ်းဆက်တာဖြစ်ပြီး ဖားရိုက်ထွက်သည့် မိန်းကလေးနှစ်ယောက် ပျောက်သွားကြောင်း တိုင်ချက်လာဖွင့်၍ သတင်းလှမ်းပို့ခြင်းဖြစ်၏။

အခြေအနေအရ မင်းခန့်ပဲ လိုက်သွားရတော့မည်မို့ အကြောင်းထူးပါက ဖုန်းဆက်မည်ဟုမှာပြီး မင်းခန့် လှေဖြင့်ထွက်ခဲ့ရပြန်သည်။ ဦးတည်ရာက ဘုရားကုန်းသို့ဖြစ်၏။ ဆယ်မိနစ်လောက်လှော်ခတ်လာပြီးနောက် အပြင်းမောင်းလာသော ပဲ့ထောင်တစ်စင်းကို လှမ်းမြင်၍ ကမ်းကပ်ကာ ရှောင်ထားလိုက်၏။ ညကြီးအချိန်မတော် အရှိန်ကုန်မောင်းသွားသောပဲ့ထောင်က မသင်္ကာစရာကောင်းနေသည်။ လူ လေးငါးခြောက်ယောက် ပါသွားတာလည်း လှမ်းမြင်ရသည်မို့ ဘယ်ကိုသွားကြတာလဲဆိုတာ သိချင်လာ၏။

သို့နှင့် လှေကိုပြန်လှည့်ပြီး ပဲ့ထောင်နောက်သို့လိုက်လာခဲ့သည်။ ထိုပဲ့ထောင်က ဝင်းနိုင်တို့အိမ်ဘက်သို့ မောင်းသွားတာ လှမ်းမြင်ရ၏။ ဝင်းနိုင်တို့ ပဲ့ထောင်ပဲဖြစ်နေမလား မသိ၊ ကွဲကွဲပြားပြားသိရအောင် မင်းခန့် ဆက်လှော်လာခဲ့သည်။ ဆယ်မိနစ်လောက် လှော်လာခဲ့ပြီးနောက် ဝင်းနိုင်တို့လှေဆိပ်သို့ ရောက်လာသည်။ သူတို့အိမ်ထဲမှာ မီးလင်းနေတာတွေ့၏။ အိမ်ရှေ့ဘက် လမ်းမတန်းမှာ အအေးခန်းကုန်တင်ကား နှစ်စီးရပ်ထားတာလည်း တွေ့နေရသည်။ မင်းခန့်လှေကို ပဲ့ထောင်နှင့်ကပ်၍ ရပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပွဲထောင်နောက်မှီးမှ အင်ဂျင်ကိုစမ်းကြည့်တော့ ပူနေသေးတာ သိရသဖြင့် စောစောက ဖြတ်မောင်းသွားသည့် ပွဲထောင်ပဲဖြစ်ကြောင်း သေချာသွားပြီ၊ မင်းခန့် ပုန်လျှိုးကွယ်လျှိုးနှင့် အသာအယာချဉ်းကပ်လာခဲ့၏။ အမှောင်ထုထဲပုန်းရင်း မီးရောင်ရှိရာ လှမ်းကြည့်လိုက်ရာ၊ သတိမေ့နေဟန်တူသည့် မိန်းကလေးနှစ်ယောက်ကို သယ်မပြီး အအေးခန်းကားပေါ် တင်နေတာ မြင်လိုက်ရ၏။ ကောင်းဆက်နှင့် ဝင်းနိုင်တို့က ငယ်သားများကို ကြီးကြပ်ညွှန်ကြားနေသည်။

ဒီနယ်တဝိုက်မှာ သောင်းကျန်းနေသည့် လူကုန်ကူးအဖွဲ့ကို ခြေရာခံနိုင်ပြီဖြစ်၍ မင်းခန့်အားတက်သွား၏။ အချိန်က သိပ်မရတော့သည်မို့ လှေဆိပ်ဘက် ပြန်ပြေးလာရင်း ဦးမြတ်ခိုင်ထံ ဆက်သွယ်ကာ ညွှန်ကြားရသည်။ ကျေးရွာဥက္ကဋ္ဌနှင့်အဖွဲ့ကိုခေါ်ပြီး ခုချက်ချင်း ဝင်းနိုင်တို့ အိမ်သို့လိုက်လာရန်နှင့်၊ လူကုန်ကူးမှု တရားခံမှာ ဝင်းနိုင်နှင့် ကောင်းဆက်ဖြစ်ကြောင်း သတင်းပေးလိုက်၏။

"ဟိုကောင်မတွေကို စောင်ထူထူခြုံပေးထားလိုက်ဦး ရန်ကုန်မရောက်ခင် မသာပေါ်နေဦးမယ် မြန်မြန်လုပ်ကြ"

"ဟုတ်ကဲ့ အာစရိ"

မင်းခန့် စောင့်ကြည့်နေစဉ်မှာပင် ကားကထွက်တော့မှာဖြစ်၏။ ဦးမြတ်ခိုင်တို့အဖွဲ့ ရောက်မလာခင် လက်ပူးလက်ကြပ်ဖမ်းမိဖို့ဆိုလျှင် အခုပဲ လှုပ်ရှားရတော့မှာဖြစ်ကြောင်း မင်းခန့် ကောင်းကောင်းသိ၏။ သူတို့အဖွဲ့ လူအင်အားက ခုနစ်ယောက်လောက်ရှိသည်။ အင်အားမမျှသော်လည်း အချိန်မီအုပ်စီးနိုင်အောင် မင်းခန့်အရဲစွန့်ကာ ဝင်းနိုင်တို့ အိမ်ထဲဝင်လာခဲ့၏။ မင်းခန့်အား တွေ့သွားသည့် ကောင်းဆက်က. .



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် မင်း ဘာလာလုပ်တာလဲ"

"မင်းတို့ ကားပေါ် ဘာတွေတင်ပြီး သယ်သွားကြမလို့လဲဆိုတာ သိချင်လို့ လာကြည့်တာ"

"အဲဒါ မင်းအလုပ်လား"

မင်းခန့် စကားပြောရင်းလျှောက်လာခဲ့ရာ အအေးခန်းကားနားသို့ ရောက်လာ၏။ အခြေအနေကို ထိမ်းသိမ်းလို၍ ဝင်းနိုင်ရှေ့ထွက်လာသည်။

"ထုံးစံအတိုင်း ရန်ကုန်ကို ငါးပို့မလို့ ငါးကန်တွေ တင်နေတာလေ ခင်ဗျားလေ့လာချင်ရင် နောက်မှလာခဲ့ အခုအချိန်မရလို့"

"ငါးတွေကို စောင်ခြုံပေးစရာလိုလို့လား စောစောက စောင်တွေယူပြီး ကားပေါ် တစ်ယောက်တက်သွားတာ မြင်လိုက်တယ် "

ထိုစကားကြောင့် ဝင်းနိုင် မျက်နှာပျက်သွား၏။ သို့သော်ပါးနပ်သူ ပီပီရယ်မောရင်း. .

"ခင်ဗျား တော်တော် ဟာသပြောတဲ့လူပဲ ခင်ဗျားအိပ်ချင်မူးတူးနဲ့ အမြင်မှားတာ ဖြစ်မှာပါ ရေထဲမှာနေတဲ့ငါးက စောင်ခြုံစရာလိုသလားဗျာ"

"ဟုတ်လား ဒါဆို တက်ကြည့်လိုက်မယ်လေ"

အခြေအနေက ရုတ်ချည်းတင်းမာသွား၏။ ရှောင်မရတော့သည်မို့ ရင်ဆိုင်ရန်အတွက် သူ့လူတွေအကုန် မင်းခန့်အား ဝိုင်းထားလိုက်ကြ၏။

"ကဲ ဒီကောင့်ကိုပါ နှုတ်ပိတ်ရေခဲရိုက်ပြီး ဆင်မလိုက် ပို့ရအောင်ဟေ့"

ကောင်းဆက် အမိန့်သံအဆုံးမှာ တပည့်များက မင်းခန့်



www.burmeseclassic.com

www.burmeseclassic.com



အား ဝိုင်းဝန်းထိုးကြိတ်ကြတော့၏။ လက်နက်မပါဘဲ တိုက်ခိုက်တာ လောက်ကတော့ မင်းခန့်အတွက် ထမင်းစားရေသောက်လောက် သာဖြစ်သည်။ ခုခံတိုက်ခိုက်ရင်း တစ်ယောက်ပြီးတစ်ယောက် လှဲ သိပ်လိုက်ရ၏။ မင်းခန့်လက်သံကို မြည်းစမ်းဘူးထားသည့် ကောင်း ဆက်နှင့် ဝင်းနိုင်တို့ ဝါးရင်းတုတ်များ သံတုတ်များရှာဖွေကာ သူ့ လူတွေဆီ လှမ်းပေးကြသည်။ လက်နက်ပါလာပြီမို့ မင်းခန့် သတိ ထား ရင်ဆိုင်နေရ၏။

ဦးမြတ်ခိုင်တို့ အဖွဲ့ကလည်းရောက်မလာသေး. . .

"ဖုန်း" "အုန်း" "ခွမ်း" "ခွပ်"

တစ်ယောက်ချင်း တိုက်ခိုက်လျှင် မလွယ်မှန်းသိ၍ လေး ယောက်လောက်ပြိုင်ပြီး ဝိုင်းရိုက်ကြ၏။ ထို့အတွက် မင်းခန့်မရှောင် နိုင်တော့ဘဲ သုံးချက်တစ်ချက်ဆိုသလို အရိုက်ခံနေရပြီး အထိနာ လာ၏။ ဦးမြတ်ခိုင်တို့ အမြန်ရောက်လာပါစေဟု ဆုတောင်းရုံမှအပ အခြားနည်းလမ်း မရှိတော့။ တချီတွင်. . ကျောကုန်းနှင့်ဇက်ပိုးကို တပြိုင်တည်း အရိုက်ခံလိုက်ရသဖြင့် မင်းခန့် ပစ်လဲပြုတ်ကျသွား၏။ မင်းခန့် လဲနေစဉ် သံတုတ်နှင့် တစ်ယောက်ပြေးဝင်လာပြီး ပွဲသိမ်း ရိုက်ချက်ရိုက်ရန် စီးမိုးပြီး ချိန်ရွယ်ထားသည်။

မင်းခန့် ဘုရားတနေစဉ်မှာပင် ထိုလူနောက်သို့လွင့်ထွက် သွား၏။ ကုသိုလ်ကံဖေးမခိုက် မင်းခန့်လူးလဲထကာ အသင့်ပြင်ထား လိုက်၏။ ခြံထဲ ဝုန်းဒိုင်းကျဲ ဆူညံနေသည်မို့ ကျော်စိုးနှင့် ဒေါ်ရွက်ဝါ ဆင်းလာကြပြန်သည်။

"သား ဆူညံနေတာပဲ ဘာတွေဖြစ်နေတာလဲ"

"ခြံထဲ သူခိုးဝင်လို့ အမေ"



www.burmeseclassic.com

www.burmeseclassic.com



လှမ်းမေးတာကို အဆင်ပြေသလိုဖြေရင်း မင်းခန့်အား အပြတ်ရှင်းဖို့ ဝိုင်းလာကြပြန်သည်။ သို့သော် မမြင်ရသည့် စွမ်းအား တစ်ခုက ဝင်ရောက်တိုက်ခိုက်သလို တစ်ယောက်ပြီးတစ်ယောက် ညည်းညူအော်ဟစ်ရင်း လဲကျသွားသည်။ ကောင်းဆက်တို့ အထိတ်တလန့် ဖြစ်သွားကြ၏။

"ဘာလဲဟ ဘာတွေ ဖြစ်ကုန်တာလဲ၊ သရဲ . . သရဲ . . အဲဒါ သရဲဝင်ကူနေတာ"

မင်းခန့်အား ဘယ်သူမှ မထိရဲတော့ . . .

"ဟား . . ဟား . . ဟား . . ဟား"

ထိုစဉ် အသည်းထိတ်စရာ ရယ်သံကြီး ကြားလိုက်ရသဖြင့် ဟိုကြည့်ဒီကြည့်နှင့် ယောက်ယက်ခတ်နေကြစဉ် နံ့သာက ကိုယ်ထင်ပြလာသည်။

"ဟင် . . နံ့သာ"

"ဟာ . . သရဲ . . သရဲ"

အားလုံးကြောက်လန့်ပြီး ဝရုန်းသုန်းကား ထွက်ပြေးကြ၏။ သို့သော် ဘယ်သူမှမလွတ် နံ့သာ၏ လက်ချက်နှင့် အတုံးအရုံး လဲကျကုန်သည်။ ဝင်းနိုင် တစ်ယောက်သာ မတ်မတ်ရပ်ကျန်နေ၏။ သူလည်း တစ်ကိုယ်လုံး တုန်ရီကာ နံ့သာအား ရှိခိုးဦးတင် တောင်းပန်တော့သည်။

"နံ့သာရယ် ငါ့ကိုခွင့်လွှတ်ပါ ငါတောင်းပန်ပါတယ်"

"ခွင့်လွှတ်ရမယ် . . ဟုတ်လား၊ နင့်ကြောင့် ငါသေခဲ့ရသည် ခိုင်ဝါလည်း နင်ဖျက်ဆီးတာခံရလို့ ရူးမလိုဖြစ်နေပြီ၊ နင့်ကို သတ်ရရင် မကျေနပ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



နံ့သာက ပြောပြောဆိုဆိုပင် လေထဲမြောလွင့်ရောက်လာပြီး ဝင်းနိုင်၏ လည်မျိုကိုညှစ်ကာ ကိုင်မြှောက်လိုက်သည်။ ဝင်းနိုင်လေထဲနှစ်ပေလောက် မြောက်တက်သွားကာ ယက်ကန်ယက် ကန်ဖြစ်နေ၏။ ဝိညာဉ်လာရှင်းပြမှပဲ နံ့သာဘယ်လိုသေသွားရသလဲဆိုတာ မင်းခန့်၊ ကျော်စိုးနှင့် ဒေါ်ရွှက်ဝါတို့ သိသွားကြသည်။

သားသမီးဆိုတော့လည်း အပြစ်မမြင်နိုင်ဘဲ ကယ်တင်ရန်ကျော်စိုးတို့လင်မယား နံ့သာထံပြေးဝင်ကာ တွန်းထိုးရိုက်ပုတ်ကြလေတော့၏။ သို့သော် အရာမထင်. .

ကြာတော့ မိဘတွေ ခြေကုန်လက်ပမ်းကျလာသလို ဝင်းနိုင်လည်း သေငယ်ဇောနှင့် မျောနေခဲ့ပြီ။ ထိုအချိန်တွင် ဦးမြတ်ခိုင်ကျေးရွာဥက္ကဋ္ဌနှင့်အဖွဲ့တို့ ရောက်လာကြသလို နှင်းမောင်၊ ဘသံဒိုင်နှင့် အနီးအနားမှလူတွေလည်း ရောက်လာကြ၏။ အဖြစ်အပျက်ကိုလှမ်းမြင်လိုက်သော ဘသံဒိုင်က. .

“သမီး တော်တော့လေ လက်စားချေတာတွေ ရပ်လိုက်ပါတော့ သံသရာ မဆုံးနိုင်ဖြစ်နေလိမ့်မယ်”

ဘသံဒိုင်ကို ကြောက်၍လားမသိ၊ နံ့သာ ရုတ်တရက် ကွယ်ပျောက်သွားသည်။ ထိုအခိုက် မင်းခန့်က အအေးခန်းကားပေါ် ပြေးတက်လိုက်၏။ ငါးကန်များကို တွန်းဖယ်၍ ရှာကြည့်ရာ စောင်နှင့်ထုပ်ထားသော မိန်းကလေးနှစ်ယောက်ကို တွေ့ရသည်။ အကူအညီခေါ်၍ မိန်းကလေးနှစ်ယောက်ကို ကားပေါ်မှ သယ်ချကြရသည်။ မင်းခန့်က လူအုပ်ကြီးအား. . .

“ကျွန်တော် သာပေါင်းရဲ့စခန်းက ဒုလုံခြုံရေးမှူးမင်းခန့်ပါ။ လူကုန်ကူးမှုတွေ အရေးယူဖို့ ဒီရွာကို ချော့သည်တစ်ယောက်အနေ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ အသွင်ယူပြီးရောက်နေတာပါ။ အခု အားလုံးမြင်တဲ့အတိုင်းပဲ ရန်ကုန်ပို့မယ့် အအေးခန်းငါးကားပေါ်က ဘုရားကုန်းရွာသူနှစ်ယောက်ကို ကယ်လိုက်နိုင်ပါပြီ"

မင်းခန့် ရှင်းပြနေစဉ် ကျော်စိုး ထလာကာ သောင်းကျန်းတော့၏။

"မင်း မဟုတ်တာတွေ လျှောက်ပြောမနေနဲ့ ငါ့သား အဲဒီယောက် မယူတ်မာဘူးကွ"

"ဟုတ်ချင်ဟုတ်ပါလိမ့်မယ် ဒါပေမဲ့ အခု လက်ပူးလက်ကြပ်မိတဲ့ကိစ္စ ဘယ်လိုရှင်းမလဲ"

"ဒါ မတရားအမှုဆင်တာလေ အသိသာကြီးပဲဟာ"

ကျော်စိုးက လေသံမာမာနှင့် ငြင်းကွယ်ပြောဆိုနေ၍ အားလုံး ဇဝေဇဝါဖြစ်သွားကြသည်။ ထိုအခိုက် အိမ်နီးချင်းမိန်းမတစ်ယောက် ရုတ်တရက်ပင် တစ်ကိုယ်လုံး တုန်ရီလာကာ မျက်ဖြူဆိုက်ကာ လဲကျသွား၏။ အရေးထဲအရာပေါ်လာသဖြင့် အမျိုးသမီးနှစ်ယောက် ကူညီရန် ပြေးသွားစဉ် လဲကျနေသည့် အမျိုးသမီး ဝုန်းခနဲ ထရပ်လိုက်သည်။ မျက်လုံးပြူးမျက်ထောင့်နီကြီးဖြင့် ကျော်စိုး အားခါးထောက်ကြည့်ပြီး ရန်တွေ့တော့၏။

"ဟဲ့ . ကျော်စိုး နင်က ဘူးကွယ်ခံငြင်းချင်သေးတယ်ပေါ့ နင်တို့သားအဖတွေ အတူတူပဲ . ။ ငါ ရှင်မိုးပဲဟေ့ . ။ နင်က ငါ့ကို အုပ်စုဖွဲ့ မုဒိမ်းကျင့်သတ်ပြီး ချောင်းထဲပစ်ချခဲ့သလို နင့်သားက ခိုင်ဝါနဲ့ပေါင်းပြီး ငါ့သမီးကို ခိုးယူပေါင်းသင်းဖို့ ဆေးခတ်ကြံစည်ခဲ့တဲ့အတွက် ငါ့သမီးလေး မသေသင့်ဘဲ သေခဲ့ရတာ နင်ငြင်းချင်သေးသလား"

ရှင်မိုးဝိညာဉ်က မိန်းမတစ်ယောက်ကို ဝင်ပူးကာ အဖြစ်မှန်



www.burmeseclassic.com

www.burmeseclassic.com



တွေ ဇာတ်စုံခင်းပြနေရာ ကျော်စိုးတို့သားအဖ မငြင်းနိုင်တော့သလို သူတို့ ယုတ်မာပုံကို လူတွေ သိကုန်တော့၏။ ဘယ်လိုမှ ဖုံးကွယ်လို့ မရတော့သဖြင့် ကျော်စိုး ကိုယ်လွတ်ရုန်းထွက်ပြေးတော့သည်။ သို့သော် ရှင်မိုးက သူပူးဝင်ခဲ့သည့် မိန်းမ ကိုယ်ထဲမှ ရုတ်တရက် ထွက်လာကာ သူ၏ဆံပင်ရှည်ကြီးနှင့် ကျော်စိုးကို ရစ်ပတ်ဖမ်းယူပြီး မြေကြီးနှင့် တဝုန်းဝုန်း ကိုင်ဆောင့်လိုက်တော့၏။

ကံကောင်းလို့ အသက်မသေသေးသော ဝင်းနိုင် ဖအေကို ကယ်ရန် ပြေးဝင်လာသည်။ ဝင်းနိုင်လိုရာသို့မရောက်၊ သူ့ရှေ့မှာ လည်း ဝိညာဉ်နံ့သာပေါ်လာကာ တားဆီးထား၏။ ဝိုင်းနေသည့် လူအုပ်ကြီးမှာလည်း သရဲတွေထွက်လာ၍ ကြောက်ရမည့်အစား စပ်စုချင်စိတ်နှင့် ပေကတ်ပြီး ရပ်ကြည့်နေကြသည်။ ဒေါ်ရွှက်ဝါမှာ တော့ လင်နှင့်သားကို သရဲတွေ အပြစ်ပေးဆုံးမနေတာ ကြည့်ရင်း တက်မလို ချက်မလို ဖြစ်နေလေ၏။

“ဝင်းနိုင် ရပ်ရွာမှာမရှိသင့်တဲ့ နင်လိုကောင်ကို ဒီနေ့ မိုက် ဇာတ်သိမ်းပေးမယ်”

“မလုပ်. . မလုပ်. . နံ့သာ ငါတောင်း”

ဝင်းနိုင် စကားဆုံးအောင် ပြောခွင့်မရလိုက်. . ကြက်လည် လိမ်သလို ဇာတ်လည်သွားကာ ဗိုင်းခနဲ ပစ်လဲသွားလေသည်။ မြင် တွေ့နေရသူအားလုံး ထိုအဖြစ်ကြောင့် ကြက်သေ သေနေကြသည်။ လူနှင့်ဝိညာဉ်ဆိုတော့ ကြာကြာတောင့် မခံနိုင်တော့၊ ကျော်စိုးလည်း အောက်သံတိတ်ကာ အသက်ပျောက်သွားတော့၏။ နံ့သာက ရှင်မိုးထံ တိုးကပ်သွားကာ. . .

“အောက်လမ်းဆရာကို ဆုံးမတုန်းက ဝင်ကူညီလို့ ကျေးဇူးတင်နေ



www.burmeseclassic.com

www.burmeseclassic.com



တာ အဲဒီဝိညာဉ်က သမီးရဲ့မေမေဖြစ်နေတာကိုး"

ဝိညာဉ်နှစ်ခု၏ ဇာတ်ပေါင်းခန်းကိုကြည့်ပြီး အားလုံး မျက်ရည်ဝိုင်းနေကြ၏။ နှင်းမောင်လည်း တသိမ့်သိမ့်ရှိုက်ငိုနေရှာသည်။ ဘသံဒိုင်ရှေ့သို့ တိုးထွက်လာရင်း. . .

"ကဲ. . ရှင်မိုးနဲ့ နံ့သာ သမီးတို့ဆန္ဒအတိုင်း လက်စားချေတာတွေလည်း လုပ်ပြီးကြပြီဆိုတော့ ဆိုင်ရာဆိုင်ရာ ဘုံဘဝကို သွားကြပါတော့ ဒေါသမောဟနဲ့ အာဃာတတွေကို ခဝါချပြီး ဘဝကူးကြပါတော့"

ဘသံဒိုင်၏ စကားကို နာခံသည့် အနေနှင့်ဝိညာဉ်များက ခေါင်းညိတ်ပြသည်။ ဘသံဒိုင်အား လက်အုပ်ချီ ဂါရဝပြုရင်း တဖြည်းဖြည်း မှုန်ဝါးကာ ပျောက်ကွယ်သွားတော့၏။ မင်းခန့်လည်း မျက်ရည်စို့စွာနှင့် နှုတ်ဆက်သည်။

"ကောင်းရာ သုဂတိလားပါစေ နံ့သာရယ်၊ သွားတော့နော်"

"ရှင်မိုး နံ့သာနှင့်တကွ မကျွတ်လွတ်သေးသည့် တမလွန်လောကသားအပေါင်းတို့အား ပြုခဲ့သမျှ ကုသိုလ်အစုစုကို ရည်စူးဒါနအဖြစ် ရည်မှန်းလှူဒါန်းပါတယ်၊ အားလုံးကြားကြားသမျှ အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့. . သာဓု သာဓု သာဓု "

ဘသံဒိုင် တိုင်တည်ပေးသဖြင့် အားလုံးက သာဓု ဝိုင်းခေါ်ကြ၏။ ပရသားတို့ကိစ္စ ပြီးပြတ်သွားတော့ လောကီသားတို့ကိစ္စ ဆက်ရပြန်သည်။ အသက်ရှင်ကျန်နေသေးသည့် ကောင်းဆက်နှင့် တပည့်နှစ်ယောက်အား လူကုန်ကူးမှုနှင့် ဖမ်းဆီးလိုက်ကြ၏။

ထိုအချိန်တွင် ထဘီမနိုင် ပဝါမနိုင်နှင့် ပြေးဝင်လာသည်က ခိုင်ဝါသာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ကရတွေ အော်ဟစ်ပြောဆိုရင်း ငိုလိုက် ရယ်လိုက် လုပ်နေသည်မို့ ဦးမြတ်ခိုင်က ချော့မော့ကာ အိမ်သို့ပြန်ခေါ်သွားရသည်။ တွေးကြည့်လျှင်တော့ တရားကျစရာတွေချည်းသာဖြစ်၏။ သေသူရှင်သူ အဖမ်းခံရသူနှင့် စိတ်ဖေါက်ပြန်သွားသူတွေကို ကြည့်ရင်း မင်းခန့် လောကကြီးကို အတော်စိတ်ကုန်သွားသည်။

ဒီတစ်ခေါက်အမှုမှာ ပရလောကသားတွေ အကူအညီကို ရခဲ့တာကတော့ မှတ်တမ်းတင်ရမည့် အကြောင်းတရားတစ်ခုပင်ဖြစ်၏။ ထန်းစင်လှရွာလေးမှာ မင်းခန့် အချစ်ကို ရှာဖွေတွေ့ရှိခဲ့ရသလို ထိုအချစ်ကို လက်လွှတ်ဆုံးရှုံးခဲ့ရသည်။

ထိုချစ်သူကို တမလွန်ရောက်မှ ပြန်တွေ့ခွင့်ရခဲ့သလို ချစ်သူဝိညာဉ်၏ အကူအညီနှင့်ပင် အမှုကြီးတစ်ခုကို ဖေါ်ထုတ်နိုင်ခဲ့သည်။ ထို့အတွက် မင်းခန့်မှာ နှံ့သာကို ကျေးဇူးအထူးတင်မိ၏။ ထိုကျေးဇူးကိုဆပ်ဖို့အတွက်ကတော့ နှံ့သာအတွက် ရည်စူးကုသိုလ်ပြုကာ အမျှဝေပေးရုံမှတစ်ပါး အခြားမရှိတော့. . . . .။ ။

BURMESE CLASSIC



www.burmeseclassic.com